ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်၊ စနေနေ့။ Saturday, 3 January 2026 ၁၂၀၅၁

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထား မြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ အသိပေးထုတ်ပြန်ကြေညာခြင်း

၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့၌ စတင်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်တွင်း ပြည်ပရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် နိုင်ငံသားတစ်ဦး၏ အခွင့်အရေးဖြစ်သည့် မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးအတွက် ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။

၂။ ရွေးကောက်ပွဲကျင်းပချိန်တွင် သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၇ နှင့် နည်းဥပဒေပါ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စုအစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပသို့ ရောက်ရှိနေကြသည့် မဲဆန္ဒရှင်များ၏ ကြိုတင်မဲပေးခြင်းကို သတ်မှတ်ရက်အတွင်း သက်ဆိုင်ရာ မြန်မာသံရုံး၊ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးအသီးသီးက ဆောင်ရွက်ခဲ့ကြပါသည်။ ယင်းမဲပေးပြီးသည့် ကြိုတင်ဆန္ဒမဲများကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသို့ ပေးပို့ခဲ့ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ဆက်လက်ပေးပို့ခဲ့ပါသည်။ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက နိုင်ငံရေးပါတီများကို ဖိတ်ကြား၍ ကော်မရှင်ကသတ်မှတ်ပေးသည့် နေ့ရက်ဖြစ်သည့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများနှင့် အများပြည်သူတို့ ရှေ့မှောက်တွင် ကြိုတင်ဆန္ဒမဲစာအိတ်များကို ဖွင့်ဖောက်၍ ပွင့်လင်းမြင်သာစွာရေတွက်ခဲ့ကြပါသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ကြိုတင်ဆန္ဒမဲအရေအတွက်ကို ပုံစံ(၁၇) နှင့် ပုံစံ(၁၇-၁)တို့တွင် ဖြည့်သွင်း၍ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် အသိသက်သေများ၊ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက စိစစ်ပြီး မှန်ကန်ကြောင်း လက်မှတ်ရေးထိုး၍ အများပြည်သူကြည့်ရှုနိုင်ရန် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာပေးခဲ့ပါသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆

**ယနေ့ ဖတ်စရာ**

**ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် အမည်စာရင်းကြေညာ**
စာမျက်နှာ » ၄

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အဖြစ် အမည်စာရင်းကြေညာ**
စာမျက်နှာ » ၅

**ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါလျက်ရှိသည့် တရုတ်နိုင်ငံပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးရေးတက္ကသိုလ်**
ဆောင်းပါး စာမျက်နှာ » ၁၀

**(၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှအားကစားနည်း ၁၁ နည်း ဝင်ရောက်ယှဉ်ပြိုင်မည်**
စာမျက်နှာ » ၂၀



ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် MSME ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

## ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် MSME ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂

၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် MSME ဈေးရောင်းပွဲတော်နှင့် တေးဂီတဖျော်ဖြေပွဲဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

# မိမိဒေသ၊ မိမိနိုင်ငံနှင့် လူမျိုးအကျိုးကို ဒီမိုကရေစီနည်းလမ်းဖြင့်ဆောင်ရွက်

၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ကိုလိုနီနယ်ချဲ့တို့က မြန်မာတစ်ပြည်လုံးကို ဗြိတိသျှအင်ပါယာ၏ လက်အောက်ခံနိုင်ငံအဖြစ် သတ်မှတ်ကြေညာခဲ့သည်မှာ ယခုအခါ နှစ်ပေါင်း ၁၄၀ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ တိုင်းတစ်ပါးလက်အောက် ကျွန်သပေါက်ဘဝမှ ပြန်လည်လွတ်မြောက်အောင် တစည်းတလုံးတည်း ကြိုးပမ်းအားထုတ်မှုကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့သည်မှာ ယခုအခါ နှစ်ပေါင်း ၇၈ နှစ်ရှိပြီဖြစ်သည်။ ဘိုးဘွားဘီဘင်များ အသက်သွေးချွေးပေါင်းမြောက်မြားစွာ ပေးဆပ်ပြီးမှရရှိခဲ့သော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ခေတ်အဆက်ဆက်မျိုးဆက်များက ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။

လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို တိုင်းရင်းသားပြည်သူအားလုံး တစည်းတလုံးတည်း သက်စွန့်ကြိုးပမ်းရယူခဲ့သော်လည်း လွတ်လပ်ရေးရပြီး သုံးလအကြာတွင် ယုံကြည်ချက်၊ ခံယူချက်မတူကွဲပြားမှုကြောင့် တိုင်းရင်းသားလူမျိုးအချင်းချင်း စိတ်ဝမ်းကွဲပြားပြီး လက်နက်ကိုင်ပဋိပက္ခများ ပေါ်ပေါက်လာသည်မှာ ယခုအခါ နှစ်ပေါင်း ၇၀ ကျော်၊ ၈၀ နီးပါးတိုင်ရှိခဲ့ပြီဖြစ်သည်။ ပြည်တွင်းပဋိပက္ခများကြောင့် မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်သောနိုင်ငံဖြစ်သော်ငြားလည်း လွတ်လပ်ရေးအသီးအပွင့်များကို တန်းတူညီမျှခံစားခွင့်မရရှိနိုင်သည်မှာ ဝမ်းနည်းစရာဖြစ်သည်။ ကမ္ဘာပေါ်တွင် လက်နက်ကိုင်ပဋိပက္ခများ သက်တမ်းအရှည်ကြာဆုံးနိုင်ငံအဖြစ် ရပ်တည်နေရသည်မှာ စိတ်မကောင်းစရာဖြစ်သည်။

မူလက နိုင်ငံရေး၊ လူမျိုးရေးအစွဲများကြောင့် လက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်ခဲ့သော်လည်း မျက်မှောက်ကာလတွင် ကိုယ်ကျိုးစီးပွားအတ္တများကို အကြောင်းခံပြီး လက်နက်ကိုင်ပဋိပက္ခများ ဖန်တီးနေသည်ကို တိုင်းရင်းသားပြည်သူအားလုံး သတိပြုသင့်ပေသည်။ နိုင်ငံရေးအရမကျေနပ်မှုများကို ရိုက်သွင်းပေးပြီး မျိုးဆက်များအား ပဋိပက္ခလမ်းကြောင်းပေါ်ကို တင်ပေးနေသည်မှာ မိမိနိုင်ငံ၊ မိမိလူမျိုးကို ဖျက်ဆီးနေခြင်းဖြစ်သည်။ တော်လှန်ရေးနှင့် လက်နက်ကိုင်တိုက်ခိုက်မှုကို မသဲကွဲအောင်ဖန်တီးနေသည်မှာ ရည်ရွယ်ချက်ရှိရှိ တိုင်းပြည်ကိုဖျက်ဆီးနေခြင်းပင်ဖြစ်သည်။ တော်လှန်ရေးဆိုသည်မှာ တိုင်းတစ်ပါးကျူးကျော်မှုကိုလက်မခံဘဲ တွန်းလှန်တိုက်ခိုက်ခြင်းဖြစ်သည်။ မိမိလူမျိုးအချင်းချင်း နိုင်ငံတော်ကိုတာဝန်ယူဆောင်ရွက်နေခြင်းကို တိုက်ခိုက်သည်မှာ ဆန့်ကျင်ပုန်ကန်ခြင်းသာဖြစ်သည်။

အမှန်တကယ်တွင် မကျေနပ်မှုများ၊ လိုအပ်ချက်များကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းလျှင် တစ်နေ့နေ့တစ်ချိန်ချိန်တွင် ရရှိနိုင်ပေသည်။ လက်နက်ကိုင်နည်းလမ်းဖြင့် ဖြေရှင်းနေလျှင် မည်သည့်အချိန်အခါမှ အဖြေမရရှိနိုင်ဘဲ တိုင်းပြည်နှင့်လူမျိုးသာ ထိခိုက်ပျက်စီးဆုံးရှုံးပြီး တိုင်းပြည်အောက်ကျနောက်ကျဖြစ်နေသည်ကို ပကတိအခြေအနေများအရ ထင်ရှားစွာတွေ့မြင်နိုင်သည်။ တပ်မတော်သည် သမိုင်းစဉ်တစ်လျှောက် အစဉ်အလာကောင်းများနှင့် တည်ဆောက်ထားသည့် တစ်ခုတည်းသောအဖွဲ့အစည်းဖြစ်သည်။ ဒွိတာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ပြည်တွင်း/ပြည်ပရန်စွယ်အန္တရာယ်မှန်သမျှ တိုက်ဖျက်ချေမှုန်းလျက်ရှိသည်။ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထာဝစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိသည်။

မည်သည့်အခါမျှအောင်မြင်မှုမရနိုင်သော လက်နက်ကိုင်အကြမ်းဖက်နည်းလမ်းဖြင့် တိုင်းပြည်နှင့်လူမျိုးအကျိုးကို ဆုတ်ယုတ်စေသောလမ်းစဉ်ကို အဆုံးသတ်ရန်အချိန်ကျရောက်နေပြီဖြစ်သည်။ မြန်မာနိုင်ငံသည် ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်လျက်ရှိသည်။ ယခုအခါ ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပလျက်ရှိသည်။ အထွေထွေရွေးကောက်ပွဲမှပေါ်ထွက်လာမည့် လွှတ်တော်နိုင်ငံရေးအခင်းအကျင်းဖြင့် မိမိဒေသအကျိုး၊ မိမိနိုင်ငံအကျိုးကို အကောင်အထည်ဖော်နိုင်မည့် ဒီမိုကရေစီလှိုဘောင်သစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးလိုလားသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နေသည်။ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် အားလုံးပါဝင်ဆောင်ရွက်ခြင်းဖြင့် မိမိတို့လိုလားသည့်ပန်းတိုင်ကို တက်လှမ်းနိုင်သည်။

သို့ဖြစ်ရာ ရာစုနှစ်တစ်ခုနီးပါးတိုင် ရှည်လျားလာပြီဖြစ်သည့် လက်နက်ကိုင်အကြမ်းဖက်နည်းလမ်းဖြင့် နိုင်ငံတော်ကိုဆန့်ကျင်တိုက်ခိုက်မှုများ အဆုံးသတ်သင့်ပြီဖြစ်သည်။ မိမိဒေသ၊ မိမိနိုင်ငံနှင့် မိမိလူမျိုးကို ထိခိုက်ပျက်စီးစေသည့် လက်နက်ကိုင်အကြမ်းဖက်နည်းလမ်းကို ရပ်တန့်ပြီး နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်းဖြင့် အဖြေရှာကြရမည်ဖြစ်ရာ ပြည်သူတစ်ရပ်လုံးပါဝင်ဆောင်ရွက်နေသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်အောင်ဆောင်ရွက်ပြီး ပေါ်ပေါက်လာမည့် ဒီမိုကရေစီနိုင်ငံတော်သစ်တွင် ဒေသအကျိုး၊ နိုင်ငံအကျိုး၊ လူမျိုးအကျိုးကို ငြိမ်းချမ်းသောနည်းဖြင့် ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကိုအခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၀ ကျပ်တန် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ်နှစ်မျိုး ရောင်းချပေးမည်

နေပြည်တော် ဇန်နဝါရီ ၂




ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ **“(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်”** ၂၀၀ ကျပ်တန် အထူးထုတ်စာပို့တံဆိပ်ခေါင်းသစ်နှစ်မျိုးအား **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ (၄) ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၂) ရက် (တနင်္ဂနွေနေ့) နံနက်(၉)နာရီခွဲမှ** စတင်၍ နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးနှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့်မန္တလေးစာတိုက်ကြီးတို့တွင် **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၄ ရက် (တနင်္ဂနွေနေ့)** ၌ ဝယ်ယူသောစာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးသွားမည်ဖြစ်သည်။ **သတင်းစဉ်**

## မင်းဘူး(စကု)မြို့နယ်၌ လျှပ်စစ်မီးအန္တရာယ်ကင်းဝေးစေရေး အသိပညာပေးဆောင်ရွက်

မင်းဘူး ဇန်နဝါရီ ၂

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ကျေးလက်နေ



ပြည်သူများ လျှပ်စစ်မီးအန္တရာယ်ကင်းဝေးစေရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ယမန်နေ့နံနက်ပိုင်းက ကျောက်စံကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်သည်။

**လက်ကမ်းစာစောင်**

ထိုသို့ဆောင်ရွက်ရာတွင် စကုမြို့ လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများက ကျောက်စံကျေးရွာအတွင်း၌ မီးတင်းနေထိုင်လျက်ရှိသော ကျေးလက်နေပြည်သူများအနေဖြင့် ကျေးရွာအတွင်း လျှပ်စစ်မီးလိုင်းများ ရယူသုံးစွဲရာတွင် လျှပ်စစ်မီးကြိုး၊ မီးခလုတ်၊ မိန်းခုံနှင့် လျှပ်စစ်ဘရေကာများ စနစ်တကျ သွယ်တန်းတပ်ဆင်အသုံးပြုရေး၊ လူတို့၏ပေါ့ဆမှုလျှပ်စစ်မီးကြောင့် မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေး တစ်အိမ်တက်ဆင်း အသိပညာပေးရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများအား လျှပ်စစ်အန္တရာယ် သတိပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

## ၂-၁-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၆၀၀၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **ခေတ္တ စာတည်းမှူး** | - အေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

**တိုင်းသူပြည်သား လူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လိုတယ်။ မလိုတဲ့သူတွေက ဘယ်လိုတိုက်တိုက်၊ ရှို့ရှို့၊ စစ၊ မိမိတို့ အဓိကပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။**

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ ည ၇ နာရီ၊ မိနစ် ၄၀ အချိန်တွင် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



# ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပထမဆုံးအမျိုးသမီးဝန်ကြီးချုပ် ဘေဂမ်ခါလီဒါဇီယာ ကွယ်လွန်သည့်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအစိုးရကိုယ်စား ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

**ရန်ကုန် ဇန်နဝါရီ ၂**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပထမဆုံးအမျိုးသမီးဝန်ကြီးချုပ် ဘေဂမ်ခါလီဒါ ဇီယာသည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ကွယ်လွန်သွားသည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အစိုးရကိုယ်စား နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းသည် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် သံလွင်လမ်း အမှတ်(၁၁)(ဘီ) မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံရုံးရှိဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်၌ ယနေ့သွားရောက်လက်မှတ်ရေးထိုးသည်။

**လက်မှတ်ရေးထိုး**

ဦးစွာပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံရုံးမှ သံအမတ်ကြီးနှင့် တာဝန်ရှိသူများအား သံရုံးညွှန့်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပထမဆုံးအမျိုးသမီးဝန်ကြီးချုပ် ဘေဂမ်ခါလီဒါဇီယာ ကွယ်လွန်သွားခဲ့ခြင်းအပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအစိုးရကိုယ်စား ဝမ်းနည်းမိပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရ၊ ပြည်သူနှင့် မစ္စ ဘေဂမ်ခါလီဒါဇီယာ၏ မိသားစုဝင်များကို စာနာထောက်ထားပါကြောင်း သတင်းစကားပြောကြားပြီး ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပထမဆုံးအမျိုးသမီးဝန်ကြီးချုပ် ဘေဂမ်ခါလီဒါဇီယာသည် ၂၀၀၃ ခုနှစ် မတ် ၁၉ ရက်မှ ၂၁ ရက်အထိ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့သူဖြစ်ပြီး သူကွယ်လွန်ချိန်တွင် အသက် ၈၀ ရှိပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



*** ရန်ကုန်မြို့မှ**




အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ UMFCCI နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ စက်မှုဇုန်အသီးသီးမှ တာဝန်ရှိသူများ၊ စက်မှုလုပ်ငန်းရှင်များ၊ MSME လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများနှင့်တိုင်းရင်းသား တိုင်းရင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးဦးမျိုးမြင့်အောင်က နှုတ်ခွန်းဆက် အမှာစကား ပြောကြားပြီး (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် MSME ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲကို တိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီး ဦးဗိုလ်ငွေး၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်နှင့် စက်မှုဇုန်များမှ ဥက္ကဋ္ဌများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ကရင်တိုင်းရင်းသားရိုးရာအကအဖွဲ့၊ ရှမ်းတိုင်းရင်းသားရိုးရာအကအဖွဲ့၊ ဘင်ခရာအဖွဲ့များ၊ ပန်းဖွားအဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ MSME ဈေးဆိုင်ခန်းများကို လှည့်လည် ကြည့်ရှုအားပေးကြသည်။ (အပေါ်ပုံ)

ယနေ့ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် MSME ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော်ကို ဇန်နဝါရီ ၁ ရက်မှ ၄ ရက်အထိ နေ့စဉ်နံနက် ၈ နာရီမှ ည ၁၀ နာရီအထိ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ဈေးရောင်းပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ စက်မှုဇုန်များ၊ MSME လုပ်ငန်းရှင်များ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ ကျောင်းသားလူငယ်များ စာဖတ်ရှိန်မြင့်မားစေရေး အတွက် စာအုပ် အရောင်းဆိုင်များနှင့် စားသောက်ဆိုင်ခန်းများ အပါအဝင် ဆိုင်ခန်းပေါင်း ၃၅၀ ကျော် ပါဝင်ပြသရောင်းချလျက်ရှိသည်။

ထို့ပြင် ပွဲတော်ရက်များအတွင်း MSME လုပ်ငန်းရှင်များအတွက် နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးလျက်ရှိသော အခြေအနေများကို သိရှိနိုင်စေရန် စကားဝိုင်းဆွေးနွေးပွဲ အစီအစဉ်အဖြစ် နည်းပညာနှင့် ချေးငွေရရှိရေးဆိုင်ရာ စကားဝိုင်း၊ အများပြည်သူများ မိသားစုအလိုက် ဈေးပွဲတော်အတွင်း လာရောက်ပါဝင်ဆင်နွှဲနိုင်စေရန် ရုပ်ရှင်၊ သဘင်နှင့် ဂီတနယ်ပယ်မှ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများ၊ လွတ်လပ်ရေးနေ့တွင် မီးပုံးပျံလွှတ်တင်မည့် အစီအစဉ်နှင့် မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်း အစီအစဉ်တို့ ပါဝင်သည့်အပြင် ပွဲတော်လာ ပြည်သူများအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် အလှူရှင်များက စေတနာဒါနကျွေးမွေးကြမည်ဖြစ်ပြီး သွားလာရေးအဆင်ပြေလွယ်ကူစေရန် YBS ယာဉ်များဖြင့် အကြို/အပို့ စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**ဇော်မင်းလတ်၊ ကျော်ကြီး – MNA**

## (၇၈)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၈) ကွန်ကရစ်လမ်းဖွင့်ပွဲကျင်းပ

**တောင်သာ ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်သာမြို့ အမှတ်(၄) ရပ်ကွက် အမှတ်(၈) ကွန်ကရစ်လမ်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဟန်သူရက အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဟန်သူရ၊ အဖွဲ့ဝင် ဗိုလ်မှူးဖေယျကျော်စွာ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကျော်ဇာလင်း၊ မြို့နယ်စီမံကိန်းရေးဆွဲရေး ဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်ငွေးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးချမ်းငြိမ်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ အမှတ်(၈) ကွန်ကရစ်လမ်းအရှည် ပေ ၂၀၀၊ အကျယ် ၁၂ ပေ၊ ဒုခြောက်လက်မအထူ လမ်းခင်းခြင်းလုပ်ငန်းများကို ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် စည်ပင်သာယာရေးအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**

☆ ရှေ့ဖုံးမှ

၃။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၅ (က) နှင့် နည်းဥပဒေပါ လုပ်ထုံးလုပ်နည်းများနှင့်အညီ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ ရောက်ရှိနေသော မဲဆန္ဒရှင်များဖြစ်သည့် တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များ၊ ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံတက်ရောက်နေရသော အတွင်းလူနာများ ကြိုတင်ဆန္ဒမဲပေးခြင်းကို သက်ဆိုင်ရာ ဌာနအကြီးအမှူးများက စီစဉ်ပေးသည့်နေရာတွင်လည်းကောင်း၊ ယာယီနေရပ်စွန့်ခွာနေရသူ မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းကို ယင်းတို့ရောက်ရှိရာဒေသ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင်လည်းကောင်း ကော်မရှင်ကသတ်မှတ်ပေးသည့် နေ့ရက်အတွင်း စနစ်တကျ ဆန္ဒမဲပေးခဲ့ကြပြီး ယင်းသို့ဆန္ဒပြုထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်များပါရှိသည့် စာအိတ်များကို သက်ဆိုင်ရာမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ပြန်လည်ပေးပို့ခဲ့ပါသည်။ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများက နိုင်ငံရေးပါတီများကို ဖိတ်ကြား၍ ရွေးကောက်ပွဲမကျင်းပမီ ၂ ရက်အလို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့ ညနေ ၄ နာရီမတိုင်မီရောက်ရှိလာသော ကြိုတင်ဆန္ဒမဲလက်မှတ်ပါစာအိတ်များကို ဖွင့်ဖောက်၍ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများနှင့် အများပြည်သူတို့ရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာရေတွက်ခဲ့ကြပါသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ကြိုတင်ဆန္ဒမဲအရေအတွက်ကို ပုံစံ (၁၇-က) နှင့် ပုံစံ {၁၇(က-၁)} တို့တွင် ဖြည့်သွင်း၍ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် အသိသက်သေများ၊ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကစိစစ်ပြီး မှန်ကန်ကြောင်း လက်မှတ်ရေးထိုး၍ အများပြည်သူကြည့်ရှုနိုင်ရန် သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာပေးခဲ့ပြီးဖြစ်ပါသည်။

၄။ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင်မဲရုံသို့ ကိုယ်တိုင်မလာရောက်နိုင်သည့် အနာကြီးရောဂါစွဲကပ်နေသူ၊ ရောဂါဝေဒနာ ပြင်းထန်စွာခံစားနေရသူ၊ အိုမင်းမစွမ်းသူ၊ သားဖွားနေသူ၊ ရဲအချုပ်စခန်း၊ အကျဉ်းစခန်းများတွင် အချုပ်ခံနေရသူ၊ ဆေးရုံတွင် အတွင်းလူနာအဖြစ် ဆေးဝါးကုသမှု ခံယူနေရသူများနှင့် မဲစာရင်းပါရှိရာဒေသမှ ကျော်လွန်ကာ ယာယီတာဝန် သွားရောက်ထမ်းဆောင်ရမည့် နိုင်ငံ့ဝန်ထမ်း၊ တပ်မတော်သားနှင့် ရဲတပ်ဖွဲ့ဝင်များသည် သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ကော်မရှင်ကသတ်မှတ်သည့် ၁၈-၁၂-၂၀၂၅ ရက်နေ့မှ ၂၇-၁၂-၂၀၂၅ ရက်နေ့အထိ ကြိုတင်ဆန္ဒမဲပေးနိုင်ရန် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှတစ်ဆင့် မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ အကြောင်းကြားခဲ့ပါသည်။ သက်ဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများက နိုင်ငံရေးပါတီများသို့လည်း ဆက်လက်အသိပေးအကြောင်းကြားခဲ့ပါသည်။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၆၃ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င) တို့နှင့်အညီ ရပ်ကွက်နှင့် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများက မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းအား စနစ်တကျ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ယင်းကြိုတင်ဆန္ဒမဲလက်မှတ်များပါရှိသည့် မဲပုံးများကို ကြိုတင်ဆန္ဒမဲပေးသူစာရင်း ပုံစံ (၁၃-က) များနှင့်အတူ ရွေးကောက်ပွဲကျင်းပသည့်နေ့ ၂၈-၁၂-၂၀၂၅ ရက်နေ့ နံနက် ၀၆:၀၀ နာရီ မဲရုံမဖွင့်မီ သက်ဆိုင်ရာ မဲရုံမှူးများထံသို့ နည်းဥပဒေ ၆၃ (စ) နှင့်အညီ စနစ်တကျအပ်နှံခဲ့ကြပါသည်။ မဲရုံပိတ်ချိန်တွင် မဲရုံမှူးက မဲဆန္ဒရှင်များ မဲပေးစက်ဖြင့် ဆန္ဒမဲပေးထားသည့် ဆန္ဒမဲရလဒ်စာရင်းကို မဲပေးစက်မှ ထုတ်ယူပြီးနောက် ကြိုတင်ဆန္ဒမဲများကို ရေတွက်ခဲ့ပါသည်။ ထို့နောက် မဲရုံမှူးသည် မဲပေးစက်ဖြင့် မဲပေးထားသည့် ဆန္ဒမဲအရေအတွက်နှင့် ကြိုတင်ဆန္ဒမဲစာရင်းများကိုစုစည်း၍ ပုံစံ (၁၇-ခ) နှင့် ပုံစံ {၁၇(ခ-၁)} တို့တွင် ရေးသွင်းပြီး ဆန္ဒမဲရလဒ်စာရင်းများကို သက်ဆိုင်ရာ မဲရုံအသီးသီးတွင် ကပ်ထားကြေညာခဲ့ပြီးဖြစ်ပါသည်။

၅။ သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် မိမိလက်ဝယ်ရှိ ပုံစံ (၁၇-က) နှင့် ပုံစံ {၁၇(က-၁)} ပါ ကြိုတင်ဆန္ဒမဲရလဒ်စာရင်းများနှင့် မဲရုံအသီးသီးကရရှိသည့်ပုံစံ (၁၇-ခ) နှင့် ပုံစံ {၁၇(ခ-၁)} တို့ကိုစုစည်း၍ မြို့နယ်ဆန္ဒမဲရလဒ်စာရင်း ပုံစံ (၁၈) နှင့် ပုံစံ (၁၈-၁) တို့တွင် စနစ်တကျ ရေးသွင်းခဲ့ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် မိမိလက်ဝယ်ရှိ ပုံစံ (၁၇) နှင့် ပုံစံ (၁၇-၁) ပါ ကြိုတင်ဆန္ဒမဲစာရင်းနှင့် မြို့နယ်အသီးသီးက ပေးပို့လာသည့် ပုံစံ (၁၈) နှင့် ပုံစံ (၁၈-၁) ပါ ဆန္ဒမဲစာရင်းများကို စုစည်း၍ သက်ဆိုင်ရာမဲဆန္ဒနယ်အလိုက် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ဆန္ဒမဲစာရင်းများကို ပုံစံ (၁၉) နှင့် ပုံစံ (၁၉-၁) တို့တွင် ရေးသွင်းခဲ့ပါသည်။ အဆိုပါဆန္ဒမဲစာရင်းပုံစံများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် အသိသက်သေများ၊ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကစိစစ်ပြီး မှန်ကန်ကြောင်းလက်မှတ်ရေးထိုး၍ အများပြည်သူကြည့်ရှုနိုင်ရန် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာပေးခဲ့ပြီးဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများနှင့် မဲရုံမှူးများသည် ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် ကြိုတင်ဆန္ဒမဲများ ရေတွက်ခြင်း၊ ဆန္ဒမဲစာရင်းများ ပြုစုခြင်းနှင့် ကပ်ထားကြေညာခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများနှင့် အများပြည်သူတို့အား ဖိတ်ကြား၍ ပွင့်လင်းမြင်သာစွာဖြင့် တိကျမှန်ကန်စွာ ဆောင်ရွက်ခဲ့ကြပြီး ရရှိသည့်ဆန္ဒမဲစာရင်းများကို အများပြည်သူ သိရှိနိုင်ရန် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါကြောင်း အသိပေးထုတ်ပြန်ကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် ( ၁ / ၂၀၂၆ )**

၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၅ ရက်
၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အမည်စာရင်းကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတို့က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၁ ( က ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များ၏ လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကချင်ပြည်နယ်** | | | | |
| (၁) | ဦးရယ်ဒမ်းတန် | ၁/မကန(နိုင်)၀၃၆၈၇၀ | နောင်မွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂) | ဦးကွမ်ဆန်း | ၁/မစန(နိုင်)၀၁၂၄၂၅ | မံစီ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃) | ဦးကျော်ဝင်း | ၁/ရကန(နိုင်)၀၀၆၆၄၃ | ရွှေကူ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | | |
| (၄) | ဦးဝေလင်းထွန်း | ၅/မကန(နိုင်)၀၄၆၆၆၈ | မင်းကင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅) | ဦးစိုးပိုင် | ၅/ဝသန(နိုင်)၀၄၀၈၁၁ | ဝန်းသို | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆) | ဦးမြင့်စိုးဆင့် | ၅/မလန(နိုင်)၀၃၀၃၂၆ | မော်လိုက် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၇) | ဦးညဏ်ထွန်း | ၁၂/ဒဂန(နိုင်)၀၁၀၉၇၄ | ကနီ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၈) | ဦးစောမောင် | ၅/ဆလက(နိုင်)၀၄၀၂၀၁ | ဆားလင်းကြီး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၉) | ဦးစိုးတင့်အောင် | ၅/ရဥန(နိုင်)၀၀၈၈၅၉ | ရေဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး** | | | | |
| (၁၀) | ဦးမင်းနိုင် | ၆/ပလန(နိုင်)၀၄၉၆၄၈ | ရေဖြူ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၁) | ဦးတင့်လွင် | ၆/ထဝန(နိုင်)၀၆၄၀၅၀ | လောင်းလုံး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **မကွေးတိုင်းဒေသကြီး** | | | | |
| (၁၂) | ဒေါ်အိဖြူလွင် | ၈/ဂဂန(နိုင်)၀၆၆၄၁၂ | ဂန့်ဂေါ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **ရှမ်းပြည်နယ်** | | | | |
| (၁၃) | ဦးရန်ကျော် | ၁၃/လရန(နိုင်)၀၂၉၃၇၉ | မက်မန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၄) | ဒေါ်ရီရီလှိုင် | ၁၃/ဖခန(နိုင်)၀၁၉၁၂၉ | ဖယ်ခုံ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၅) | ဦးစိုင်းထွန်းလင်း | ၁၃/ကခန(နိုင်)၀၀၁၈၁၆ | မိုးနဲ | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |

**( ပုံ ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ကော့မှူးမြို့နယ်တွင် ဒို့အတူတူမဲပေးကြမယ်လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ကော့မှူး ဇန်နဝါရီ ၂**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသက်(၁၈) နှစ်ပြည့်ပြီး ပြည်သူများအားလုံးပါဝင်နိုင်ရေး၊ နိုင်ငံသားတိုင်းမဲပေးပိုင်ခွင့် အခွင့်အရေးပြည့်ဝစွာရရှိစေရေး၊ မဲပေးခြင်းသည်နိုင်ငံသားများက အမျိုးသားရေးတာဝန်ထမ်းဆောင်ခြင်းဖြစ်ကြောင်း ပြည်သူများအား အသိပညာပေးလှုံ့ဆော်သည့် “ဒို့အတူတူမဲပေးကြမယ်” လက်ကမ်းစာစောင်များကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ်အတွင်း ဖြတ်သန်းသွားလာသော ကားများ၊ ဆိုက်ကားများ၊ ဆိုင်ကယ်ဘေးတွဲများပေါ်တွင် လိုက်ပါလာသော ခရီးသွားပြည်သူများနှင့် မဲဆန္ဒရှင်ပြည်သူများထံအရောက် လိုက်လံဖြန့်ဝေပေးနေကြကြောင်း သိရသည်။

အဆိုပါ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေမှုကို တွံတေးခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုမျိုးထိုက်နှင့်အဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ မဲဆန္ဒရှင်ပြည်သူများ လက်ဝယ်အရောက် လိုက်လံဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၂ / ၂၀၂၆ )**
၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၅ ရက်
၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် အမည်စာရင်းကြေညာခြင်း**

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့မှ စတင်၍ အပိုင်းလိုက်ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲက အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၁(က)နှင့်အညီ ထုတ်ပြန်ကြေညာချက်အရ အောက်ဖော်ပြပါပုဂ္ဂိုလ်သည် ရှမ်းပြည်နယ်၊ အမျိုးသားလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၁) ၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ကြေညာလိုက်သည်–

| အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | ကိုယ်စားလှယ် အမှတ် | ကိုယ်စားပြုပါတီ |
|---|---|---|---|
| ဦးအမ်ဇော်လတ် | ၁၃/ကတန(နိုင်)၀၈၇၃၅၆ | အမှတ် ( ၁ ) | “၀” အမျိုးသားပါတီ |

**( ပုံ ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၃ / ၂၀၂၆ )**
၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၅ ရက်
၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် အမည်စာရင်းကြေညာခြင်း**

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတို့က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၁(က)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ်ပြည်နယ်လွှတ်တော် ( မဲအများဆုံးရသူအနိုင်ယူစနစ် ) မဲဆန္ဒနယ်များ၏ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည် –

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကချင်ပြည်နယ်** | | | | |
| (၁) | ဦးအောင်နိုင် | ၁/ရကန(နိုင်)၀၀၄၃၀၅ | ရွှေကူမြို့နယ် ကိုယ်စားလှယ် အမှတ် (၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | | |
| (၂) | ဦးထိန်မင်း | ၅/ဝသန(နိုင်)၀၁၄၅၇၀ | ဝန်းသိုမြို့နယ် ကိုယ်စားလှယ် အမှတ် (၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃) | ဦးခင်မောင်လွင် | ၅/တမန(နိုင်)၀၀၃၆၂၁ | တမူးမြို့နယ် ကိုယ်စားလှယ် အမှတ် (၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄) | ဦးအောင်မင်းကျော်သူ | ၅/ဘတလ(နိုင်)၀၅၄၈၁၆ | ဘုတလင်မြို့နယ် ကိုယ်စားလှယ် အမှတ် (၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅) | ဒေါ်စန္ဒာသိန်း | ၅/မလန(နိုင်)၀၀၀၅၁၄ | မော်လိုက်မြို့နယ် ကိုယ်စားလှယ် အမှတ် (၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆) | ဦးထွန်းလွင် | ၅/ကနန(နိုင်)၀၄၉၂၄၀ | ကနီမြို့နယ် ကိုယ်စားလှယ် အမှတ် (၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၇) | ဦးအောင်ဇော်ဦး | ၅/ဆလက(နိုင်)၀၄၅၁၇၀ | ဆားလင်းကြီးမြို့နယ် ကိုယ်စားလှယ် အမှတ် (၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၈) | ဦးရဲမိုးနိုင် | ၅/ရဥန(နိုင်)၀၇၅၉၈၁ | ရေဦးမြို့နယ် ကိုယ်စားလှယ် အမှတ် (၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး** | | | | |
| ( ၉ ) | ဦးခင်မောင်မြင့် | ၆/သရခ(နိုင်)၀၁၀၂၉၉ | ရေဖြူမြို့နယ် ကိုယ်စားလှယ် အမှတ် (၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၀) | ဦးအောင်မျိုးထွန်း | ၆/ထဝန(နိုင်)၀၉၅၂၄၉ | သရက်ချောင်းမြို့နယ် ကိုယ်စားလှယ် အမှတ် (၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **မကွေးတိုင်းဒေသကြီး** | | | | |
| (၁၁) | ဦးဇော်ထွန်းဦး | ၈/ဂဂန(နိုင်)၀၉၉၆၁၈ | ဂန့်ဂေါမြို့နယ် ကိုယ်စားလှယ် အမှတ် (၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **ရှမ်းပြည်နယ်** | | | | |
| (၁၂) | ဦးမြင့်ဝင်း | ၁၃/နမတ(နိုင်)၀၀၃၂၈၉ | ကျောက်မဲမြို့နယ် ကိုယ်စားလှယ် အမှတ် (၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၃) | ဦးကိန်မိုင် | ၁၃/မဆတ(နိုင်)၀၂၁၇၁၆ | ကချင်တိုင်းရင်းသား လူမျိုးမဲဆန္ဒနယ် | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၄) | ဦးထွန်းအောင် | ၁၃/ကတန(နိုင်)၀၆၃၁၃၅ | အာခါတိုင်းရင်းသား လူမျိုးမဲဆန္ဒနယ် | အာခါအမျိုးသားဖွံ့ဖြိုး တိုးတက်ရေးပါတီ |
| (၁၅) | ဒေါ်အေးချိုစိန် | ၁၃/ဖခန(နိုင်)၀၀၀၀၁၅ | ကယန်း(ခ)ပဒေါင် တိုင်းရင်းသား လူမျိုးမဲဆန္ဒနယ် | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |

**( ပုံ ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၄ / ၂၀၂၆ )**
၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၅ ရက်
( ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက် )

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း**

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများက ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉ ( ခ ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၏ လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် –

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ပြည်ထောင်စုနယ်မြေ** | | | | |
| ( ၁ ) | ဦးခင်ရီ | ၁၃/ဖခန(နိုင်)၀၂၉၃၀၄ | ဇေယျာသီရိ | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၂ ) | ဦးလှဆွေ | ၈/ဂဂန(နိုင်)၀၈၅၉၉၆ | ပုဗ္ဗသီရိ | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၃ ) | ဦးမောင်မြင့် | ၇/ရတရ(နိုင်)၀၇၉၇၈၄ | ဇမ္ဗူသီရိ | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၄ ) | ဦးခင်မောင်ဌေး | ၉/ပမန(နိုင်)၀၁၃၉၈၂ | ပျဉ်းမနား | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |

စာမျက်နှာ ၆ သို့ ☆

☆ စာမျက်နှာ ၅ မှ

( ၅ ) ဦးမြတ်ဟိန်း ၁၂/မဂဒ(နိုင်)၀၁၇၄၅၅ ဒဂုံဆိပ်ကမ်းသီရိ ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
( ၆ ) ဦးဝင်းဌွေး ၉/စကတ(နိုင်)၀၀၁၀၇၈ လယ်ဝေး ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
( ၇ ) ဦးမောင်မောင်အုန်း ၈/ပခက(နိုင်)၁၆၇၆၈၀ တပ်ကုန်း ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
( ၈ ) ဦးတင်အောင်စန်း ၁၂/လမန(နိုင်)၀၈၉၄၈၉ ဥတ္တရသီရိ ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ

**ကချင်ပြည်နယ်**

( ၉ ) ဦးမြင့်ကို ၁/တနန(နိုင်)၀၀၀၈၀၆ တနိုင်း ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၁၀) ဦးဆင်ဆုန်း ၁/ပတအ(နိုင်)၀၀၈၉၈၅ ခေါင်လန်ဖူး ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၁၁) ဦးရားနီ ၁/ပတအ(နိုင်)၀၀၅၀၆၃ ပူတာအို ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၁၂) ဦးစိုးဝင်း ၁/မညန(နိုင်)၀၀၀၁၇၀ မိုးညှင်း ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၁၃) ဦးညွန့်ဝင်း ၁/မကန(နိုင်)၀၃၇၅၂၂ မြစ်ကြီးနား ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ

**ကယားပြည်နယ်**

(၁၄) ဦးအေးမောင် ၂/ဘလခ(နိုင်)၀၀၀၄၁၆ ဘောလခဲ ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၁၅) ဦးမောင်ရွှေ ၂/လကန(နိုင်)၀၁၁၄၈၈ လွိုင်ကော် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ

**ကရင်ပြည်နယ်**

(၁၆) ဦးသက်နိုင်ဦး ၃/လဘန(နိုင်)၀၀၀၇၅၃ ဘားအံ ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၁၇) ဦးခင်မောင်ချင်း ၁၂/ဥကမ(နိုင်)၂၀၉၀၁၃ မြဝတီ ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၁၈) ဦးစောဟေသားကြီး ၃/သတန(နိုင်)၀၀၁၆၂၉ သံတောင်ကြီး ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ

**ချင်းပြည်နယ်**

(၁၉) ဦးဆလိုင်းအောင်ပြည့် ၁၃/တကန(နိုင်)၁၄၀၉၈၃ တီးတိန် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၂၀) ဦးဗန်နီ ၄/ထတလ(နိုင်)၀၀၀၁၄၈ ဟားခါး ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ

**မွန်ပြည်နယ်**

(၂၁) ဦးစိုးလှ ၁၀/ကထန(နိုင်)၀၀၇၀၉၂ ကျိုက်ထို ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၂၂) ဦးမျိုးမြင့် ၁၂/ပဘတ(နိုင်)၀၁၂၈၈၄ ကျိုက်မရော ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၂၃) ဦးစိုးသူ ၁၀/ကမရ(နိုင်)၁၃၁၃၇၅ ချောင်းဆုံ မွန်ညီညွတ်ရေးပါတီ
(၂၄) ဒေါ်ဥမ္မာဌွေး ၁၀/မလမ(နိုင်)၀၀၁၁၇၇ မော်လမြိုင် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၂၅) ဦးကျော်မြင့် ၁၀/သထန(နိုင်)၀၂၁၈၆၆ သထုံ ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ပြည်ထောင်စုနယ်မြေ | | | | | | |
| ၁ | ဇေယျာသီရိမြို့နယ် | | | ၅၈၇၄၆ | ၉၉၃၅ | ၆၈၆၈၁ | |
| | | ဦးခင်ရီ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၉၅၈၄ | ၉၄၂၂ | ၄၉၀၀၆ | ၇၁.၃၅% |
| | | ဒေါ်ခင်မျိုးနွယ် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၇၄၃ | ၁၄၄ | ၄၈၈၇ | ၇.၁၂% |
| | | ဦးကျော်ရဲနိုင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၇၄၆ | ၁၃၉ | ၄၈၈၅ | ၇.၁၁% |
| | | ဦးပိုင်ပိုင် | ပြည်သူ့ပါတီ | ၃၇၆၄ | ၇၉ | ၃၈၂၃ | ၅.၅၇% |
| | | ဦးဇော်မျိုးခန့် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၁၈၆ | ၁၁၂ | ၃၂၉၈ | ၄.၈၀% |
| | | ဒေါ်အေးသန္တာ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၇၄၃ | ၃၉ | ၂၇၈၂ | ၄.၀၅% |
| ၂ | ပုဗ္ဗသီရိမြို့နယ် | | | ၆၄၇၉၇ | ၁၁၃၈၁ | ၇၆၁၇၈ | |
| | | ဦးလှဆွေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၅၂၇၅ | ၉၄၇၁ | ၄၄၇၄၆ | ၅၈.၇၄% |
| | | ဦးဇင်ဝိုင်း | ပြည်သူ့ပါတီ | ၇၅၈၂ | ၃၄၉ | ၇၉၃၁ | ၁၀.၄၁% |
| | | ဦးစိုင်းမောင်မောင်ဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၃၇၂ | ၅၄၄ | ၆၉၁၆ | ၉.၀၈% |
| | | ဦးသန်းမြတ်စိုး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၂၃၉ | ၃၉၅ | ၅၆၃၄ | ၇.၄၀% |
| | | ဒေါက်တာခင်စန္ဒီမြင့် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၀၇၈ | ၂၆၇ | ၄၃၄၅ | ၅.၇၀% |
| | | ဒေါ်ဆုမြတ်စန္ဒာ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၄၂၉ | ၂၂၄ | ၃၆၅၃ | ၄.၇၉% |
| | | ဦးမောင်မောင်လှိုင် | တစ်သီးပုဂ္ဂလ | ၂၈၂၂ | ၁၃၁ | ၂၉၅၃ | ၃.၈၈% |
| ၃ | ဇမ္ဗူသီရိမြို့နယ် | | | ၄၂၃၇၇ | ၇၄၀၄ | ၄၉၇၈၁ | |
| | | ဦးမောင်မြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၃၆၁၇ | ၅၂၅၀ | ၂၈၈၆၇ | ၅၇.၉၉% |
| | | ဒေါက်တာအောင်မျိုး | တစ်သီးပုဂ္ဂလ | ၅၁၉၉ | ၈၁၂ | ၆၀၁၁ | ၁၂.၀၇% |
| | | ဒေါ်ရီရီဝင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၉၉၂ | ၃၈၁ | ၃၃၇၃ | ၆.၇၈% |
| | | ဦးကိုငယ် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၉၉၂ | ၂၅၆ | ၃၂၄၈ | ၆.၅၂% |
| | | ဦးဇော်မိုင်း | ပြည်သူ့ပါတီ | ၂၅၀၈ | ၁၇၇ | ၂၆၈၅ | ၅.၃၉% |
| | | ဦးသောင်းထိုက် | တစ်သီးပုဂ္ဂလ | ၂၀၉၇ | ၁၉၃ | ၂၂၉၀ | ၄.၆၀% |
| | | ဒေါ်အိသန္တာချို | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၅၈၉ | ၁၈၂ | ၁၇၇၁ | ၃.၅၆% |
| | | ဦးဇော်လွင်ဦး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၃၈၃ | ၁၅၃ | ၁၅၃၆ | ၃.၀၉% |

စာမျက်နှာ ၇ သို့ ■

■ စာမျက်နှာ ၆ မှ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၄ | ပျဉ်းမနားမြို့နယ် | | | ၇၁၅၁၇ | ၈၃၀၁ | ၇၉၈၁၈ | |
| | | ဦးခင်မောင်ဌေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၁၈၁၇ | ၅၈၅၄ | ၃၇၆၇၁ | ၄၇.၂၀% |
| | | ဒေါ်သီသီနိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၈၆၄၅ | ၆၀၁ | ၉၂၄၆ | ၁၁.၅၈% |
| | | ဦးဝင်းဌေးဦး | ပြည်သူ့ပါတီ | ၈၃၇၉ | ၄၇၉ | ၈၈၅၈ | ၁၁.၁၀% |
| | | ဦးအောင်သီဟဇော် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၀၄၄ | ၄၇၉ | ၈၅၂၃ | ၁၀.၆၈% |
| | | ဦးသိန်းစိုး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၅၅၆ | ၃၂၇ | ၅၈၈၃ | ၇.၃၇% |
| | | ဦးလင်းလင်းမောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၇၈၆ | ၂၅၄ | ၅၀၄၀ | ၆.၃၁% |
| | | ဦးမြင့်ဇော် | လူမှုစီးပွားမြှင့်တင်ရေးပါတီ | ၄၂၉၀ | ၃၀၇ | ၄၅၉၇ | ၅.၇၅% |
| ၅ | ဒက္ခိဏသီရိမြို့နယ် | | | ၁၈၅၂၆ | ၃၂၈၇ | ၂၁၈၁၃ | |
| | | ဦးမြတ်ဟိန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၀၀၁၀ | ၂၈၁၁ | ၁၂၈၂၁ | ၅၈.၇၈% |
| | | ဦးဟိန်းလပြည့်ထွန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၇၉၁ | ၉၆ | ၁၈၈၇ | ၈.၆၅% |
| | | ဒေါ်အိအိစိုး | တစ်သီးပုဂ္ဂလ | ၁၇၂၃ | ၉၂ | ၁၈၁၅ | ၈.၃၂% |
| | | ဦးသိန်းထွန်းအောင် | ပြည်သူ့ပါတီ | ၁၄၅၅ | ၅၈ | ၁၅၁၃ | ၆.၉၃% |
| | | ဒေါ်ဝင်းမြတ်မွန် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၂၉၉ | ၉၄ | ၁၃၉၃ | ၆.၃၉% |
| | | ဦးသူရ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၁၆၃ | ၇၉ | ၁၂၄၂ | ၅.၆၉% |
| | | ဦးဇော်အောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၀၈၅ | ၅၇ | ၁၁၄၂ | ၅.၂၄% |
| ၆ | လယ်ဝေးမြို့နယ် | | | ၁၂၀၁၈၇ | ၁၃၄၀၄ | ၁၃၃၅၉၁ | |
| | | ဦးဝင်းဌေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၈၀၃၄ | ၉၂၈၉ | ၅၇၃၂၃ | ၄၂.၉၁% |
| | | ဦးမြင့်ဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၃၇၈၅ | ၁၄၂၀ | ၂၅၂၀၅ | ၁၈.၈၆% |
| | | ဒေါ်ဖြိုးဖြိုးသွယ် | ပြည်သူ့ပါတီ | ၁၂၂၁၃ | ၆၂၇ | ၁၂၈၄၀ | ၉.၆၁% |
| | | ဦးမျိုးအောင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၀၅၅၇ | ၇၄၃ | ၁၁၃၀၀ | ၈.၄၆% |
| | | ဦးစိန်ဝင်း | တစ်သီးပုဂ္ဂလ | ၁၀၃၅၃ | ၅၀၂ | ၁၀၈၅၅ | ၈.၁၃% |
| | | ဦးဇင်မင်းဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၀၀၂ | ၅၃၆ | ၉၅၃၈ | ၇.၁၄% |
| | | ဦးထွန်းမြင့်အောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၂၄၃ | ၂၈၇ | ၆၅၃၀ | ၄.၈၉% |
| ၇ | တပ်ကုန်းမြို့နယ် | | | ၉၆၇၀၈ | ၁၃၃၂၃ | ၁၁၀၀၃၁ | |
| | | ဦးမောင်မောင်အုန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၆၈၃၂ | ၁၀၆၅၉ | ၅၇၄၉၁ | ၅၂.၂၅% |
| | | ဒေါ်တင်တင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၅၁၃၄ | ၉၃၆ | ၁၆၀၇၀ | ၁၄.၆၀% |
| | | ဦးနေမျိုးအောင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၉၉၅၉ | ၆၂၁ | ၁၀၅၈၀ | ၉.၆၂% |
| | | ဦးကျော်ဝေဖြိုး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၅၆၀ | ၅၄၇ | ၁၀၁၀၇ | ၉.၁၉% |
| | | ဦးမင်းခင်ယုမောင် | ပြည်သူ့ပါတီ | ၉၇၃၆ | ၃၅၇ | ၁၀၀၉၃ | ၉.၁၇% |
| | | ဒေါ်ခင်ကျော့ကျော့ထွန်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၄၈၇ | ၂၀၃ | ၅၆၉၀ | ၅.၁၇% |
| ၈ | ဥတ္တရသီရိမြို့နယ် | | | ၃၀၆၆၆ | ၉၈၇၉ | ၄၀၅၄၅ | |
| | | ဦးတင်အောင်စန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၆၅၃၉ | ၈၂၃၁ | ၂၄၇၇၀ | ၆၁.၀၉% |
| | | ဦးသီဟဇော် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၆၉၁ | ၄၈၈ | ၅၁၇၉ | ၁၂.၇၇% |
| | | ဒေါ်နှင်းသီတာထွန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၉၃၇ | ၅၀၁ | ၃၄၃၈ | ၈.၄၈% |
| | | ဒေါ်ကြည်ကြည်ဌေး | ပြည်သူ့ပါတီ | ၂၈၀၃ | ၂၅၉ | ၃၀၆၂ | ၇.၅၅% |
| | | ဒေါ်မျိုးသီတာသိန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၅၇၁ | ၂၄၆ | ၂၈၁၇ | ၆.၉၅% |
| | | ဦးနန်းဝင်းအောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၁၂၅ | ၁၅၄ | ၁၂၇၉ | ၃.၁၆% |
| | ကချင်ပြည်နယ် | | | | | | |
| ၉ | တနိုင်းမြို့နယ် | | | ၁၂၂၃၀ | ၂၈၄၃ | ၁၅၀၇၃ | |
| | | ဦးမြင့်ကို | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၀၉၅ | ၂၅၂၂ | ၇၆၁၇ | ၅၀.၅၃% |
| | | ဦးငွါးဆာဆဲ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၅၂၂ | ၅၀ | ၂၅၇၂ | ၁၇.၀၆% |
| | | ဦးပွင့်ဦး | ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ | ၂၀၆၆ | ၁၃၂ | ၂၁၉၈ | ၁၄.၅၈% |
| | | ဦးဝင်းနိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၇၂၀ | ၁၀၃ | ၁၈၂၃ | ၁၂.၁၀% |
| | | ဦးတင်ဝင်းထွန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၇၀ | ၂၁ | ၄၉၁ | ၃.၂၆% |
| | | ဦးမြင့်ဝင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၅၇ | ၁၅ | ၃၇၂ | ၂.၄၇% |
| ၁၀ | ခေါင်လန်ဖူးမြို့နယ် | | | ၄၃၇၅ | ၂၉၄ | ၄၆၆၉ | |
| | | ဦးဆင်ဆုန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၃၁၄ | ၁၈၈ | ၂၅၀၂ | ၅၃.၅၈% |
| | | ဦးထူပဟူးနိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၃၅၄ | ၇၅ | ၁၄၂၉ | ၃၀.၆၁% |
| | | ဦးလယ်မယ်အားရွှေရမ် | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၁၇ | ၂၅ | ၆၄၂ | ၁၃.၇၅% |
| | | ဦးအောင်ရဲလင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၀ | ၆ | ၉၆ | ၂.၀၆% |

စာမျက်နှာ ၈ သို့ ■

■ စာမျက်နှာ ၇ မှ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁၁ | ပူတာအိုမြို့နယ် | | | ၁၉၉၀၈ | ၂၂၃၆ | ၂၂၁၄၄ | |
| | | ဦးရားနီ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၉၇၀၀ | ၁၅၄၂ | ၁၁၂၄၂ | ၅၀.၇၇% |
| | | ဒေါ်အားဒူးဒွေ့ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၃၅၃ | ၁၂၂ | ၃၄၇၅ | ၁၅.၆၉% |
| | | ဦးဒိန်ခန်ဒါဝိ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၂၉၄၉ | ၂၈၇ | ၃၂၃၆ | ၁၄.၆၁% |
| | | ဦးစဝ်နွံ့နိုခမ်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၃၃၀ | ၁၀၃ | ၁၄၃၃ | ၆.၄၇% |
| | | ဒေါ်မို့မို့လွင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၉၄ | ၉၂ | ၉၈၆ | ၄.၄၅% |
| | | ဦးမီချယ်ဖုန်ရမ် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၈၄၁ | ၄၆ | ၈၈၇ | ၄.၀၁% |
| | | ဦးစန်းထွန်း | ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ | ၈၄၁ | ၄၄ | ၈၈၅ | ၄.၀၀% |
| ၁၂ | မိုးညှင်းမြို့နယ် | | | ၃၂၂၀၁ | ၄၄၃၆ | ၃၆၆၃၇ | |
| | | ဦးစိုးဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၀၅၂၁ | ၃၁၃၄ | ၁၃၆၅၅ | ၃၇.၂၇% |
| | | ဦးငွေအောင် | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၁၀၆၅ | ၆၇၄ | ၁၁၇၃၉ | ၃၂.၀၄% |
| | | ဦးကျော်ကျော်ဝင်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၆၄၇ | ၃၀၆ | ၄၉၅၃ | ၁၃.၅၂% |
| | | ဦးလှဒင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၁၄၀ | ၁၈၉ | ၄၃၂၉ | ၁၁.၈၂% |
| | | ဒေါ်ဖြူမာဝင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၈၂၈ | ၁၃၃ | ၁၉၆၁ | ၅.၃၅% |
| ၁၃ | မြစ်ကြီးနားမြို့နယ် | | | ၄၈၈၁၁ | ၆၂၁၉ | ၅၅၀၃၀ | |
| | | ဦးညွန့်ဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၉၅၅၇ | ၅၀၄၈ | ၂၄၆၀၅ | ၄၄.၇၁% |
| | | ဦးမရစ်ကွမ်ဂျာ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၆၁၀၀ | ၂၁၁ | ၆၃၁၁ | ၁၁.၄၇% |
| | | ဦးကျော်ရာဇာထွန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၄၃၇ | ၂၆၁ | ၅၆၉၈ | ၁၀.၃၅% |
| | | ဦးတင်အောင်စိုး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၉၀၁ | ၂၀၁ | ၅၁၀၂ | ၉.၂၇% |
| | | ဦးစိန်ဝင်း | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၇၅၁ | ၂၀၈ | ၃၉၅၉ | ၇.၁၉% |
| | | ဦးလန်းဘောမ် | ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ | ၃၂၁၉ | ၁၀၆ | ၃၃၂၅ | ၆.၀၄% |
| | | ဦးLဇော်ဒန် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၄၃၂ | ၇၅ | ၂၅၀၇ | ၄.၅၆% |
| | | ဒေါ်မြတ်သန္တာငွေ | ပြည်သူ့ပါတီ | ၁၈၆၂ | ၆၃ | ၁၉၂၅ | ၃.၅၀% |
| | | ဒေါ်မာဂရက် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၅၅၂ | ၄၆ | ၁၅၉၈ | ၂.၉၀% |
| | ကယားပြည်နယ် | | | | | | |
| ၁၄ | ဘောလခဲမြို့နယ် | | | ၄၀၈ | ၁၃၄၃ | ၁၇၅၁ | |
| | | ဦးအေးမောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၃၃ | ၁၂၃၆ | ၁၅၆၉ | ၈၉.၆၁% |
| | | ဦးအောင်သူသိန်း | ကယားပြည်နယ်ပြည်သူ့ပါတီ | ၂၃ | ၆၅ | ၈၈ | ၅.၀၃% |
| | | ဦးမောင်ဆန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၆ | ၂၀ | ၅၆ | ၃.၁၉% |
| | | ဒေါ်မာလာ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၆ | ၂၂ | ၃၈ | ၂.၁၇% |
| ၁၅ | လွိုင်ကော်မြို့နယ် | | | ၂၇၇၉၃ | ၄၂၄၈ | ၃၂၀၄၁ | ၁၀၀% |
| | | ဦးမောင်ရွှေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၁၀၈ | ၃၃၈၅ | ၁၄၄၉၃ | ၄၅.၂၃% |
| | | ဦးကျော်ကျော်မိုး | ကယားပြည်နယ်ပြည်သူ့ပါတီ | ၈၂၉၅ | ၄၀၈ | ၈၇၀၃ | ၂၇.၁၆% |
| | | ဦးစောနယ်စေး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၅၂၅ | ၂၂၁ | ၄၇၄၆ | ၁၄.၈၁% |
| | | ဦးဇော်လွင်ငွေ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၈၆၅ | ၂၃၄ | ၄၀၉၉ | ၁၂.၈၀% |
| | ကရင်ပြည်နယ် | | | | | | |
| ၁၆ | ဘားအံမြို့နယ် | | | ၈၈၅၉၁ | ၁၀၄၄၂ | ၉၉၀၃၃ | |
| | | ဦးသက်နိုင်ဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၆၆၂၁ | ၇၄၈၃ | ၃၄၁၀၄ | ၃၄.၄၄% |
| | | စောမျိုးမင်းဟန် | ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ | ၂၈၀၃၆ | ၁၁၆၀ | ၂၉၁၉၆ | ၂၉.၄၈% |
| | | နန်းခင်သက်မာဝင်း | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ | ၁၄၀၃၈ | ၈၇၈ | ၁၄၉၁၆ | ၁၅.၀၆% |
| | | မင်းကျော်စိုး | မွန်တိုးတက်ရေးပါတီ | ၈၁၉၄ | ၃၄၅ | ၈၅၃၉ | ၈.၆၂% |
| | | နန်းအေးအေးသန်း | ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ | ၈၀၆၂ | ၃၄၅ | ၈၄၀၇ | ၈.၄၉% |
| | | ဒေါ်အေးမီသန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၆၄၀ | ၂၃၁ | ၃၈၇၁ | ၃.၉၁% |
| ၁၇ | မြဝတီမြို့နယ် | | | ၁၂၄၄၉ | ၄၉၁၂ | ၁၇၃၆၁ | |
| | | ဦးခင်မောင်ချင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၀၅၆ | ၂၈၇၃ | ၇၉၂၉ | ၄၅.၆၇% |
| | | စောပြည်နယ် | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ | ၄၄၈၈ | ၁၅၃၀ | ၆၀၁၈ | ၃၄.၆၆% |
| | | ဦးစံဝင်းကြည် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၄၃၇ | ၃၈၆ | ၁၈၂၃ | ၁၀.၅၀% |
| | | ခွန်သိန်းဦး | ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ | ၁၄၆၈ | ၁၂၃ | ၁၅၉၁ | ၉.၁၇% |
| ၁၈ | သံတောင်ကြီးမြို့နယ် | | | ၅၅၂ | ၁၉၆၀ | ၂၅၁၂ | |
| | | ဦးစောဟေသားကြီး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၄၀ | ၁၆၆၁ | ၂၀၀၁ | ၇၉.၆၆% |
| | | စောပီတိုရီးနို | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ | ၂၀၆ | ၂၈၃ | ၄၈၉ | ၁၉.၄၇% |
| | | ဦးသံစစ် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆ | ၁၆ | ၂၂ | ၀.၈၇% |

စာမျက်နှာ ၉ သို့ ■

■ စာမျက်နှာ ၈ မှ

| | | | | | | | |
|---|---|---|---|---|---|---|---|
| | ချင်းပြည်နယ် | | | | | | |
| ၁၉ | တီးတိန်မြို့နယ် | | | ၃၂၀၀ | ၁၀၃၅ | ၄၂၃၅ | |
| | | ဦးဆလိုင်းအောင်ပြည့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၃၃၅ | ၆၅၇ | ၁၉၉၂ | ၄၇.၀၄% |
| | | ဦးဒဲရစ်ကမ်ဇအောလ် | ဇိုမီးအမျိုးသားပါတီ | ၁၃၇၃ | ၂၆၀ | ၁၆၃၃ | ၃၈.၅၆% |
| | | ဦးဇင်ရှင်းပြောင် | ချင်းပြည်သစ်ကွန်ဂရက်ပါတီ | ၄၉၂ | ၁၁၈ | ၆၁၀ | ၁၄.၄၀% |
| ၂၀ | ဟားခါးမြို့နယ် | | | ၁၆၀၅ | ၁၂၂၉ | ၂၈၃၄ | |
| | | ဦးဗန်နီ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၉၆၇ | ၁၀၄၀ | ၂၀၀၇ | ၇၀.၈၂% |
| | | ဦးရိုဘင် | ချင်းပြည်သစ်ကွန်ဂရက်ပါတီ | ၄၅၂ | ၁၄၄ | ၅၉၆ | ၂၁.၀၃% |
| | | ဦးကံလင်း | ခူမီးအမျိုးသားပါတီ | ၁၈၆ | ၄၅ | ၂၃၁ | ၈.၁၅% |
| | မွန်ပြည်နယ် | | | | | | |
| ၂၁ | ကျိုက်ထိုမြို့နယ် | | | ၂၀၉၅၉ | ၂၃၈၃ | ၂၃၃၄၂ | |
| | | ဦးစိုးလှ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၆၈၀ | ၁၉၃၆ | ၁၀၆၁၆ | ၄၅.၄၈% |
| | | ဒေါ်မမကြီး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၆၁၂ | ၂၄၃ | ၅၈၅၅ | ၂၅.၀၈% |
| | | ဦးသူဘိုထွေး | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၃၉၉၀ | ၈၁ | ၄၀၇၁ | ၁၇.၄၄% |
| | | ဦးသက်ပိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၆၇၇ | ၁၂၃ | ၂၈၀၀ | ၁၂.၀၀% |
| ၂၂ | ကျိုက်မရောမြို့နယ် | | | ၁၆၃၈၉ | ၄၆၆၆ | ၂၁၀၅၅ | |
| | | ဦးမျိုးမြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၄၅၃ | ၄၂၂၆ | ၁၀၆၇၉ | ၅၀.၇၂% |
| | | ဒေါ်မြင့်မြင့်ဝေ | မွန်ညီညွတ်ရေးပါတီ | ၄၂၄၅ | ၂၁၉ | ၄၄၆၄ | ၂၁.၂၀% |
| | | ဒေါ်ချိုချိုအေးအောင် | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၂၁၁၇ | ၆၆ | ၂၁၈၃ | ၁၀.၃၇% |
| | | ဦးမင်းကိုကိုထွန်း | ပြည်သူ့ပါတီ | ၂၀၇၆ | ၈၄ | ၂၁၆၀ | ၁၀.၂၆% |
| | | ဦးအောင်မြင့်ဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၇၄ | ၅၄ | ၁၀၂၈ | ၄.၈၈% |
| | | ဒေါ်သန္တာဟိန်းဇော် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၂၄ | ၁၇ | ၅၄၁ | ၂.၅၇% |
| ၂၃ | ချောင်းဆုံမြို့နယ် | | | ၄၈၆၄၄ | ၂၉၇၁ | ၅၁၆၁၅ | |
| | | ဦးစိုးသူ | မွန်ညီညွတ်ရေးပါတီ | ၂၂၈၇၅ | ၇၅၅ | ၂၃၆၃၀ | ၄၅.၇၈% |
| | | ဦးမျိုးဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၈၆၆၂ | ၂၀၁၇ | ၂၀၆၇၉ | ၄၀.၀၇% |
| | | ဦးအောင်ကိုကို | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၄၆၇၈ | ၁၂၈ | ၄၈၀၆ | ၉.၃၁% |
| | | ဒေါ်သဲသဲအိလွင်ပိုကျော် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၄၂၉ | ၇၁ | ၂၅၀၀ | ၄.၈၄% |
| ၂၄ | မော်လမြိုင်မြို့နယ် | | | ၈၅၅၃၈ | ၅၃၇၇ | ၉၀၉၁၅ | |
| | | ဒေါ်ဥမ္မာဌေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၇၀၉၇ | ၃၇၉၉ | ၃၀၈၉၆ | ၃၃.၉၈% |
| | | ဦးဖုန်းဝင်း | မွန်ညီညွတ်ရေးပါတီ | ၂၄၇၁၃ | ၅၉၉ | ၂၅၃၁၂ | ၂၇.၈၄% |
| | | ဒေါ်ခင်သဥ္ဇာမော် | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၁၁၀၅၆ | ၂၇၁ | ၁၁၃၂၇ | ၁၂.၄၆% |
| | | ဦးလှဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၉၅၁ | ၂၅၆ | ၆၂၀၇ | ၆.၈၃% |
| | | ဦးလင်းရောင်ခြည် | ပြည်သူ့ပါတီ | ၆၀၃၀ | ၁၆၃ | ၆၁၉၃ | ၆.၈၁% |
| | | ဦးရဲဟိန်းလွင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၃၀၇ | ၁၇၀ | ၅၄၇၇ | ၆.၀၃% |
| | | ဦးဘုန်းဆုမင်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၈၀၂ | ၈၀ | ၂၈၈၂ | ၃.၁၇% |
| | | ဒေါ်သီတာထွန်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၅၈၂ | ၃၉ | ၂၆၂၁ | ၂.၈၈% |
| ၂၅ | သထုံမြို့နယ် | | | ၄၁၆၂၀ | ၄၂၆၀ | ၄၅၈၈၀ | |
| | | ဦးကျော်မြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၆၃၅၁ | ၃၄၄၂ | ၁၉၇၉၃ | ၄၃.၁၄% |
| | | ဒေါ်စုစုပြုံး | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၆၁၄၇ | ၂၁၂ | ၆၃၅၉ | ၁၃.၈၆% |
| | | ဦးမောင်အေး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၁၂၈ | ၂၁၈ | ၆၃၄၆ | ၁၃.၈၃% |
| | | ဦးသန်းဝေ | ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၀၄၆ | ၁၆၄ | ၆၂၁၀ | ၁၃.၅၄% |
| | | ဒေါ်အိအိချော | ပြည်သူ့ပါတီ | ၄၁၃၀ | ၁၀၈ | ၄၂၃၈ | ၉.၂၄% |
| | | ဒေါ်သီတာခင်ကျော် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၈၁၈ | ၁၁၆ | ၂၉၃၄ | ၆.၃၉% |




## အများပြည်သူသို့ အသိပေးကြေညာချက်

**နေပြည်တော် ဇန်နဝါရီ ၂**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အနေဖြင့် နိုင်ငံသားတိုင်း နိုင်ငံသားဖြစ်မှုဆိုင်ရာ ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ရရှိကိုင်ဆောင်နိုင်ရေးနှင့် ယခုကျင်းပလျက်ရှိသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုးကိုင်ဆောင် မဲပေးနိုင်ရေးအတွက် ပန်းခင်းစီမံချက်များဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့ပြင် ယခုရွေးကောက်ပွဲကာလတွင် နိုင်ငံသားဖြစ်မှုဆိုင်ရာ ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ပျက်စီး/ပျောက်ဆုံးသူ မဲဆန္ဒရှင်ပြည်သူများ မဲပေးပိုင်ခွင့် အခွင့်အရေး မဆုံးရှုံးစေရေးအတွက် မြို့နယ်အသီးသီးရှိ လဝကရုံးများအား အထူးကိစ္စတစ်ရပ်အနေဖြင့် ရုံးပိတ်ရက်မရှိ ရုံးဖွင့်လှစ်၍ ပျက်စီး/ပျောက်ဆုံးသည့် နိုင်ငံသားကတ်ပြားများအား ဥပဒေနှင့်အညီ အမြန်ဆုံး စိစစ်ဆောင်ရွက်ပေးလျက်ရှိပါသဖြင့် နိုင်ငံသားကတ်ပြား ပျက်စီး/ပျောက်ဆုံးသူ မဲဆန္ဒရှင်ပြည်သူများ အနေဖြင့် သက်ဆိုင်ရာမြို့နယ်လဝကရုံးများနှင့် ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးအပ်ပါသည်။

သို့ရာတွင် ပြည်သူများအနေဖြင့် မိမိတို့ကိုင်ဆောင်သည့် နိုင်ငံသားကတ်ပြား များ ပျက်စီး/ပျောက်ဆုံးမှုမရှိဘဲ ပျက်စီး/ပျောက်ဆုံးမှုကို အကြောင်းပြကာ ထပ်မံတင်ပြတောင်းခံ၍ နိုင်ငံသားကတ်ပြားတစ်ခုထက် ပိုမိုကိုင်ဆောင်ပါက ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခံရမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်
ပြည်သူ့အင်အားဝန်ကြီးဌာန

# ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါလျက်ရှိသည့် တရုတ်နိုင်ငံပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးရေးတက္ကသိုလ်

ချိုရတနာ(MISIS)

**ပြီးခဲ့သည့်နှစ်များအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ကျွန်း ဟိုက်ကုမြို့၌အခြေစိုက်သည့် တရုတ်နိုင်ငံပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးရေးတက္ကသိုလ် (China Institute for Reform and Development–CIRD)က ကျင်းပသည့် ဆွေးနွေးပွဲများသို့ ပါဝင်တက်ရောက်ခွင့်ရခဲ့သည်။ ယင်းဆွေးနွေးပွဲများမှာ ပါတီပိုင်းဆိုင်ရာအကြီးအကဲများ၊ ဒေသအာဏာပိုင်များ၊ နိုင်ငံတကာမှပညာရှင်များ၊ မူဝါဒပိုင်းဆိုင်ရာပုဂ္ဂိုလ်များ အများအပြား ပါဝင်တက်ရောက်သည့် တရုတ်နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးဆိုင်ရာဆွေးနွေးပွဲများ ဖြစ်ပါသည်။**




တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ကျွန်း ဟိုက်ကုမြို့အခြေစိုက် တရုတ်နိုင်ငံပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးရေးတက္ကသိုလ်။

နောက်ဆုံးပါဝင်တက်ရောက်ခဲ့သည့် အစည်းအဝေးမှာ တရုတ်နိုင်ငံ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ (၉၁)ကြိမ်မြောက် နိုင်ငံတကာညီလာခံ (91st International Forum on China Reform) ဖြစ်ပါသည်။ ဆွေးနွေးသည့်ခေါင်းစဉ်မှာ တရုတ်နိုင်ငံ၏ အရည်အသွေးမြင့် တံခါးဖွင့်စီးပွားရေးစနစ်သစ် ထူထောင်ခြင်းနှင့် ကမ္ဘာကြီး (China in Establishing A New System for Higher–Level Open Economy and the World) ဖြစ်ပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ လကုန်ပိုင်းတွင် ကျင်းပခဲ့ခြင်း ဖြစ်ပါသည်။

တရုတ်နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးနှင့် တံခါးဖွင့်မူဝါဒ “**Reform and Opening–up Policy**” ကို ၁၉၇၈ ခုနှစ်တွင် စတင်ခဲ့သည်။ ဗဟိုချုပ်ကိုင်မှုကို ဖြေလျှော့ပြီး ဆယ်စုနှစ်လေးခုကျော် ကျင့်သုံးပြောင်းလဲလာခြင်းဖြစ်သည်။ ၁၉၈၀ ပြည့်နှစ်များတွင် အထူးစီးပွားရေးဇုန်များ စတင်ထူထောင်ခြင်း၊ ၂၀၀၁ ခုနှစ်တွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization–WTO) သို့ တက်ရောက်ခဲ့ခြင်း စသည့်အပြောင်းအလဲများမှာ ထင်ရှားသည်။

ပြည်တွင်းမူဝါဒများ ကျင့်သုံးရာတွင်လည်း ပြုပြင်ပြောင်းလဲရေးများကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ခဲ့ရာ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးလာခြင်း၊ လုပ်ခနှင့် ဈေးနှုန်းများလွတ်လပ်မှု၊ ပြည်ပတင်ပို့မှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအားပေးခြင်းများ အပါအဝင် ဖြစ်သည်။ ၁၉၇၈ ခုနှစ်မှစတင်လျှင် နှစ်စဉ်ပျမ်းမျှစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကိုးရာခိုင်နှုန်းခန့်အထိ ရှိခဲ့သည်ဟု ဆိုသည်။ ၂၀၂၀ ပြည့်နှစ်များတွင် အလွန်အမင်းဆင်းရဲမှု (extreme poverty) ကို ပပျောက်အောင်ဆောင်ရွက်နိုင်ခဲ့သည်။ Normal GDP အရ ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၉ ထရီလီယံရှိသည့် ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေးရှိသော နိုင်ငံအဖြစ်သို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။

ဤသို့ ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် မည်သို့ ဆောင်ရွက်ခဲ့သည်ဆိုသည်မှာ စိတ်ဝင်စားဖွယ်၊ လေ့လာဖွယ်ဖြစ်သည်။ မိမိတို့အတွက် အကျိုးရှိအောင် မိမိတို့၏ ရေမြေသဘာဝ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများနှင့် ကိုက်ညီအောင် အသုံးချပြီး မိမိတို့လည်း တိုးတက်အောင် ဆောင်ရွက်နိုင်မည် ဖြစ်သည်။ တရုတ်နိုင်ငံ ပြုပြင်ပြောင်းလဲရေးအတွက် CIRD က ရေးသားတင်သွင်းခဲ့သည့် သုတေသနများကို အဆင့်ဆင့် လေ့လာကြည့်မိသည့်အတိုင်း ဆက်လက်ဖော်ပြလိုပါသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံကို တည်ဆောက်ရာတွင် အစိုးရ၏ မူဝါဒချမှတ်မှုများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။ ဤမူဝါဒများမှာ မှန်ကန်တိကျ၍ ရေရှည်တည်တံ့ရန်အတွက် စိတ်ကူးစိတ်သန်းသစ်များ၊ ခိုင်မာသောသုတေသန အထောက်အထားများနှင့် အကြံဉာဏ်များ လိုအပ်ပြီး ထိုကဲ့သို့သောဉာဏ်ပညာဆိုင်ရာ အထောက်အပံ့များကို ပေးအပ်နိုင်သည့် အဖွဲ့အစည်းများမှာ တွေးခေါ်မြော်မြင်ရေးအဖွဲ့များ (Think Tanks) ပင် ဖြစ်သည်။ ၎င်းတို့သည် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာကိစ္စရပ်များကို လေ့လာဆန်းစစ်ကာ အစိုးရအုပ်ချုပ်ရေးယန္တရားများကို လက်တွေ့ကျသော မူဝါဒအကြံပြုချက်များဖြင့် ပံ့ပိုးပေးကြပါသည်။

**သုတေသနဌာနများ၏ အရေးပါမှုကို ထင်ရှားစေပြီး မြန်မာနိုင်ငံနှင့်လည်း နီးစပ်သည့် သာဓကတစ်ခုမှာ တရုတ်နိုင်ငံပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးရေးတက္ကသိုလ် (China Institute for Reform and Development – CIRD) ပင် ဖြစ်သည်။ CIRD သည် တရုတ်နိုင်ငံ၏ အသွင်ကူးပြောင်းရေးကာလတစ်လျှောက်တွင် စီးပွားရေးနှင့် နိုင်ငံပိုင်လုပ်ငန်းများ ပြုပြင်ပြောင်းလဲခြင်း၊ ငွေကြေးတည်ငြိမ်မှုထိန်းချုပ်ခြင်း စသည့်အရေးကြီးသောကဏ္ဍများတွင် တရုတ်ကွန်မြူနစ်ပါတီ (Chinese Communist Party–CCP) ၏ မူဝါဒချမှတ်မှုအပေါ် သိသိသာသာ သက်ရောက်မှုရှိခဲ့သည်။ ထို့ကြောင့် CIRD ၏ အတွေ့အကြုံများနှင့် ၎င်းတို့၏လုပ်ငန်းပုံစံများက မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာစိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် ခိုင်မာသောသုတေသနကို အခြေခံသည့်မူဝါဒများ မည်သို့ချမှတ်သင့်သည်ဟူသော အဖိုးတန်သင်ခန်းစာများကို ပေးစွမ်းနိုင်မည်ဖြစ်ပါသည်။**

## CIRD ၏ အခန်းကဏ္ဍနှင့် သမိုင်းဝင် အောင်မြင်မှုများ

၁၉၉၁ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် ဟိုင်နန် (Hainan) ၌ စတင်တည်ထောင်ခဲ့သော CIRD သည် တရုတ်နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးနှင့် တံခါးဖွင့်ဝါဒ (Reform and Opening Up) သမိုင်းတစ်လျှောက်တွင် အရေးပါသော မူဝါဒဆိုင်ရာ သုတေသနဌာနအဖြစ် ရပ်တည်ခဲ့သည်။ ၎င်းတို့၏မူဝါဒဆိုင်ရာ အကြံပြုချက်များဖြင့် တရုတ်ကွန်မြူနစ်ပါတီ၏ နိုင်ငံတော်မူဝါဒများ အကောင်အထည်ဖော်ရာတွင် အဓိကအထောက်အကူပြုခဲ့ပြီး ၎င်းတို့၏လုပ်ငန်းဆောင်ရွက်မှုများက ခိုင်မာသောသုတေသနကို အခြေခံသည့် ပြုပြင်ပြောင်းလဲမှုသည် မည်မျှအောင်မြင်စေနိုင်သည်ကို ပြသနေပါသည်။

**CIRD သည် ယနေ့အထိ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အစီရင်ခံစာပေါင်း ၅၀၀ ကျော်ကို ရေးသားတင်ပြခဲ့ပြီး အချို့သောမူဝါဒအကြံပြုချက်များသည် ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် တိုက်ရိုက်ကိုးကားအသုံးပြုခြင်း သို့မဟုတ် အရေးကြီးသော ဥပဒေများနှင့် စည်းမျဉ်းများ ရေးဆွဲရာတွင် အရေးပါသောအကိုးအကားများ ဖြစ်ခဲ့ပါသည်။ ဥပမာအားဖြင့် CIRD ၏ သုတေသနများသည် ၂၀၁၃ ခုနှစ်တွင် ကျင်းပခဲ့သည့် (၁၈)ကြိမ်မြောက် ဗဟိုကော်မတီ၏ တတိယအကြိမ် ပုံမှန်အစည်းအဝေးဆုံးဖြတ်ချက်များကို ရေးဆွဲရာတွင် အထောက်အကူပြုခဲ့ကြောင်း တွေ့ရသည်။ ထို့ပြင် လေ့ကျင့်သင်ကြားမှုများကိုလည်း အကြိမ် ၂၀၀ ကျော်အထိ ပြုလုပ်ပေးနိုင်ခဲ့ပါသည်။**

CIRD ၏ အဓိကအောင်မြင်မှုများကို ကဏ္ဍအလိုက် လေ့လာနိုင်ပါသည်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (State–Owned Entrepreneurs–SOE) နှင့် ငွေကြေးစနစ် ပြုပြင်ပြောင်းလဲရေးအပိုင်း၌ ၁၉၉၃ ခုနှစ်က SOE စီမံခန့်ခွဲမှုကို “**နိုင်ငံတော်မှ စီမံခန့်ခွဲခြင်း**”မှ “**နိုင်ငံတော်၏ ပိုင်ဆိုင်မှုငွေလုံးငွေရင်း (State–owned Capitals) ကို စီမံခန့်ခွဲခြင်း**” သို့ ပြောင်းလဲရန်အဆိုပြုခဲ့ပြီး ယင်းသည် လုပ်ငန်းများ၏ စီးပွားရေးဆိုင်ရာ ထိရောက်မှုကို မြှင့်တင်ရန်နှင့် နိုင်ငံပိုင် ပိုင်ဆိုင်မှုများ၏တန်ဖိုးကို ထိန်းသိမ်းမြှင့်တင်ရန် အရေးပါခဲ့သည်။ ထို့ပြင် ၁၉၉၄ ခုနှစ်တွင် စီးပွားရေးတိုးတက်မှု အရှိန်အဟုန်မြင့်မားစဉ် ငွေကြေးဖောင်းပွမှုကို ထိရောက်စွာ ထိန်းချုပ်ရန် မူဝါဒအကြံပြုချက်များပေးခဲ့သလို ၁၉၉၅ ခုနှစ်တွင် အလုပ်မဖြစ်သောချေးငွေ (Non–performing loans–NPLs) ကို ဖြေရှင်းရန်နှင့် ဘဏ်စနစ်ခိုင်မာစေရန်အတွက် ဘဏ်လုပ်ငန်းပြုပြင်ပြောင်းလဲရေးကို အကြံပြုခဲ့ပါသည်။

**CIRD သည် ယနေ့အထိ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အစီရင်ခံစာပေါင်း ၅၀၀ ကျော်ကို ရေးသားတင်ပြခဲ့ပြီး အချို့သောမူဝါဒအကြံပြုချက်များသည် ဗဟိုကော်မတီ၏ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် တိုက်ရိုက်ကိုးကားအသုံးပြုခြင်း သို့မဟုတ် အရေးကြီးသော ဥပဒေများနှင့် စည်းမျဉ်းများ ရေးဆွဲရာတွင် အရေးပါသော အကိုးအကားများ ဖြစ်ခဲ့ပါသည်။ ဥပမာအားဖြင့် CIRD ၏ သုတေသနများသည် ၂၀၁၃ ခုနှစ်တွင် ကျင်းပခဲ့သည့် (၁၈)ကြိမ်မြောက် ဗဟိုကော်မတီ၏ တတိယအကြိမ် ပုံမှန်အစည်းအဝေး ဆုံးဖြတ်ချက်များကို ရေးဆွဲရာတွင် အထောက်အကူပြုခဲ့ကြောင်း တွေ့ရသည်။ ထို့ပြင် လေ့ကျင့်သင်ကြားမှုများကိုလည်း အကြိမ် ၂၀၀ ကျော်အထိ ပြုလုပ်ပေးနိုင်ခဲ့**

စာမျက်နှာ ၁၁ သို့

❂ စာမျက်နှာ ၁၀ မှ

အစိုးရနှင့် လူမှုဖူလုံရေးစနစ် ပြုပြင်ပြောင်းလဲရေးကဏ္ဍတွင်လည်း CIRD သည် ၂၀၀၃ ခုနှစ်က အစိုးရပုံစံကို **"စီးပွားရေးတိုးတက်မှုကို ဦးတည်သည့် အစိုးရပုံစံ"**မှ **"ပြည်သူ့ဝန်ဆောင်မှုကို ဦးတည်သည့် အစိုးရပုံစံ"** သို့ ကူးပြောင်းရန် အကြံပြုခဲ့ပြီး ယင်းသည် အုပ်ချုပ်ရေးစွမ်းဆောင်ရည်နှင့် ပြည်သူ့ဝန်ဆောင်မှုအရည်အသွေးကို မြှင့်တင်ရန် ရည်ရွယ်သည်။ ထို့အတူ ၂၀၀၃ ခုနှစ်တွင် ကျေးလက်ဒေသနေပြည်သူများအတွက် အခြေခံသက်သာချောင်ချိရေးစနစ်ကို ထူထောင်ရန်နှင့် အခြေခံအားဖြင့် အာမခံထားသော အများပြည်သူဆိုင်ရာဝန်ဆောင်မှုများ (ဥပမာ- ကျန်းမာရေး၊ ပညာရေး)ကို ပေးအပ်ရန် အဆိုပြုခဲ့ပါသည်။

စီးပွားရေး အသွင်ကူးပြောင်းရေးဆိုင်ရာ လမ်းညွှန်မှုအနေဖြင့်လည်း CIRD သည် ဈေးကွက်စီးပွားရေးသို့ ကူးပြောင်းခြင်းကို အထောက်အကူပြုသည့် စာအုပ်အတွဲများကို ၁၉၉၃ ခုနှစ်မှ ၁၉၉၆ ခုနှစ်အတွင်းထုတ်ဝေခဲ့ပြီး ဈေးကွက်ပြုပြင်ပြောင်းလဲရေးနှင့်ပတ်သက်သော သီအိုရီနှင့် အတွေးအခေါ်အယူအဆများကို ရှင်းလင်းတင်ပြခဲ့ရာ World Trade Organization သို့ ဝင်ရောက်ရေး ဆွေးနွေးမှုများအတွက်ပါ အရေးပါသော ကိုးကားချက် ဖြစ်ခဲ့သည်။

တရုတ်နိုင်ငံပြုပြင်ပြောင်းလဲရေးသုတေသနဌာန (CIRD) သည် ၂၀၀၈ ခုနှစ်နောက်ပိုင်းကာလများတွင် တရုတ်နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ကြီးမားသော အပြောင်းအလဲများအတွက် အဓိက မူဝါဒလမ်းကြောင်းများကို ဦးဆောင်ပံ့ပိုးပေးခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် CIRD သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဗျူဟာကို ပြောင်းလဲရန် လိုအပ်ကြောင်း အဆိုပြုခဲ့ပြီး စားသုံးမှုဦးဆောင်သော စီးပွားရေးဖွံ့ဖြိုးမှု (Consumption-led Growth)ကို အဓိကဗျူဟာအဖြစ်သတ်မှတ်ရန် တိုက်တွန်းခဲ့သည်။

ဤအဆိုပြုချက်သည် မြေပိုင်ဆိုင်မှုစနစ်၊ လူဦးရေဆိုင်ရာ မညီမျှမှုများနှင့် ဖြေရှင်းနိုင်သည့် စားသုံးသူ အခြေခံပြုပြင်ပြောင်းလဲရေးများဆီသို့ နိုင်ငံကို ဦးတည်စေခဲ့သည်။ ထို့အတူ ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်း ဖြစ်ပွားခဲ့သော ၂၀၀၉ ခုနှစ်တွင် CIRD သည် ပြုပြင်ပြောင်းလဲရေးဖြင့် အကျပ်အတည်း၏အန္တရာယ်ကို ဖြေရှင်းရန်အတွက် မူဝါဒ အကြံပြုချက် ၂၄ ချက်ကို ပြုစုတင်ပြခဲ့သည်။ ထိုကာလမှာပင် **"ဖွံ့ဖြိုးတိုးတက်မှုပုံစံ အသွင်ကူးပြောင်းခြင်း"**ကို အဓိကလမ်းကြောင်းအဖြစ်ထားရှိကာ (၁၂)ကြိမ်မြောက် ငါးနှစ်စီမံကိန်း (၂၀၁၁-၂၀၁၅) ကို ပိုမိုထိရောက်စေရန် အကြံပြုခဲ့သည်။

၂၀၀၈ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း CIRD သည် ကျေးလက်မှ မြို့ပြသို့ ရွှေ့ပြောင်းလာသော အလုပ်သမားများအား မြို့ပြဒေသများရှိ နိုင်ငံသားများနှင့် တန်းတူအခွင့်အရေးများ၊ လူမှုလုံခြုံရေးနှင့် တရားမျှတမှုတို့ကို အကောင်အထည်ဖော်ပေးရန်






Think Tank Report Release Seminar ကျင်းပစဉ်။

အကြိမ်များစွာ တိုက်တွန်းခဲ့သည်။ ၂၀၁၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်ကာလအတွင်းတွင် ကျေးလက် - မြို့ပြ နှစ်ထပ်မှတ်ပုံတင်စနစ် (urban-rural dual household registration system) ကို ရုပ်သိမ်းရန် အကြံပြုခဲ့ရာ ၎င်းသည် လူမှုတရားမျှတမှုနှင့် မြို့ပြလူဦးရေတိုးတက်မှုကို အထောက်အကူပြုခဲ့ပါသည်။

ဖွံ့ဖြိုးတိုးတက်မှု၏ ဦးတည်ရာကို ပြောင်းလဲရန် ၂၀၁၁ ခုနှစ်တွင် **"နိုင်ငံတော်ချမ်းသာကြွယ်ဝခြင်း"**မှ **"ပြည်သူများချမ်းသာကြွယ်ဝခြင်း"**ကို ဦးတည်သည့် ပြုပြင်ပြောင်းလဲရေးလမ်းကြောင်းသို့ ပြောင်းလဲရန် CIRD က တိုက်တွန်းခဲ့သည်။ ထို့ပြင် ၂၀၁၃ ခုနှစ်တွင် ဗဟိုကော်မတီ၏ ပြည့်စုံသောပြုပြင်ပြောင်းလဲရေး ဆုံးဖြတ်ချက်များအတွက် မရှိမဖြစ်လိုအပ်သည့် လမ်းပြမြေပုံ(Roadmap of Reform Out-pacing Crisis) ကို ရေးဆွဲရာတွင် CIRD က အဓိက အထောက်အကူပြုခဲ့သည်။

CIRD သည် ဖွဲ့စည်းပုံဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ (Structural Reforms) ကို အဓိကလမ်းကြောင်းအဖြစ် ထားရှိကာ စီးပွားရေးအသွင်ကူးပြောင်းမှုကို ဦးတည်ခဲ့သည်။ ၂၀၁၆ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း စီးပွားရေးအသွင်ကူးပြောင်းမှုအတွက် အကြံပြုချက်များ တင်ပြခဲ့သလို ၂၀၁၆ ခုနှစ်တွင် ကုန်စည်မှ ဝန်ဆောင်မှုကဏ္ဍသို့ ပြောင်းလဲလာသော စီးပွားရေးကို ထင်ဟပ်စေရန် ဝန်ဆောင်မှုကုန်သွယ်ရေးဖြင့် ဒုတိယအကြိမ် တံခါးဖွင့်ဝါဒကိုစတင်ရန် အကြံပြုခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် CIRD သည် တတိယပါတီ သုတေသနအဖွဲ့အနေဖြင့် **"ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း (Decentralization)"**နှင့် **"စည်းမျဉ်းစည်းကမ်းလျှော့ချခြင်း (Deregulation)"** မူဝါဒများကို အကောင်အထည်ဖော်ရာတွင် အစိုးရအုပ်ချုပ်မှု ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ပထမဆုံးအကြိမ် အကဲဖြတ်အကြံပေးခဲ့ပါသည်။

နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ ၂၀၁၉ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်ကာလများတွင် CIRD သည် အဆင့်မြင့်တံခါးဖွင့်မှု (High Level Opening-Up) အပေါ်အခြေခံသော ပြုပြင်ပြောင်းလဲရေး ပုံစံသစ်ကို ဖော်ဆောင်ရန် အကြံပြုခဲ့ပြီး ၎င်းသည် ပြည်တွင်း ပြုပြင်ပြောင်းလဲရေးနှင့် ပြည်ပတံခါးဖွင့်ဝါဒကို ပေါင်းစပ်ကာ နိုင်ငံတကာစီးပွားရေးဆက်ဆံရေးတွင် တရုတ်နိုင်ငံ၏အခန်းကဏ္ဍကို မြှင့်တင်ရန် ရည်ရွယ်သည်။ ထို့ပြင် ၂၀၂၀ ပြည့်နှစ် COVID-19 ကပ်ရောဂါကာလတွင် CIRD သည် ပြည်သူ့ကျန်းမာရေးကို ဦးစားပေးသော အုပ်ချုပ်ရေးသဘောတရားကို အဆိုပြုခဲ့ကာ ပြည်သူ့ကျန်းမာရေးစနစ် ပြုပြင်ပြောင်းလဲရေးမူဝါဒများ ချမှတ်ရာတွင် အထောက်အကူပြုခဲ့သည်။ နောက်ဆုံးအနေဖြင့် ၂၀၂၂ ခုနှစ်တွင် စားသုံးမှု ဦးစားပေးအသွင်ကူးပြောင်းခြင်းကို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အဓိကလမ်းကြောင်းသစ်အဖြစ် အဆိုပြုခဲ့ပါသည်။

ဤသို့ဖြင့် CIRD သည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲနေသော နိုင်ငံတော်၏ စီးပွားရေးနှင့် လူမှုရေးလိုအပ်ချက်များကို ခိုင်မာသောသုတေသနဖြင့် တုံ့ပြန်ခဲ့ပြီး အဓိကကျသော ပြုပြင်ပြောင်းလဲရေးများ လုပ်ဆောင်နိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သော အကြံပြုချက်များနှင့် တွန်းအားကို ပေးခဲ့သည်။ CIRD ၏ အတွေ့အကြုံများကို လေ့လာခြင်းဖြင့် မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေးနှင့် လူမှုရေးအခြေအနေများနှင့် ကိုက်ညီသော အရေးကြီးကဏ္ဍများအတွက် အဖိုးတန်သင်ခန်းစာများ ရယူနိုင်မည် ဖြစ်ပါသည်။

ပထမအချက်အနေဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှင့် လူမှုရေးတည်ငြိမ်မှု၏ အဓိကအုတ်မြစ်ဖြစ်သော မြေယာနှင့် ကျေးလက်ဒေသလုံခြုံမှုကို ဦးစားပေးသင့်သည်ဆိုသည့်အချက်ဖြစ်သည်။ တရုတ်နိုင်ငံကဲ့သို့ပင် မြန်မာနိုင်ငံတွင် မြေယာပိုင်ဆိုင်ခွင့်လုံခြုံမှု (Security of Land Tenure)ကို တရားဝင်ခိုင်မာစွာ ပေးအပ်ရန်နှင့် ကျေးလက်ပြုပြင်ပြောင်းလဲရေး၊ စိုက်ပျိုးရေးကဏ္ဍ လုပ်ကိုင်သူများအတွက် လိုအပ်သည့်သွင်းအားစုများ သင့်တင့်သည့်ဈေးနှုန်းဖြင့်ရရှိရေး၊ ကြားခံများ လျှော့ချရေး၊ မိမိတို့ထုတ်ကုန်မှ အကျိုးအမြတ် တိုက်ရိုက်ခံစားခွင့်ရရှိရေး၊ ဈေးကွက်သို့ တိုက်ရိုက်တင်ပို့နိုင်ရေး စသည်တို့အတွက် သုတေသနလုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်ရန်နှင့် ပံ့ပိုးအကောင်အထည်ဖော်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။

ဒုတိယအချက်မှာ စီးပွားရေးတည်ငြိမ်ရေးနှင့် ဘဏ္ဍာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုပင်ဖြစ်သည်။ ငွေကြေးမတည်ငြိမ်မှုနှင့် ဘဏ်လုပ်ငန်း၏ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် ဘဏ်လုပ်ငန်းကို ခေတ်မီစီးပွားဖြစ်လုပ်ငန်းများအဖြစ် ပြောင်းလဲခြင်း၊ NPLs များကို ထိရောက်စွာ ဖြေရှင်းခြင်းနှင့် ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်ရန်အတွက် ခိုင်မာသော မူဝါဒအကြံဉာဏ်များကိုရယူရန် အရေးကြီးပါသည်။

တတိယအချက်အနေဖြင့် နိုင်ငံစီးပွားရေး တိုးတက်လာသည်နှင့်အမျှ လူတန်းစားကွာဟမှုကို လျှော့ချရန်အတွက် ပြည်သူ့ဝန်ဆောင်မှုနှင့် လူမှုဖူလုံရေးစနစ်ကို စာမျက်နှာ ၁၂ သို့ ❂




CIRD ၏ သုတေသနစာအုပ်စာတမ်းများထားရှိရာ သမိုင်းပြတိုက်။

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ထုပ်ဆီးတိုး (အမျိုးသမီး)၊ လွန်ဆွဲ(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကြည့်ရှုအားပေး





နေပြည်တော် ဇန်နဝါရီ ၂

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ထုပ်ဆီးတိုး (အမျိုးသမီး)ပြိုင်ပွဲ ပွဲစဉ်များနှင့် လွန်ဆွဲ (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲများကို ယနေ့နံနက် ၇ နာရီမှစတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၃)နှင့်(၄)တို့၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

ပြိုင်ပွဲသို့ ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ ကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် အရာထမ်း/အမှုထမ်းများ၊ အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲ(အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးရာ လွန်ဆွဲ(အမျိုးသမီး) ပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်တွင် ပြည်ထောင်စု ရာထူးဝန်အဖွဲ့အသင်းက ဥပဒေရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် လည်းကောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

ယင်းနောက် လွန်ဆွဲ(အမျိုးသား) ပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များကို ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ပြည်ထောင်စု ရာထူးဝန်အဖွဲ့အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လေ့ကျင့်ရေးကွင်းအမှတ်(၄)၌ ကျင်းပလျက်ရှိသည့် ဝန်ကြီးဌာနပေါင်းစုံ ထုပ်ဆီးတိုး(အမျိုးသမီး)ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြရာ ထုပ်ဆီးတိုး (အမျိုးသမီး)ပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို ၆၇ မှတ်-၁ မှတ်ဖြင့် လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းကို ၆၁ မှတ်ဖြင့် လည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသင်းက ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်းကို ၁၀ မှတ်-၈ မှတ်ဖြင့်လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းက အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို ၃၄ မှတ် - ၁၂ မှတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၃ ရက် နံနက် ၇ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၄)၌ ထုပ်ဆီးတိုး (အမျိုးသမီး)ပြိုင်ပွဲ ဆီမီးဖိုင်နယ် ပွဲစဉ်များအဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အလားတူ နံနက် ၈ နာရီမှစတင်၍ လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲ(အမျိုးသမီး)ပြိုင်ပွဲ ဆီမီးဖိုင်နယ် ပွဲစဉ်များအဖြစ် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အသင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနအသင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်း၊ ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲ(အမျိုးသား)ပြိုင်ပွဲ ဆီမီးဖိုင်နယ် ပွဲစဉ်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

---

❂ စာမျက်နှာ ၁၁ မှ

ခိုင်မာအောင် တည်ဆောက်ရမည်ဖြစ်သည်။ ကျေးလက်ဒေသအပါအဝင် ပြည်သူအားလုံးအတွက် ကျန်းမာရေးနှင့် ပညာရေးကဲ့သို့သော အများပြည်သူဆိုင်ရာ အခြေခံဝန်ဆောင်မှုများကို အာမခံချက်ရှိစွာ ပေးအပ်နိုင်မည့် လူမှုဖူလုံရေးစနစ်ကိုထူထောင်ရန် သုတေသနများ၊ မူဝါဒများဖြင့် အထောက်အပံ့ပေးရမည် ဖြစ်သည်။ CIRD ဥပမာမှ ရရှိသည့် သင်ခန်းစာအချို့ဖြစ်ပါသည်။

**CIRD အောင်မြင်မှုရရှိနေခြင်းသည် ယင်း၏ သုတေသနအကြောင်းအရာများအားလုံးမှာ တရုတ်နိုင်ငံ၏ စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ လိုအပ်ချက်များနှင့် အမြဲထပ်တူကျနေခြင်းကြောင့်ဖြစ်သည်။ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုကဏ္ဍတို့ကို မြှင့်တင်ရန်အတွက် မူဝါဒများချမှတ်ရာတွင် သုတေသနအထောက်အထားကို အသုံးပြုခဲ့ခြင်းဖြစ်သည်။ ထို့ပြင် CIRD သည် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု(International Cooperation)နှင့် တံခါးဖွင့်ဝါဒ (Open Policy)ကို မြှင့်တင်ရန်အတွက် Regional Cooperation on Economic Partner-ship (RCEP) ကဲ့သို့သော သဘောတူညီချက်များဆိုင်ရာ သုတေသနများ၊ သက်ဆိုင်သူများ ပါဝင်သည့် ဆွေးနွေးပွဲများ ပြုလုပ်လျက်ရှိသည်။ မြန်မာ့သုတေသနဌာနများနှင့် တွေးခေါ်မြော်မြင်ရေးအဖွဲ့အစည်းများသည်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပိုမိုနီးကပ်စွာပူးပေါင်းပြီး ဒေသတွင်းကုန်သွယ်မှု လွယ်ကူချောမွေ့ရေး၊ နယ်စပ်ဖြတ်ကျော် ရင်းနှီးမြှုပ်နှံမှု စသည့်အကြောင်းအရာများတွင် ဦးဆောင်သုတေသနများ ပြုလုပ်သင့်ပါသည်။**

CIRDသည် **“ပြည်သူ့ဝန်ဆောင်မှုကိုဦးတည်သော အစိုးရပုံစံ”** တည်ဆောက်ရန် အစောဆုံးအကြံပြုခဲ့သည့် အဖွဲ့အစည်းများထဲမှ တစ်ခုဖြစ်သည်။ နိုင်ငံများ၏ အုပ်ချုပ်ရေးယန္တရားများ စွမ်းဆောင်ရည်အားနည်းခြင်းသည် ရင်းနှီးမြှုပ်နှံမှုနှင့် ပြည်သူ့ယုံကြည်မှုအတွက် အတားအဆီးဖြစ်နေတတ်ရာ CIRD ၏ နည်းလမ်းအတိုင်း အစိုးရဝန်ထမ်းများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ လေ့ကျင့်ရေးအစီအစဉ်များကို ဆောင်ရွက်ပေးခြင်းဖြင့် အစိုးရ၏ဝန်ဆောင်မှုပေးနိုင်သည့် အရည်အသွေးကိုမြှင့်တင်ရန် စဉ်းစားသင့်ပါသည်။ တစ်ချိန်တည်းမှာပင် စွမ်းဆောင်ရည် (Meritocracy)အလိုက် တာဝန်ပေးအပ်မှုနှင့် အဂတိလိုက်စားမှုတိုက်ဖျက်မှု(Anti-Corruption) တို့ကိုလည်း ယှဉ်တွဲဖော်ဆောင်သွားရန် လိုအပ်ပါသည်။

**CIRD အောင်မြင်မှု၏ အခြေခံမှာ ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်ပုံနည်းစနစ်ဖြစ်ပြီး မြန်မာနိုင်ငံတွင် သုတေသနဌာနများ၏ အခန်းကဏ္ဍကို မြှင့်တင်ရန်အတွက် အတုယူသင့်ပါသည်။ CIRD သည် အမြဲတမ်းဝန်ထမ်းအင်အား နည်းပါးသော်လည်း ပညာရှင်များ၊ အစိုးရအရာရှိများ၊ စီးပွားရေးလုပ်ငန်းရှင်များပါဝင်သော ကြီးမားသည့် ကွန်ရက်တစ်ခုကို အသုံးပြု၍ သုတေသနပြုသည့် ကွန်ရက်ကို အခြေခံသော လုပ်ငန်းပုံစံ (A Small Institution with Large-Scale Networks)ကို ကျင့်သုံးပါသည်။**

မြန်မာ့သုတေသနဌာနများသည်လည်း အာဆီယံနှင့် ဒေသတွင်း၊ ဒေသပြင်ပ သုတေသနအဖွဲ့အစည်းများမှ နယ်ပယ်အသီးသီးရှိ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်သင့်ပါသည်။ CIRD သည် ပြုပြင်ပြောင်းလဲရေးကို အနာဂတ်ရှေးရှု၍ ဦးဆောင်ခြင်းနှင့် နိုင်ငံ၏ လက်ရှိအခက်အခဲများအတွက် လက်တွေ့ကျသော ဖြေရှင်းနည်းများကို အမြဲမပြတ် ပေးအပ်နေခြင်းပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် CIRD ကဲ့သို့အခြားသော နိုင်ငံတကာသုတေသနအဖွဲ့အစည်းများဖြစ်သော UN ESCAP၊ ERIA၊ Mekong Institute၊ OECD Development Centre တို့နှင့်လည်း ပူးပေါင်းဆောင်ရွက်သင့်ပါသည်။

စဉ်ဆက်မပြတ် ပြန်လည်ပြုပြင်တိုးတက်ရေးလမ်းကြောင်းတွင် သုတေသနဌာနများ၏ အရေးပါမှုသည် တိုးတက်နေဆဲ မြန်မာနိုင်ငံအတွက် အခန်းကဏ္ဍတစ်ခုဖြစ်လာမည်ဟု CIRD ၏ အတွေ့အကြုံက ပြသပေးနေပါသည်။ နိုင်ငံတစ်နိုင်ငံ၏ အောင်မြင်မှုသည် မူဝါဒပညာရှင်များ၊ သုတေသနလုပ်သားများနှင့် အစိုးရအဆင့်အရာရှိများ၏ ပူးပေါင်းဆောင်ရွက်မှုအပေါ် အခြေခံပါသည်။ ထို့ကြောင့် နိုင်ငံ၏အနာဂတ်အတွက် ရဲရဲဝံ့ဝံ့တွေးခေါ်ဆင်ခြင်နိုင်ပြီး ပြည်သူများအတွက် အကျိုးရှိစေသော အကြံဉာဏ်များကို အစိုးရအဆင့်အထိ ပေးအပ်နိုင်မည့် သုတေသနဌာနများကို တန်ဖိုးထားမြှင့်တင်ပေးရန်ပင်ဖြစ်သည်ဟု ယုံကြည်ပါသည်။ သို့မှသာ အနာဂတ်ကာလတွင် အကျိုးရှိသော ပြုပြင်ပြောင်းလဲရေး (Reform)များကို ခိုင်မာစွာ ရွေ့လျားနိုင်စေမည်ဖြစ်သည်။ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အတွေးအခေါ်များလည်း ဆန်းသစ်နေဖို့လိုပါသည်။

ထို့ပြင် CIRD ၏ အောင်မြင်မှုကြောင့် ယင်း၏ သုတေသီများသည် တရုတ်နိုင်ငံရေးခေါင်းဆောင်များ ဦးဆောင်သည့် အစည်းအဝေးများသို့ အကြံပေးပညာရှင်အဖြစ် ဖိတ်ကြားခံရခြင်း၊ အဓိကမူဝါဒများကို ရေးဆွဲရာတွင် အကြံပေးခြင်းတို့ ပြုလုပ်ရသဖြင့် မူဝါဒဆုံးဖြတ်ချက်ချရာတွင် တိုက်ရိုက်ပါဝင်မှုအားကောင်းသည်။ မြန်မာနိုင်ငံတွင်လည်း အစိုးရနှင့် သုတေသနအဖွဲ့အစည်းများအကြား ယုံကြည်မှုတည်ဆောက်မြှင့်တင်ရန် လိုအပ်ပြီး နိုင်ငံတော်၏ အရေးကြီးသော မူဝါဒများ (ဥပမာ-အမျိုးသားစီးပွားရေးစီမံကိန်း)ရေးဆွဲရာတွင် လွတ်လပ်သော သုတေသနဌာနများ၏ အကြံပြုချက်ကို ထည့်သွင်းစဉ်းစားသင့်ပါသည်။

**CIRD မှ ပညာရှင်များ၏ အဆိုအရ လွန်ခဲ့သော ၃၄ နှစ်တာကာလတစ်လျှောက်လုံးတွင် CIRD သည် “ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အကြံဉာဏ်ပေးခြင်း၊ ပြုပြင်ပြောင်းလဲမှုကို မြဲမြံစွာလိုက်နာခြင်း” ဟူသော ခံယူချက်အပေါ်၌ ခိုင်မာစွာ ရပ်တည်လုပ်ကိုင်ခဲ့ပါသည်။ CIRD သည် တရုတ်နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးနှင့် တံခါးဖွင့်မူဝါဒလုပ်ငန်းစဉ်များအတွင်း ပေါ်ပေါက်လာသည့် အဓိကကျသော မဟာဗျူဟာမြောက်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စနစ်တကျ သုတေသနပြုမှုများ၊ ကျယ်ပြန့်သောဆွေးနွေးပွဲများကို အဆက်မပြတ် ဆောင်ရွက်ခဲ့ပါသည်။**

ထို့ပြင် အစိုးရ၏ မူဝါဒချမှတ်မှုလုပ်ငန်းများအတွက် လိုအပ်သည့် ဝန်ဆောင်မှုများကို ပံ့ပိုးပေးခြင်း၊ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ သဘောတူညီမှုများကို တည်ဆောက်ပေးခဲ့ပါသည်။ အထူးသဖြင့် CIRD သည် ပြုပြင်ပြောင်းလဲရေးဘက်သို့ ဦးတည်သော စွမ်းရည်ရှိသည့် ပညာရှင်များကို မွေးထုတ်ပေးကာ နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဖြစ်ထွန်းစေရန်အတွက် တွန်းအားပေး ဆောင်ရွက်ခဲ့ပါသည်။ CIRD သည် ၎င်း၏ အဖွဲ့အစည်းကို လည်ပတ်ရာ၌ **“ပြုပြင်ပြောင်းလဲရေးဘက်သို့ ဦးတည်သော နည်းလမ်းများဖြင့် အဖွဲ့အစည်းများကို စီမံခန့်ခွဲခြင်း”**ဟူသောမူကို မြဲမြံစွာလိုက်နာကျင့်သုံးခဲ့ပါသည်။ ထိုသို့ ကျင့်သုံးခြင်းဖြင့် တရုတ်နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ထိပ်တန်းတတ်သိပညာရှင်အဖွဲ့အစည်း (Leading Think Tank)တစ်ခုအဖြစ် ဆက်လက်တည်ဆောက်ရန်အတွက် ကြိုးပမ်းအားထုတ်လျက်ရှိပါသည်။

**ပြုပြင်ပြောင်းလဲရေးသည် အပြင်ကလာမည့် ရန်သူမဟုတ်၊ အတွင်း၌ရှိနှင့်ပြီး မိတ်ဆွေဖြစ်သည်။ ပြုပြင်ပြောင်းလဲရေးသည် ပြောင်းလဲနေသော အခြေအနေများကို အချိန်မီနှင့် ကောင်းစွာတုံ့ပြန်ဆောင်ရွက်ခြင်းနှင့် အနာဂတ်စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် ကောင်းစွာ ပြင်ဆင်ထားခြင်းဖြစ်သည်။ ပြုပြင်ပြောင်းလဲရေးသည် ပေါ်ပေါက်လာနိုင်ဖွယ်ရှိသည့် အန္တရာယ်(Risks)များကို ကြိုတင်ခန့်မှန်းပြီး ယင်းတို့ကို ကြံ့ကြံ့ခံနိုင်စွမ်းရှိရန် ပြင်ဆင်ထားခြင်းဖြစ်ပါသည်။ ထို့ကြောင့် ပြုပြင်ပြောင်းလဲရေး(Reform)သည် ရန်သူမဟုတ် မိတ်ဆွေဖြစ်သည်ဟု ယုံကြည်ပါသည်။** ။

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် မီးဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း



**နေပြည်တော် ဇန်နဝါရီ ၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ပျဉ်းမနားမြို့နယ်မြေ(၁၆) ရန်အောင်(၂)ရပ်ကွက်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ညပိုင်းက ဖြစ်ပွားခဲ့သည့် မီးလောင်မှုဖြစ်စဉ်ကြောင့် တပေါင်းကွင်း ယာယီကယ်ဆယ်ရေးစခန်း၌ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသော မီးဘေးသင့်ပြည်သူများအား ယနေ့ သွားရောက်တွေ့ဆုံအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ မီးဘေးသင့် အိမ်ထောင်စု ၆၀ မှ ပြည်သူ ၃၀၈ ဦးအတွက် ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော်များ၊ ဆန်၊ ဆီ၊ စောင်၊ အိပ်ရာခင်းဖျာ၊ ပုဝါ၊ ကုလားပဲ၊ မုန့်နှင့် အချိုရည် စသည့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပြီး မီးဘေးသင့်ပြည်သူများအား နွေးထွေးစွာ အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ငလျင်ကြောင့်ထိခိုက်ပျက်စီးခဲ့သော ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်ရှိ ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဇမ္ဗူသီရိမြို့နယ် ပညာသိဒ္ဓိရပ်ကွက် ခရေအိမ်ရာသို့သွားရောက်ပြီး ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော ဝန်ထမ်းအိမ်ရာ တိုက်အမှတ်(၁၁၄) ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံများ ပြန်လည်ပြုပြင်ရာတွင် ပျက်စီးမှုအမျိုးအစားအလိုက် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့် (SOP) အတိုင်း ပြင်ဆင်ရေး၊ မူလထက် ပိုမိုခိုင်ခံ့စေရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး၊ သတ်မှတ်ကာလအတွင်း အမြန်ပြီးစီးအောင် အလေးထားဆောင်ရွက်ရေး၊ လုပ်သားအင်အားတိုးမြှင့်ဆောင်ရွက်ရေး၊ ရေရှည်ခိုင်ခံ့မှုရှိအောင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး၊ အရည်အသွေးပြည့်မီသော ပစ္စည်းများကိုသာ လုပ်ငန်းခွင်အတွင်း အသုံးပြုရေး၊ ငလျင်အပြင် သဘာဝဘေးအန္တရာယ်များ ခံနိုင်ရည်ရှိအောင် ဆောင်ရွက်ရေးနှင့် ဘေးပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး၊ ရေနုတ်မြောင်းများအတွင်း အမှိုက်များပိတ်ဆို့မှုမရှိစေရေး၊ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက် ကံ့ကော်အိမ်ရာ၌ ငလျင်ကြောင့်ထိခိုက်ပျက်စီးခဲ့သော ဝန်ထမ်းအိမ်ရာ တိုက်အမှတ်(၃၀၉)၊ (၃၁၀)နှင့် (၃၁၁) တို့ ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

# ကျုံပျော်မြို့နယ် ဒါးကချောင်းကူး (နတ်ကန်) ကွန်ကရစ်တံတားသစ်ဖွင့်



**နေပြည်တော် ဇန်နဝါရီ ၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးသည် ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ညောင်တုန်းမြို့နယ် စက္ကော့တောင် ကျေးရွာအုပ်စု အုန်းပင်စု ခေတ်မီစံပြကျေးရွာ (Smart Village)သို့သွားရောက်၍ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် စက္ကော့-အင်းမ ဆက်သွယ်သော လမ်းအရှည် ၂ ဒသမ ၅ ဖာလုံ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လမ်းပခုံးများ စနစ်တကျ ဖြစ်စေရေး၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ရန် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယဝန်ကြီးသည် ခေတ်မီစံပြကျေးရွာ စီမံကိန်း လုပ်ငန်းများကို လည်းကောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း (RBF) စီမံကိန်းရန်ပုံငွေများဖြင့် ဂန္ဓမာပန်း စိုက်ပျိုးရေးလုပ်ငန်း၊ ငါးပြေမ ငါးမွေးမြူရေးလုပ်ငန်းနှင့် ဖယောင်းတိုင်လုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ အိမ်သွယ်ရေတိုင်စနစ်ဖြင့် သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးထားမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၏ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းဖြင့် ဖွင့်လှစ်ခဲ့သော အခြေခံနှင့် မွမ်းမံစက်ချုပ်သင်တန်း တက်ရောက် အောင်မြင်ခဲ့ပြီး ကိုယ်ပိုင်စီးပွားရေး ဆောင်ရွက်နေကြသော သင်တန်းသူများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။

ဆက်လက်၍ ဇလွန်မြို့သမိုင်းဝင် မာန်အောင်မြင် ပြည်တော်ပြန်ဘုရားကြီးအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဝတ္ထုငွေ၊ ဆွမ်း၊ ပန်း၊ ရေချမ်းနှင့် ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အတူ ကျုံပျော်မြို့နယ် နတ်ကန်ကျေးရွာသို့ သွားရောက်၍ (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက တိုင်းဒေသကြီး ရန်ပုံငွေဖြင့် တည်ဆောက်ခဲ့သော နတ်ကန်ကျေးရွာနှင့် ဘိုးထောင့်ကျေးရွာ ချင်းဆက်လမ်းပေါ်ရှိ ဒါးကချောင်းကူး ကွန်ကရစ်တံတား ပေ ၃၀၀ ဖွင့်ပွဲသို့ တက်ရောက်၍ ကွန်ကရစ်တံတားသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ကျုံပျော်မြို့နယ် ကွင်းသာကျေးရွာအုပ်စု မော်သေးအရှေ့စုကျေးရွာသို့သွားရောက်၍ (၇၈)နှစ်မြောက်လွတ်လပ်ရေးနေ့ကိုကြိုဆို ဂုဏ်ပြုသောအားဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဖောက်လုပ်ခဲ့သည့် မြေရဲတောင် အမှတ်(၂) ကုန်ထုတ်လမ်းဖွင့်ပွဲသို့တက်ရောက်ပြီး ကုန်ထုတ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# တောင်ငူမြို့၌ အားကစားပြိုင်ပွဲများနှင့် ဈေးရောင်းပွဲတော် ဖွင့်ပွဲကျင်းပ

**တောင်ငူ ဇန်နဝါရီ ၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ မိုင်ဒါကွင်း၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ ပြခန်းများနှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ တောင်ငူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးနှင့် မြို့မိမြို့ဖ ဦးမြင့်သူတို့က အမှာစကားပြောကြားသည်။ ထို့နောက် တောင်ငူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အဖွဲ့ဝင်များသည် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ ဌာနဆိုင်ရာပြခန်းများ၊ အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများနှင့် ဈေးရောင်းပွဲတော်ကို လှည့်လည်ကြည့်ရှုအားပေးသည်။

အားကစားပြိုင်ပွဲအဖြစ် ဘော်လီဘော၊ ဖူဆယ်ဘောလုံး၊ ပိုက်ကျော်ခြင်း၊ စစ်တုရင်၊ စားပွဲတင်တင်းနစ်၊ ချောတိုင်တက်၊ ခေါင်းအုံးရိုက်၊ လွန်ဆွဲပွဲ၊ ရိုးရာခြင်းအလှခတ်၊ စက်ဘီးအပျော်စီးပွဲတော်၊ မိုက်ခရိုမာရသွန်ပြိုင်ပွဲနှင့် ပြေးခုန်ပစ်ပြိုင်ပွဲတို့ကို ကျင်းပလျက်ရှိပြီး ဌာနဆိုင်ရာပြခန်းများ၊ ပျော်ပွဲရွှင်ပွဲများနှင့် ဈေးရောင်းပွဲတော်ကြီးကို ဇန်နဝါရီ ၂ရက်မှ ၇ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၂**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေပိုင်းတွင် မိုင်းတုံမြို့ရှိ နယ်မြေခံတပ်ရင်းဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ် စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ ဌာနေပြည်သူ့စစ်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ရှမ်းပြည်နယ် (အရှေ့ပိုင်း) မြို့နယ် သုံးခု၌ ဒီဇင်ဘာ ၂၈ ရက်က ကျင်းပသည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၁)၏ အားနည်းချက်၊ အားသာချက်များကို သုံးသပ်ဆွေးနွေးပြီး အပိုင်း (၂)တွင် ပါဝင်သည့် မိုင်းတုံမြို့နယ်၌ ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက ရွေးကောက်ပွဲ အပိုင်း(၂) ကျင်းပရာတွင် မဲဆန္ဒရှင် ပြည်သူများ လွတ်လပ်အေးချမ်းစွာနှင့် အဆင်ပြေ ချောမွေ့စွာဆန္ဒမဲပေးနိုင်ရေး၊ တိုင်းရင်းသားများ ဒေသဖြစ်၍ ဘာသာစကားအခက်အခဲ မရှိစေရန် ကြိုတင်ဆောင်ရွက်ထားရှိရေး၊ ဆန္ဒမဲပေးရန်စောင့်ဆိုင်းစဉ် နားနေရန်ယာယီတဲနှင့်ထိုင်ခုံများ၊ သောက်ရေများ စီစဉ်ထားရှိရေး၊ တောင်ပေါ်ကျေးရွာများအတွက် ကြို/ပို့ မော်တော်ယာဉ်များ အဆင်သင့် စီစဉ်ထားရှိရေး၊ ကျန်းမာရေးကဏ္ဍအတွက် ဆေးအဖွဲ့များနှင့် လုံခြုံရေးပိုင်းဆိုင်ရာများကို အသေးစိတ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး တပေါင်းကွင်း ယာယီမီးဘေးကယ်ဆယ်ရေးစခန်းရှိ မီးဘေးသင့်ပြည်သူများအတွက် အလှူရှင်များလာရောက်လှူဒါန်းမှု ကြည့်ရှုအားပေး




**ပျဉ်းမနား ဇန်နဝါရီ ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ ရန်အောင်(၂) ရပ်ကွက် ရန်နိုင်ရပ်တွင် ဒီဇင်ဘာ ၃၁ ရက် ညပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့သည့်အတွက် တပေါင်းကွင်းယာယီမီးဘေးကယ်ဆယ်ရေးစခန်းကို ဖွင့်လှစ်ဆောင်ရွက်ပေးထားရာ ကယ်ဆယ်ရေးစခန်းရှိ မီးဘေးသင့် ပြည်သူများအတွက် အလှူရှင်များ လာရောက်လှူဒါန်းမှုကို နေပြည်တော် ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဦးစွာ နေပြည်တော်ဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်းမှ ဒေါ်သရဖီစံနှင့် ညီအစ်မများက မီးဘေးသင့်ပြည်သူများအတွက် စောင်၊ ဝွမ်းကပ်၊ ခေါင်းအုံး၊ ခြင်ထောင်၊ ပုဆိုး၊ လုံချည်၊ မျက်နှာသုတ်ပဝါများနှင့် အသုံးအဆောင်ပစ္စည်းများကို မီးဘေးသင့်ပြည်သူများထံ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် နေပြည်တော်ရေသန့်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမိုးကျော်က မီးဘေးသင့်ပြည်သူများအတွက် ရေသန့်ဘူးကြီး ၁၄၅ ဘူးနှင့် တစ်လီတာရေသန့် ၂၄၅ ကတ်ကို ပေးအပ်လှူဒါန်းရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်က ယာယီမီးဘေးကယ်ဆယ်ရေး စခန်းအတွင်း ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများ၊ အလှူရှင်များ၏ လာရောက်လှူဒါန်းမှုများအတွက် လက်ခံ ဆောင်ရွက်နေမှုအခြေအနေများ၊ ရေ၊ မီး၊ မိလ္လာကိစ္စများ ဆောင်ရွက် ပေးထားမှုများကို ကြည့်ရှုစစ်ဆေးပြီး မီးဘေးသင့်ပြည်သူများ နေထိုင်စားသောက်မှုများ အဆင်ပြေချောမွေ့စေရေးအတွက် စနစ်တကျစီမံဆောင်ရွက်ပေးနိုင်ရန် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## လွတ်လပ်ရေး ပန်းတစ်ပင်

❁ အဘိုးနဲ့ အဘွားတို့
ပျိုးထားလို့သန်ရှင်။
ဖူးပွင့်နွယ် အင့်အကင်းတွေနဲ့
ခူးချင့်ဖွယ် ထုံထုံသင်းပါဘိ
ဝင်းလဲ့စည်ပင်။
တို့ပိုင်တဲ့ မြေပေါ်တွင်
တို့မြင်ရ အလှဆန်း။
ဘိုးဘွားမွေ အထွတ်မြတ်
လွတ်လပ်တဲ့ပန်း။

❁ အဖေနဲ့ အမေတို့
ကြိုးစားလို့ အားမာန်ချီ။
ဘိုးအမွေ အဖေ့အတွက်
ဘွားအမွေ အမေ့လက်
ဆက်ခံခဲ့သည်။
ရှုမညောင်းပေဘ
ဥဒေါင်းငှက် ကဟန်ချီ
တို့ရွှေပြည် ရှုမဆုံး။
ကမ္ဘာအသိပေပေါ့
မြန်မာ၏အလံ အနီရောင်သန်းပါလို့
ဇာတိမာန် ဂုဏ်ရည်လွှမ်းတဲ့
ပန်းရနံ့ဖုံး။

❁ အဖေ့သမီး အမေ့သား
မြေးမြစ်များ လက်ထက်တွင်။
အလှတွေ နှစ်ဆတိုးစေဖို့
မြန်မာ့မြေ မြန်မာ့အကျိုးအတွက်
နိုးကြားစေချင်။
လွတ်လပ်ရေး ပန်းတစ်ပင်
လန်းရှင်ဖို့ အစဉ်တွေး။
သူ့အလှ ကိုယ်မဖျက်သည်သို့
ကိုယ့်အလှ သူလာဖျက်လျှင်လည်း
အမျက်မာန် ဆယ်ပြန်တင်းပါလို့
အဖျက်ရန် အမြန်ကင်းအောင်
ရှင်းကြစို့လေး။ ။

မြင်းမူမောင်နိုင်မိုး

## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ နှစ်သစ်ကူးဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ နိုင်ငံတကာ နှစ်သစ်ကူးအထိမ်းအမှတ် ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ညနေ ၅ နာရီက ဘုရင့်နောင်ပန်းခြံတွင် ကျင်းပသည်။

အဆိုပါ နှစ်သစ်ကူးပွဲတော်တွင် Five Star လူရွှင်တော်အဖွဲ့က ပရိသတ်အကြိုက် တေးသီချင်းများဖြင့် ဖျော်ဖြေပြီး ပြည်သူများကလည်း ပျော်ရွှင်စွာကခုန်သီဆိုကြရင်း နှစ်သစ်ကူးမည့်အချိန်ကို စုပေါင်းကြိုဆိုကြရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ လာရောက်ကြည့်ရှု၍ Five Star အဖွဲ့အား ဂုဏ်ပြုဆုငွေများ ချီးမြှင့် ပေးအပ်ခဲ့သည်။ ဂီတဖျော်ဖြေရေးပွဲတော်တွင် Countdown ကို တပျော်တပါး သံပြိုင်ရေတွက်ကြပြီး Happy New Year ဟုသံပြိုင်ဟစ်ကြွေးကာ မီးရှူးမီးပန်းများ ပစ်ဖောက်ခဲ့ပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၅၅၅ လုံး စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်

**နေပြည်တော် ဇန်နဝါရီ ၂**

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိတရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံခြောက်လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ယနေ့တွင် မြဝတီ-မဲ့ထော်သလေး(KK Park) အပိုင်း(၃) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ခြောက်ထပ်အဆောက်အအုံလေးလုံးနှင့် အပိုင်း(၂)နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်တရားမဝင်လေးထပ်အဆောက်အအုံနှစ်လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံခြောက်လုံးတို့ကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၅၅၅ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။


ထို့ပြင် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင်အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန်အတွက် လေအိုးမီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကို ဒီဇင်ဘာ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် နှစ်ထပ်အဆောက်အအုံငါးလုံးကို ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း တရားမဝင်အဆောက်အအုံ ၉၁ လုံးတို့ကို ရာခိုင်နှုန်းပြည့် ဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ယင်းအပြင် KK Park နယ်မြေအတွင်းရှိအွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများအား ထပ်မံအသုံးပြုမှုမရှိစေရေးအတွက် စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




ကရင်ပြည်နယ် မြဝတီမြို့နယ် KK Park နယ်မြေအတွင်း အပိုင်း(၂/၃)ရှိ တရားမဝင်အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှုကို တွေ့ရစဉ်။




KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် ခြောက်ထပ်လူနေအဆောက်အအုံ ဖြိုချဖျက်ဆီးမှုကို တွေ့ရစဉ်။




KK Park နယ်မြေ အပိုင်း (၂)တွင် တရားမဝင်ဆောက်လုပ်ထားသည့် လေးထပ်လူနေအဆောက်အအုံ ဖြိုချဖျက်ဆီးမှုကို တွေ့ရစဉ်။

## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် သာကေတမြို့နယ်တို့၌ မီတာဖတ်ရှုနေမှုများ ကြပ်မတ်စစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၂**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် ရုံးချုပ်၊ ခရိုင်တို့မှ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် သာကေတမြို့နယ် လျှပ်စစ်မန်နေဂျာရုံးသို့သွားရောက်၍ ဒီဇင်ဘာလအတွက် မီတာဖတ်ရှုနေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မြို့နယ်ရုံးများသို့ ရောက်ရှိစဉ် ဓာတ်အားပျောက်ဆုံးမှုအခြေအနေများ၊ ဓာတ်အားခကြွေးကျန်အခြေအနေများ၊ မီတာဖတ်ရှုနေမှုအခြေအနေများနှင့် ထရန်စဖော်မာ၊ ဖီဒါအလိုက် ဓာတ်အားဖြန့်ဖြူးထားမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ချစ်ဆောင်(YESC)**



## အုတ်တွင်းမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး



**အုတ်တွင်း ဇန်နဝါရီ ၂**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးဘေးစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက အုတ်တွင်းမြို့နယ် ကြက်သွန်ခင်း(၁)ရပ်ကွက်နှင့် ကျွဲပွဲမြို့ မြို့ပေါ်အမှတ်(၁) ရပ်ကွက်အတွင်းရှိ နေအိမ်များအား တစ်အိမ်တက်ဆင်းလိုက်လံစစ်ဆေးခြင်းနှင့် အကြံပြုခြင်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့စစ်ဆေးရာတွင် ဟောင်းနွမ်းသောလျှပ်စစ်မီးကြိုးအသစ်လဲလှယ်အသုံးပြုရေး၊ လျှပ်စစ်အသုံးပြုရာတွင် သတိထားရမည့်အချက်များ၊ ဆေးလိပ်သောက်ရာတွင် သတိပြုဆင်ခြင်သင့်သည့်အချက်များ၊ ဖယောင်းတိုင်နှင့်လောင်စာဆီအသုံးပြုရာတွင် သတိပြုသင့်သည့်အချက်များ၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများထားရှိစေရေးနှင့် မီးသတ်ဆေးဘူးများ ထားရှိစေရေး၊ မီးဘေးအန္တရာယ် ကျရောက်လာပါကမြို့နယ်မီးသတ်ဦးစီးဌာနသို့ အချိန်မီဆက်သွယ်အကြောင်းကြားပေးရန် အသိပညာပေးပြောကြားခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ကျော်မြင့်ထံမှ သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

## ကျောက်တန်းမြို့နယ် စည်ပင်သာယာမြို့မဈေး မီးဘေးအန္တရာယ်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**ကျောက်တန်း ဇန်နဝါရီ ၂**

ရန်ကုန် တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် စည်ပင်သာယာမြို့မဈေး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို ဇန်နဝါရီ ၂ ရက်က ပြုလုပ်သည်။

ထိုသို့ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဘုန်းခန့်အောင် ကြီးကြပ်မှုဖြင့်



မြို့နယ် မီးသတ်ဦးစီးမှူး စည်ပင်သာယာရေး အဖွဲ့ ဦးအောင်ကျော်ဝင်း၊ မြို့နယ် အမှုဆောင်အရာရှိ ဦးမြင့်ဦးနှင့် မြို့နယ် လျှပ်စစ်မန်နေဂျာ ဦးကျော်မင်းထွန်းတို့က ဈေးရှိ ဆိုင်ခန်းပေါင်း ၆၁၀ မီးဘေးလုံခြုံရေးအတွက် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဆောင်ရန်ရှောင်ရန်များ လိုက်နာရမည့် စည်းကမ်းများကို မှာကြားကာ အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာပါက မီးသတ်ဆေးဘူး အသုံးပြုနည်းနှင့် မီးငြိမ်းသတ်နည်းတို့ကို သရုပ်ပြသခဲ့ကြောင်း သိရသည်။

**နိုးတူး(ကျောက်တန်း)**

# စစ်ကိုင်းတောင်ရိုး သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာအကယ်ဒမီကျောင်းတိုက် သီတဂူသန္နိပါတဘွဲ့နှင်းသဘင် အုတ်မြစ်စီမင်္ဂလာအခမ်းအနား ကျင်းပ



မုံရွာ ဇန်နဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာအကယ်ဒမီကျောင်းတိုက် သီတဂူသန္နိပါတဘွဲ့နှင်းသဘင် အုတ်မြစ်စီမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းတိုက်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး ရွှေကျင်နိကာယာဓိပတိဥက္ကဋ္ဌ ဓမ္မသေနာပတိ သောဠသမရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု သီတဂူဆရာတော်ကြီးနှင့် ပင့်သံဃာဆရာတော်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ သီတဂူဆရာတော်ကြီးထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများနှင့် အလှူရှင်များက သတ်မှတ်နေရာများ၌ အုတ်မြစ်စီမင်္ဂလာပြုလုပ်ကြကာ အမွှေးနံ့သာများ ပက်ဖျန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရတနာကြုတ်များအား အုပ်မြစ်တော်အလယ်ဗဟိုရှိ သတ်မှတ်နေရာများတွင် အုတ်မြစ်စီမင်္ဂလာပြုလုပ်ကြပြီး သီတဂူဆရာတော်ကြီးနှင့်အတူ အမွှေးနံ့သာများ ပက်ဖျန်းကာ ရတနာရွှေမိုး၊ ငွေမိုး ရွာသွန်းဖြိုးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ရတနာစေတီဆင်များရှင်စေတီတော်မြတ်ကြီး စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တင်လှူပူဇော်ပွဲသို့ တက်ရောက်ကြသည်။

ဦးစွာ သီတဂူဆရာတော်ကြီးထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ရတနာစေတီဆင်များရှင်စေတီတော်မြတ်ကြီး ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူကြည်ညိုကြပြီး သီတဂူဆရာတော်ကြီးနှင့် ဩဝါဒါစရိယဆရာတော်ကြီးများထံ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် အလှူရှင်များက ရတနာစိန်ဖူးတော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ရှိ ဉာဏ်တော် ၁၀၈ ပေ မဟာယင်္ဂဏစေတီတော်မြတ်ကြီး ပြုပြင်မွမ်းမံရန်အတွက် အလှူငွေကျပ်သိန်းတစ်ထောင်နှင့် ရတနာထွဋ်ခေါင် စေတီတော်အတွက် ငွေကျပ် သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်ကို တင်လှူပူဇော်ကြပြီး ဩဝါဒါစရိယ ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ စူဠာမဏိကောင်းမှုတော် စေတီတော်မြတ်ကြီး ပြုပြင်နေမှု၊စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီး ပြန်လည်မွမ်းမံမှုလုပ်ငန်းများဆောင်ရွက်နေမှု၊ သာသနာ့ဗိမာန်တော်ကြီး ပြန်လည်ပြင်ဆင်တည်ဆောက်ပြီးစီးမှု၊ စစ်ကိုင်းမြို့ မဟာမင်္ဂလာစေတီတော်ကြီး ပြန်လည်ပြုပြင်တည်ဆောက်နေမှုတို့ကို သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြောက်ဥက္ကလာပမြို့ ဆုတောင်းပြည့်မယ်လမုစေတီတော်ကြီး၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ



ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်တိုင်း ဒေသကြီး မြောက်ဥက္ကလာပမြို့ ဆုတောင်းပြည့် မယ်လမုစေတီတော်ကြီး (၅၆) ကြိမ်မြောက် ဗုဒ္ဓပူဇနိယ ပွဲတော် ဗုဒ္ဓါဘိသေက အနေကဇာတင် အခမ်းအနားနှင့် မဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအထိမ်းအမှတ် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ဆုတောင်းပြည့် မယ်လမုစေတီတော်ကြီး၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားသို့ ကြွရောက်လာကြသော ဆရာတော် သံဃာတော် အရှင်သူမြတ်များ ရွတ်ဖတ် ချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူခဲ့ကြပြီး တိုင်းသံဃနာယကအဖွဲ့ဝင် မဟာကမ္မဋ္ဌာနာစရိယ ပရိယတ္တိသဒ္ဓမ္မာနုဂ္ဂဟဓမ္မာစရိယ သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တဝိသာရဒ ဓမ္မာဝိဟာရ ကျောင်းတိုက်ဆရာတော်ထံမှ အနုမောဒနာတရား နာယူခဲ့ကြသည်။ ယင်းနောက် မြို့နယ်သံဃနာယက ဥက္ကဋ္ဌ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ သာသနဓဇဓမ္မာစရိယ ဇလွန်ပရိယတ္တိစာသင်တိုက် ဆရာတော်ထံမှ ရေစက်သွန်းချတရားနာယူကြရာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းကြသည်။

### လောင်းလှူပူဇော်

ဆက်လက်၍ ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ကျင်းပရာ ပင့်သံဃာတော် အရှင်သူမြတ် ၁၀၉ ပါးတို့အား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမိုးသူနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပွဲတော်ကျင်းပရေး ကော်မတီ ဥက္ကဋ္ဌ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဓမ္မာရုံအဖွဲ့များ၊ ဆွမ်းလောင်းအသင်းများ၊ ပရဟိတအသင်းအဖွဲ့များ၊ ကုမ္ပဏီများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ စေတနာရှင် အလှူရှင်များက ပင့်ဖိတ်ထားသော မြို့နယ်ဩဝါဒါစရိယဆရာတော် အရှင်သူမြတ်များနှင့် သီလရှင် ဆရာလေးများအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပူဇော်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဆုတောင်းပြည့် မယ်လမုစေတီတော်ကြီး (၅၆) ကြိမ်မြောက် ဗုဒ္ဓပူဇနိပွဲတော် ဗုဒ္ဓါဘိသေက အနေကဇာတင် အခမ်းအနားနှင့် မဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲ အထိမ်းအမှတ်အဖြစ် ဘုရားပွဲတော်အား ဇန်နဝါရီ ၂ ရက်မှ ၁၂ ရက်အထိ ဘုရားပွဲတော်ကာလအတွင်း ပျော်ပွဲရွှင်ပွဲများနှင့် ဈေးရောင်းပွဲတော်များ ထည့်သွင်း ကျင်းပလျက်ရှိကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**



# အာနန္ဒာဘုရားကြီး၏ (၉၃၅) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

ညောင်ဦး ဇန်နဝါရီ ၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့ဟောင်းရှိ အာနန္ဒာဘုရားကြီး၏ (၉၃၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် ပင့်သံဃာအပါး ၃၂၀ တို့အား ဆွမ်းသပိတ်လောင်းလှူခြင်းများဖြင့် ဗုဒ္ဓပူဇနိယပွဲတော်အား ကျင်းပသည်။

ဗုဒ္ဓပူဇနိယပွဲတော်ကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး နိုင်ငံတော်ဩဝါဒါစရိယ မြစ်ကြည့်တိုက် ရုပ်စုံကျောင်းဆရာတော် ဘဒ္ဒန္တကုဏ္ဍဝံသအရှင်သူမြတ်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်အရှင်သူမြတ်များထံမှ မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြည်ညိုကြပြီး ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညို နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဝင်များ၊ မြန်မာပြည်အရပ်ရပ်မှ အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ညောင်ဦးမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဂန္ထဝါစကပဏ္ဍိတ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍိတအရှင်သူမြတ်ထံမှ အနုမောဒနာတရားခံယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ထို့နောက် ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဝင်များ၊ မြန်မာပြည်အရပ်ရပ်မှ ဆွမ်းသပိတ်လုံးအလှူရှင်များက သံဃာတော် အရှင်သူမြတ်အပါး ၃၂၀ တို့အား ဆွမ်းသပိတ်လုံးများ လောင်းလှူကြသည်။

အာနန္ဒာဘုရားပွဲတော်သည် တစ်လကျော်ကြာ ကျင်းပသည့် ပွဲတော်ဖြစ်ပြီး ယခုနှစ်တွင် အစဉ်အလာမပျက် မြန်မာပြည်အရပ်ရပ်မှလှူဒါန်းထားရှိသည့် ဆွမ်းသပိတ်လုံး ၂၂၀၀ ကျော်တို့အား လောင်းလှူပူဇော်ခဲ့ကြောင်း သိရသည်။ အာနန္ဒာမြတ်စွာဘုရားကြီး၏ (၉၃၅) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်သို့ မြန်မာပြည်အရပ်ရပ်မှ ပြည်တွင်းဘုရားဖူးများ၊ ပြည်ပနိုင်ငံသားများ လာရောက်သူများပြားလျက်ရှိပြီး ဘုရားပရိဝုဏ်အတွင်း စည်ကားလျက်ရှိကြောင်း သိရသည်။

**ဒီပါလင်း**

# ရမည်းသင်းမြို့နယ် ပုတီးကုန်းရွာ အိုင်လျှားစေတီတော်ကြီး၌ ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ

မန္တလေး ဇန်နဝါရီ ၂

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ပုတီးကုန်းကျေးရွာ၏ ရှေးဟောင်းသမိုင်းဝင် ဇေယျသိဒ္ဓိအိုင်လျှားဆုတောင်းပြည့် စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ဇန်နဝါရီ ၁ ရက်(ပြာသိုလပြည့်နေ့)က အဆိုပါစေတီတော်ကြီးပရိဝုဏ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



အဆိုပါ ဗုဒ္ဓပူဇနိယပွဲတော်တွင် စေတီတော်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးတို့ဖြင့် ဆက်ကပ်လှူဒါန်းခြင်း၊ သံဃာတော်များအား ဆွမ်း၊ ဘောဇဉ်နှင့် နဝကမ္မဝတ္ထုငွေအစုစုတို့ကို လှူဒါန်းခြင်း၊ သက်ကြီးအဘိုးအဘွားတို့အား အလှူငွေနှင့် မုန့်တို့လှူဒါန်းခြင်း၊ ဘုရားဖူးလာကြသူများအား နေ့လယ်စာနှင့် မုန့်လေပွေ၊ လက်ဖက်သုပ်၊ ကောက်ညှင်းပေါင်း၊ အကြော်၊ ဆနွင်းမကင်း၊ ကျောက်ကျော၊ ရွှေထမင်းတို့ဖြင့် အာဟာရဒါနကျွေးမွေးဧည့်ခံပြီး လှူဒါန်းမှုအစုစုတို့အတွက် ဦးကုမာရ (မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ) ပုတီးကုန်းရွာဦးကျောင်းဆရာတော် ဟောကြားသောတရားတော်ကို နာယူကာ ရေစက်သွန်းချ အမျှအတန်းပေးဝေခဲ့ကြသည်။ နှစ်စဉ်စေတီတော်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ပုတီးကုန်းဆရာတော်ကြီး ဘဒ္ဒန္တပဏ္ဍိတတပည့်၊ ရဟန်း၊ သံဃာ၊ အလှူရှင်များက စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပြီး ပွဲတော်သို့ ပုတီးကုန်းရွာ၊ ကုန်းသာရွာ၊ ကမ္မရွာ၊ လေသာကုန်း၊ ရိုးကြီးရွာ၊ အင်းပေါင်ရွာ၊ မြို့လုရွာ၊ ရမည်းသင်းမြို့နှင့် နေပြည်တော်တို့မှ လာရောက်ကြကြောင်း သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**

# ကယားပြည်နယ်အတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး

လွိုင်ကော် ဇန်နဝါရီ ၂

ကယားပြည်နယ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပိုင်း(၂) အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦး၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပိုင်း(၁)ကို လွိုင်ကော်မြို့နယ်နှင့် ဘောလခဲမြို့နယ်တို့တွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း၊ အပိုင်း(၂) တွင်ပါရှိသည့် ဒီးမော့ဆိုမြို့နယ်နှင့် ဖရူဆိုမြို့နယ်တို့တွင် အောင်မြင်စွာကျင်းပနိုင်ရေး ပေါင်းစပ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူတိုင်း မဲပေးနိုင်စေရေး၊ မဲရုံနှင့် စက်ပစ္စည်းများလုံခြုံရေး၊ နယ်မြေဒေသလုံခြုံရေးနှင့် မဲဆန္ဒရှင်ပြည်သူများ၏ လုံခြုံရေးအတွက် တာဝန်ရှိသူအားလုံးက စနစ်တကျ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒေသကွပ်ကဲရေးမှူး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် လွိုင်ကော်မြို့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ ရောက်ရှိပြီး ပြည်နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ရှမ်းစုရပ်ကွက်ရှိ ရွှေကျောင်းပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိကာ ပြည်နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် သီရိမင်္ဂလာတောင်ကွဲစေတီသို့ သွားရောက်ဖူးမြော်ကာ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ပြီး အရံစေတီတော်နှစ်ဆူ ရွှေသင်္ကန်းကပ်လှူဆောင်ရွက်ပြီးစီးနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ ဘုရားဖူးလာရောက်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်စေရေး စေတီပရိဝုဏ်အတွင်း စိမ်းလန်းစိုပြည်ရေး၊ သန့်ရှင်းသာယာရေးဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဆုတောင်းပြည့် မြို့နာမ်စေတီတော်သို့ သွားရောက်ဖူးမြော်ပြီး မီးသတ်တပ်ဖွဲ့ဝင်များက စေတီတော်ပရိဝုဏ် သန့်ရှင်းသာယာရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကာ တာဝန်ရှိသူများအား သာသနိကအဆောက်အအုံများ ရေရှည်တည်တံ့ရေး ထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်

ထားဝယ် ဇန်နဝါရီ ၂

တနင်္သာရီတိုင်း ဒေသကြီး အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအပိုင်း (၂) အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ဗီဒီယို ကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီး ချုပ် ဦးမြတ်ကိုက ရွေးကောက်ပွဲ အပိုင်း(၁) ကျင်းပပြီးစီးမှုအပေါ် အခြေခံ၍ အားနည်းချက်/ အားသာချက်များကို မြင်တွေ့ခဲ့ရမှုကြောင့် အဓိကအနေဖြင့် မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနိုင်ရေးသည် အရေးကြီးကြောင်း၊ မဲဆန္ဒရှင်ပြည်သူများ မဲစာရင်း နံပါတ် အမှတ်စဉ်ကြည့်ရှုသည့်အခါ လွယ်ကူစွာရှာဖွေနိုင်ရေးနှင့် မကျန်ရှိစေရေးအတွက် ဝိုင်းဝန်း ကူညီဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ရွေးကောက်ပွဲအပိုင်း(၂) တွင် ရပ်ကွက်/ကျေးရွာများ၌ မဲဆန္ဒရှင်ပြည်သူ များပြားပါက အုပ်ချုပ်မှု အပိုင်းတွင်ရှိသော တာဝန်ရှိသူများက မဲဆန္ဒရှင် ပြည်သူဦးရေအပေါ် မူတည်ပြီး မဲရုံများတိုး၍ဆောင်ရွက်ပေးပါက အချိန်ကုန်သက်သာပြီး လွယ်ကူ အဆင်ပြေနိုင်ကြောင်း၊ တိုင်းဒေသကြီးတွင် မဲရုံမှူး၊ ဒုမဲရုံမှူးများ အပြင် ဌာနဆိုင်ရာများကို မဲပေးစက်(MEVM) အသုံးပြုခြင်း ဆိုင်ရာသင်တန်းများ ပို့ချပေးထားသောကြောင့် အဆင်ပြေကြောင်း၊ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးသည့်အခါ မှတ်ပုံတင်များကိုပါ တစ်ပါတည်း ယူဆောင်နိုင်ရေး၊ သက်ကြီးရွယ်အိုများနှင့် မဲဆန္ဒရှင်ပြည်သူများမဲရုံသို့ ရောက်ရှိသည့်အခါ သက်သောင့်သက်သာစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် မဲရုံရှိ တာဝန်ရှိသူများက ဝိုင်းဝန်း ကူညီဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက်ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန်က ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲရုံများ၌ လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်း တင်ပြပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ်သိန်းက မြန်မာ အီလက်ထရောနစ် မဲပေးစက် (MEVM)နှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများက အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည့်ရွေးကောက်ပွဲအပိုင်း(၁)၏ ရလဒ်များအပေါ် အားသာချက်/ အားနည်းချက်များ၊ ရွေးကောက်ပွဲအပိုင်း(၂) အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေး တင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးမောင်(ရှမ်းအရှေ့တာဝန်ခံ) မိုင်းဖြတ်မြို့နယ်၌ ရွေးကောက်ပွဲအပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေး မဲရုံများကြည့်ရှုစစ်ဆေး

မိုင်းဖြတ် ဇန်နဝါရီ ၂

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ်တွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမျိုးမောင် (ရှမ်းအရှေ့တာဝန်ခံ)သည် ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၂) အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် မဲရုံများကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးမောင် (ရှမ်းအရှေ့တာဝန်ခံ)သည် မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ဝမ်ဟွေရပ်ကွက် အမကရှိ ဝမ်ငုမ်မဲရုံ၊ ဈေးတန်းရပ်ကွက် အထကရှိ ဈေးတန်းမဲရုံ(၁)နှင့် ဝမ်လုံးကျေးရွာအုပ်စုရှိ မဲရုံအမှတ် (၂) နားမွန်းကျေးရွာခန်းမတို့တွင် သတ်မှတ်ချက်များနှင့်အညီ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန် အဆင့်ဆင့်တို့ကို စနစ်တကျ ကြိုးစားဆောင်ရွက်ရေး အသေးစိတ် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (ရှမ်းအရှေ့တာဝန်ခံ)သည် မြို့နယ် အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် တာချီလိတ်ခရိုင်နှင့် မိုင်းဖြတ်မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို အသေးစိတ် မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**ပြည်သူများလိုလားသည့်**
**ဒီမိုကရေစီနိုင်ငံတော်ကို**
**ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်

ပုသိမ် ဇန်နဝါရီ ၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁) တွင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့များ တက်ရောက်ခဲ့ကြပြီး ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။



ဦးစွာ အစည်းအဝေးသို့တက်ရောက်လာသူများနှင့် ခရိုင်/မြို့နယ် အုပ်ချုပ်ရေးမှူးများက မဲရုံများဖွင့်လှစ်နိုင်ရေးဆောင်ရွက်ထားရှိမှု၊ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)များ အချိန်မီရောက်ရှိရေးနှင့် လိုအပ်သည့်ပြင်ဆင်မှုများ ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ မဲရုံမီးဘေးလုံခြုံရေးများ ဆောင်ရွက်ထားရှိမှု၊ မဲရုံအတွင်းအပြင် လုံခြုံရေးဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က“ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၂)ကို ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပမည်ဖြစ်ရာ အပိုင်း(၁)၏ အားနည်းချက်များကို သုံးသပ်၍ လိုအပ်ချက်များ ပြင်ဆင်ရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအပိုင်း(၂)ကျင်းပရာတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲရုံပရဝဏ်အတွင်း အချိန်မီရောက်ရှိရေးကိုလည်း ဆောင်ရွက်ပေးရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ လုံခြုံရေးအားနည်းသောဒေသများတွင် ခြိမ်းခြောက်မှုများ၊ နှောင့်ယှက်မှုများ မဖြစ်ပေါ်စေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း” မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)တွင် ဆက်လက်ပြုလုပ်သည့် စွမ်းဆောင်မှုဆိုင်ရာ ထူးချွန်မှု ဂုဏ်ထူးဆောင်ဆုတံဆိပ်များ ချီးမြှင့်အပ်နှင်းနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ အတွင်းရေးမှူးက စွမ်းဆောင်မှုဆိုင်ရာ ထူးချွန်မှု ဂုဏ်ထူးဆောင်ဆုတံဆိပ်များ ချီးမြှင့်နိုင်ရေး လျာထားသူများစာရင်းကို ရှင်းလင်းတင်ပြပြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ဆုတံဆိပ်များချီးမြှင့်နိုင်ရေးအတွက် ထောက်ခံဆွေးနွေးကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးတင်ဆွေဝင်း မဲရုံမှူးများမွမ်းမံသင်တန်း တက်ရောက်ဆွေးနွေး

ကျောင်းကုန်း ဇန်နဝါရီ ၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဧရာဝတီတိုင်းဒေသကြီးတာဝန်ခံ ဦးတင်ဆွေဝင်းသည် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် ပညာရေးမှူးရုံးရှိ မြတ်ပညာခန်းမ၌ ယနေ့နံနက်ပိုင်းတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မဲရုံမှူးများနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် မြန်မာအီလက်ထရောနစ်မဲပေးစက်ကိုင်တွယ်အသုံးပြုပုံကို မဲရုံမှူးများအား ရှင်းလင်းဆွေးနွေး ပြောကြားကာ အီလက်ထရောနစ်မဲပေးစက်များ ထားသိုရာနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

# ရေးမြို့နယ်၌ ရပ်ကွက်အလိုက် မဲရုံဆောင်ရွက်မည့်နေရာများအား တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

ရေး ဇန်နဝါရီ ၂

မွန်ပြည်နယ် ရေးမြို့နယ်၌ ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ပြည်သူများ အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ရပ်ကွက်အလိုက် အခြေခံပညာကျောင်းများတွင် ဖွင့်လှစ်ဆောင်ရွက်မည့် မဲရုံများ၏ အခြေအနေကိုယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးခြင်းကို နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ခိုင်ဇော်၊ ရေးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထိန်စိုး နှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ မြို့နယ် အုပ်ချုပ်ရေးမှူးဦးကျော်မျိုးနိုင်နှင့် မြို့နယ်စီမံအဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အတွင်းရေးမှူး ဦးအောင်ကိုလတ်တို့က ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်၏ သတ်မှတ်ညွှန်ကြားချက်များအတိုင်း မဲရုံဆောင်ရွက်မည့်နေရာများ အဆင်ပြေစွာ ဆောင်ရွက်နိုင်မှုရှိ/မရှိ စစ်ဆေးခြင်း၊ မဲရုံလုံခြုံရေးကိစ္စရပ်များ၊ မီးဘေးအန္တရာယ်လုံခြုံရေး ကိစ္စရပ်များနှင့် အုပ်ချုပ်/ ထောက်ပံ့မှု ကိစ္စရပ်များကို ဆောင်ရွက်ထားရှိရန်နှင့် လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

မင်းမင်း

# မုဒုံမြို့၌ ရွေးကောက်ပွဲတွင် အသုံးပြုမည့် MEVM မဲပေးစက်တပ်ဆင်



မုဒုံ ဇန်နဝါရီ ၂

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် အသုံးပြုမည့် MEVM မဲပေးစက်တပ်ဆင်ခြင်းနှင့် ကိုင်တွယ်အသုံးပြုခြင်းကို ယနေ့ နံနက် ၉ နာရီက ရွှေဟသာခန်းမ၌ ပြုလုပ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံးမှ တာဝန်ရှိသူ များက ရွေးကောက်ပွဲ၌ MEVM မဲပေးစက် ကိုင်တွယ်အသုံးပြုမည့် ဝန်ထမ်းများအား MEVM မဲပေးစက်များ Installation ပြုလုပ်ခြင်း၊ စက်များကို ကိုင်တွယ်အသုံးပြုနည်းများ၊ မဲပေးစက်များ ကြိုတင်ပြင်ဆင်ခြင်းနှင့် ဆန္ဒမဲပေးမည့်နေ့တွင် မဲပေးစက်များ အသုံးပြုဆောင်ရွက်ပုံ အဆင့်ဆင့်ကို လက်တွေ့တပ်ဆင်ရှင်းလင်းပြောကြားသည်။

အဆိုပါ မဲပေးစက်တပ်ဆင်ခြင်းကို ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှု၍ ခရိုင်/မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများက ကြီးကြပ်ကာ မြန်မာအီလက်ထရောနစ် မဲပေးစနစ်ဆိုင်ရာ ကြီးကြပ်မှုအဖွဲ့ဝင်များ၊ မဲပေးစက်ဆိုင်ရာ နည်းပညာအထောက်အကူပြုအဖွဲ့ဝင်များ၊ မဲပေးစက်ကိုင်တွယ် အသုံးပြုမည့် ဝန်ထမ်းများ၊ ရပ်ကွက်/ ကျေးရွာ စာရေးဝန်ထမ်းများ စုစုပေါင်း ၁၆၈ ဦး တက်ရောက်ကြောင်းနှင့် ရွေးကောက်ပွဲတွင် အသုံးပြုမည့် မဲပေးစက် MEVM များကို တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# တိုက်ကြီးမြို့နယ်၌ ဘောလုံးပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပ



တိုက်ကြီး ဇန်နဝါရီ ၂

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဘောလုံးပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီက ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၌ ကျင်းပရာ ညွှန်ကြားရေးမှူးကျောင်းအုပ်ကြီး ဦးသိန်းစိုးမင်းက အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါ ပြိုင်ပွဲများတွင် ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေး သင်တန်းကျောင်းမှ သင်တန်းသားများ ပါဝင်ယှဉ်ပြိုင်ကြကာ ပြိုင်ပွဲတွင် ဘောလုံးအသင်းခြောက်သင်း၊ ပိုက်ကျော်ခြင်းအသင်း ၁၀ သင်းတို့က ဇန်နဝါရီ ၄ ရက်အထိ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဆုရရှိသည့်အသင်းများအား (၇၈)နှစ်မြောက်လွတ်လပ်ရေးနေ့တွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# သပိတ်ကျင်းမြို့နယ် ဝက်သေကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



နေပြည်တော် ဇန်နဝါရီ ၂

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ဝက်သေကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

**စီစဉ်ဆောင်ရွက်ပေး**

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်သုံးပါးနှင့် ဒေသခံပြည်သူ ၂၆၁ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့်လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို သပိတ်ကျင်းတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှအားကစားနည်း ၁၁ နည်း ဝင်ရောက်ယှဉ်ပြိုင်မည်



မသန်စွမ်းအားကစားသမားများ ဘိုချီရာလေ့ကျင့်နေစဉ်။

ရန်ကုန် ဇန်နဝါရီ ၂

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ ထိုင်းနိုင်ငံတွင် ကျင်းပမည့် (၁၃)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အားကစားနည်း ၁၁ နည်း ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်မှ သိရသည်။

အဆိုပါ (၁၃)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲတွင် အိမ်ရှင်ထိုင်းနိုင်ငံက အားကစားနည်း ၁၉ နည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်မှ ပြေးခုန်ပစ်၊ ဘောလုံး၊ သေနတ်ပစ်၊ ရေကူး၊ အလေးမ၊ ထိုင်လျက်ဘော်လီဘော၊ စစ်တုရင်၊ ဘိုးလင်း၊ ဂိုးလ်ဘော၊ စားပွဲတင်တင်းနစ်နှင့် ဘိုချီရာ စသည့် အားကစားနည်း ၁၁ နည်း ဝင်ရောက် ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

"လေ့ကျင့်မှုကတော့ ကျွန်တော်တို့ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တည်းက အရင်ရှိခဲ့တဲ့ကစားသမားအဟောင်းတွေနဲ့ အသက်ကြီးလို့နားသွားတဲ့ ကစားသမားတွေရှိတဲ့အတွက် မျိုးဆက်သစ်ကစားသမား ရှာဖွေပြီးတော့ လေ့ကျင့်ခဲ့ပါတယ်။ မျိုးဆက်သစ်ကစားသမား ရှာတယ်ဆိုတဲ့နေရာမှာလည်း မသန်စွမ်းတွေရနိုင်တဲ့ နေရာတွေကို လိုက်ပြီးတော့ ရှာရတာဖြစ်ပါတယ်။ အဲဒီထဲမှာ ကျွန်တော်တို့က လက်ရွေးစင်ဖြစ်အောင် တောက်လျှောက်လေ့ကျင့်ရင်းနဲ့ လူဟောင်းတွေနဲ့တွဲပြီးပြန်လေ့ကျင့် ဒီလိုလေ့ကျင့်ဆွဲခေါ်ပြီးတော့မှ လက်ရွေးစင်ကစားသမားအဖြစ် ရှစ်လလောက် ကျွန်တော်တို့ စခန်းသွင်းလေ့ကျင့်ဖြစ်ခဲ့ပါတယ်"ဟု မြန်မာနိုင်ငံမသန်စွမ်း အားကစားအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးမင်းနိုင်ဦးက ပြောသည်။

"ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုကတော့ ဆရာ ဆရာမတွေ လမ်းညွှန်သင်ကြားပြသပေးတဲ့အတိုင်း လိုက်နာဆောင်ရွက်ပါတယ်။ ပြီးခဲ့တဲ့နှစ်ပြိုင်ပွဲမှာတော့ သံလုံးနဲ့သံပြားပစ်မှာ ရွှေတံဆိပ်နှစ်ခုရခဲ့တယ်။ လှံတံကတော့ ကြေးတံဆိပ်ရခဲ့ပါတယ်။ ဒီနှစ်မှာလည်း ရွှေတံဆိပ်တွေရဖို့ မျှော်လင့်ထားပါတယ်။ ကြိုးလည်းကြိုးစားနေပါတယ်"ဟု မြန်မာ့လက်ရွေးစင်မသန်စွမ်း ပြေးခုန်ပစ်အားကစားသမား ထက်ထက်အေးက ပြောသည်။

လက်ရှိတွင် ကစားသမား ၉၇ ဦး စခန်းသွင်းလေ့ကျင့်လျက်ရှိပြီး မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်အနေဖြင့် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပသည့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ရွှေ ၁၅ ခု အပါအဝင် ဆုတံဆိပ် ၅၆ ခုရရှိခဲ့ကြောင်း သိရသည်။

**ဗလ**

# လပွတ္တာမြို့နယ်၌ စံပြမိခင်နှင့် ကလေးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနား ကျင်းပ

လပွတ္တာ ဇန်နဝါရီ ၂

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေနဒီခန်းမ၌ ယနေ့မွန်းလွဲ ၃ နာရီက (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စံပြမိခင်နှင့် ကလေးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် လပွတ္တာခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဖြူဖြူဝင်းက အမှာစကားပြောကြားခြင်း၊ လပွတ္တာခရိုင် ခုတင် (၂၀၀) ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာသီတာအောင်က စံပြမိခင်နှင့်ကလေးပြိုင်ပွဲ အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းပြောကြားခြင်း၊ စံပြမိခင်နှင့်ကလေးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသည့် မွေးကင်းစမှ ခြောက်လအထိ ကလေးပြိုင်ပွဲတွင် ဆုရရှိသူများ၊ အသက်ခြောက်လမှ တစ်နှစ်အထိ ကလေးပြိုင်ပွဲတွင် ဆုရရှိသူများနှင့် အသက်တစ်နှစ်မှ နှစ်နှစ်အထိ ကလေးပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ဟသ်ာတမြို့နယ်တွင် စံပြမိခင်နှင့် ကလေးပြိုင်ပွဲ ကျင်းပ

ဟသ်ာတ ဇန်နဝါရီ ၂

ဧရာဝတီ တိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စံပြမိခင်နှင့်ကလေးပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ပန်းဘဲတန်းရပ်ကွက်ရှိ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး အစည်းဝေးခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာ နေခြည်ထက်ထက်လင်းအောင်က စံပြမိခင်နှင့် ကလေးပြိုင်ပွဲ၏ စည်းမျဉ်း စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲ



များ ယှဉ်ပြိုင်ကြသည်။

ထို့နောက်ဆုပေးပွဲအခမ်းအနားတွင် ဟသ်ာတခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သက်သက်ဦးက မွေးစမှ အသက်ခြောက်လအထိ ကလေးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများချီးမြှင့်သည်။

ထို့နောက် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခိုင်ခိုင်လွင်က အသက်ခြောက်လမှ နှစ်နှစ်အထိ ကလေးပြိုင်ပွဲတွင် ဆုရရှိသူများနှင့် ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ နေခြည်ထက်ထက်လင်းအောင်က စံပြမိခင်ဆုရရှိသူများအား ဆုများ ချီးမြှင့်ကြပြီး ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

အဆိုပါအခမ်းအနားတွင် ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပြိုင်ပွဲဝင်မိခင်နှင့် ကလေးများအား အမှတ်တရလက်ဆောင်ပစ္စည်းများ၊ အားဖြည့်အစားအစာများ၊ ဆေးဝါးများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြစ်သားမြို့နယ်၌ ပြောင်းမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကျင်းပ

မြစ်သား ဇန်နဝါရီ ၂

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၆၄) စက်မှုလယ်ယာစခန်းတွင် ပြောင်းမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၉ နာရီက ရွာသစ်ကျေးရွာအုပ်စု တောင်သူဦးတင်ညွန့်၏ လယ်မြေ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်(၁) ဗိုလ်မှူး အောင်ပြည့်ဖြိုးဦးက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးစိုးမင်းနိုင်နှင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးဌာနမှူး ဦးထွန်းထွန်းလင်းက ပြောင်းမျိုးစေ့ချကိရိယာဖြင့် ဆောင်ရွက်ခြင်းကြောင့် ရရှိမည့်အားသာချက်များကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ဆက်လက်၍ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများက ဒေသခံတောင်သူများအား ပြောင်းမျိုးစေ့ချကိရိယာဖြင့် လက်တွေ့စိုက်ပျိုး ကွင်းသရုပ်ပြသပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း (၁၆-၁၂-၂၀၂၅ ရက်နေ့မှ ၃၁-၁၂-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | နေပြည်တော် | | | | | | | |
| | ၁ | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | ကောင်းမွန် | | | – ကောင်းမွန် | – | ကောင်းမွန် |
| | ၂ | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | | | ကောင်းမွန် | | |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | |
| | ၁ | ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးဗဟိုဌာန၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၃ | ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၄ | တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၃ | မန္တလေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | အမရပူရမြို့နယ်၊ မန္တလေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ညောင်ဦးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၄ | ကျောက်ဆည်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၅ | ပြင်ဦးလွင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၆ | မိတ္ထီလာမြို့ | ကောင်းမွန် | | | | | |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | |
| | ၁ | မုံရွာမြို့ | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| | ၂ | စစ်ကိုင်းမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ထားဝယ်မြို့ | – | – | ကောင်းမွန် | | | – |
| | ၂ | ကော့သောင်းမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၆ | ပဲခူးတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပဲခူးမြို့ | ကောင်းမွန် | | | | | |
| ၇ | မကွေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | မကွေးမြို့ | ကောင်းမွန် | | | | | |
| | ၂ | သရက်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| ၈ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပုသိမ်မြို့ | – | – | ကောင်းမွန် | | | |
| ၉ | ကရင်ပြည်နယ် | | | | | | | |
| | ၁ | ဘားအံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | လက်ခံနိုင်သော | ကောင်းမွန် | | |
| ၁၀ | မွန်ပြည်နယ် | | | | | | | |
| | ၁ | မော်လမြိုင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | လက်ခံနိုင်သော | |
| | ၂ | သထုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | မုဒုံမြို့ | ကောင်းမွန် | | | | | |
| ၁၁ | ရှမ်းပြည်နယ် | | | | | | | |
| | ၁ | တောင်ကြီးမြို့ | – | – | ကောင်းမွန် | – | | – |
| | ၂ | ကျိုင်းတုံမြို့ | လက်ခံနိုင်သော | – | – | – | – | – |
| | ၃ | တာချီလိတ်မြို့ | လက်ခံနိုင်သော | – | – | – | – | – |
| | ၄ | မိုင်းဆတ်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |

### လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာအနီး ဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တူကီယဲနိုင်ငံ၏ တရုတ်နိုင်ငံသားများအား ဗီဇာကင်းလွတ်ခရီးသွားလာခွင့် ယနေ့စတင်အသက်ဝင်

**အန်ကာရာ ဇန်နဝါရီ ၂**

တူကီယဲနိုင်ငံ၏ တရားဝင်ထုတ်ပြန်ထားသည့် တရုတ်နိုင်ငံသားများအား ဗီဇာကင်းလွတ်ခရီးသွားလာခွင့်သည် ယနေ့ စတင်အသက်ဝင်လာခဲ့ပြီ ဖြစ်သည်။

အဆိုပါစည်းမျဉ်းအရ တရုတ်ခရီးသွားများသည် ရက်ပေါင်း ၁၈၀ (ခြောက်လ)အတွင်း ရက်ပေါင်း ၉၀ အထိ နေထိုင်ခွင့်ဗီဇာ ကင်းလွတ်ရရှိမည်ဖြစ်သည်။

နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ခရီးသွားလုပ်ငန်း ပိုမိုခိုင်မာစေရန် ရည်ရွယ်ပြီး သမ္မတ အာဒိုဂန်က လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် တူကီယဲ၏ အလျင်မြန်ဆုံး ခရီးသွားလုပ်ငန်း ဈေးကွက်များအနက် တစ်ခုဖြစ်လာပြီး တရုတ်နိုင်ငံမှ ခရီးသွားဧည့်သည်ဝင်ရောက်မှု သိသိသာသာ မြင့်တက်လာသည်။

တရားဝင်အချက်အလက်များအရ တူကီယဲနိုင်ငံသို့ တရုတ်ခရီးသွားအရေအတွက်သည် ၂၀၂၄ ခုနှစ်တွင် ၆၅ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။

တူကီယဲက တရုတ်နိုင်ငံနှင့် ၎င်း၏ ခရီးသွားလာရေးချိတ်ဆက်မှုကို ဆက်တိုက် တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။ ၂၀၂၅ ခုနှစ် မေလတွင် နှစ်နိုင်ငံ လေကြောင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပြီး တစ်ပတ်လျှင် ခရီးသည်တင် လေယာဉ်ပျံသန်းမှု အကြိမ်ရေ ၂၁ မှ ၄၉ ကြိမ်အထိ တိုးမြှင့်လာခဲ့သည်။

တူကီယဲနိုင်ငံသည် နှစ်သစ်ကူးပွဲတော် အားလပ်ရက်အတွင်း တရုတ်ခရီးသွားများအတွက် ရေပန်းစားသော နေရာတစ်ခုဖြစ်လာကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**





# ၂၀၂၅ ခုနှစ်တွင် နီပေါနိုင်ငံသို့ နိုင်ငံခြားသားခရီးသွားဧည့်သည် ၁ ဒသမ ၁၅ သန်းကျော် လာရောက်ခဲ့

**ခေတ္တမန္တူ ဇန်နဝါရီ ၂**

၂၀၂၅ ခုနှစ်တွင် နီပေါနိုင်ငံသို့ နိုင်ငံခြားသား ခရီးသွားဧည့်သည် ၁ ဒသမ ၁၅ သန်းကျော်လာရောက်ခဲ့ပြီး အဆိုပါအရေအတွက်သည် ၂၀၂၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက တစ်ရာခိုင်နှုန်း တိုးလာကြောင်း နီပေါ ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ (NTB) က ယမန်နေ့တွင် ပြောကြားခဲ့သည်။

နီပေါနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် စုစုပေါင်း ၁၁၅၈၄၅၉ ဦး လာရောက်ခဲ့ပြီး ၂၀၁၉ ခုနှစ် ကိုဗစ် – ၁၉ ကပ်ရောဂါအကြိုအဆင့်နှင့် နှိုင်းယှဉ်ပါက ၉၇ ရာခိုင်နှုန်း ပြန်လည်တိုးတက်ကောင်းမွန်လာကြောင်း သိရသည်။

တစ်နှစ်ပတ်လုံး ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှု ဆက်တိုက်တိုးလာနေသော်လည်း စက်တင်ဘာလ အစောပိုင်းတွင် နိုင်ငံရေးမငြိမ်သက်မှုကြောင့် နိုင်ငံခြားသားခရီးသွားဝင်ရောက်မှု ၁၈ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ သို့သော် ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက နောက်သုံးလ အတွင်း ပြန်လည်ကောင်းမွန်လာခဲ့သည်။

အိန္ဒိယနိုင်ငံသည် နိုင်ငံသား ၂၉၂၄၃၈ ဦးဖြင့် စုစုပေါင်း နိုင်ငံခြားသားခရီးသွားဝင်ရောက်မှု၏ ၂၅ ဒသမ ၂ ရာခိုင်နှုန်းဖြင့် နိုင်ငံခြားလာရောက်လည်ပတ်မှုအများဆုံးနိုင်ငံအဖြစ် ဆက်လက်တည်ရှိနေသည်။

အမေရိကန်နိုင်ငံက လာရောက်လည်ပတ်သူ ၁၁၂၃၁၆ ဦးဖြင့် ဒုတိယအများဆုံးနိုင်ငံဖြစ်ပြီး တရုတ်နိုင်ငံက လာရောက်လည်ပတ်သူ ၉၅၄၈၀ ဦးဖြင့် တတိယနေရာတွင် ရှိသည်။ ထို့ပြင် ဗြိတိန်နိုင်ငံက ခရီးသည် ၅၈၆၈၄ ဦးဖြင့် စတုတ္ထနေရာတွင် ရပ်တည်နေပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံက ခရီးသည် ၅၇၅၄၅ ဦးဖြင့် ပဉ္စမနေရာတွင် ရပ်တည်နေကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အီရန်နိုင်ငံအတွင်း ကုန်ဈေးနှုန်းများ မြင့်တက်မှုကြောင့် ပြည်သူများက ဆန္ဒထုတ်ဖော်

**တီဟီရန် ဇန်နဝါရီ ၂**

အီရန်နိုင်ငံအတွင်း ကုန်ဈေးနှုန်းများမြင့်တက်မှုနှင့် အခြားစီးပွားရေး မပြေလည်မှုများကြောင့် ပြည်သူများက ဆန္ဒထုတ်ဖော်ခဲ့သည်။

ယမန်နေ့က ဆန္ဒထုတ်ဖော်သူများနှင့် ရဲအရာရှိများအကြား ထိပ်တိုက်တွေ့မှုကြောင့် ဆန္ဒထုတ်ဖော်သူ သုံးဦးသေဆုံးခဲ့သည်။

အနောက်နိုင်ငံများ၏ ပိတ်ဆို့အရေးယူမှုများကြောင့် အီရန်၏ ငွေကြေးတန်ဖိုးသည် ကျဆင်းသွားခဲ့သည်။

နိုင်ငံတွင်း ငွေကြေးဖောင်းပွမှုသည် နိုဝင်ဘာလတွင် ၄၀ ရာခိုင်နှုန်းကျော်အထိ ရောက်ရှိလာခဲ့သည်။

စတိုးဆိုင်ပိုင်ရှင်များအပါအဝင် ပြည်သူများက မြို့တော်တီဟီရန်ရှိ လမ်းမများပေါ်တွင် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

ယခုဆန္ဒထုတ်ဖော်မှုသည် ၂၀၂၂ ခုနှစ်နောက်ပိုင်း အီရန်တွင်အကြီးမားဆုံး ဆန္ဒပြမှုများဖြစ်ကြောင်း အေပီသတင်းအေဂျင်စီက ပြောကြားခဲ့သည်။

ဆူပူအုံကြွမှုကို တိုက်ဖျက်ရန် ကြိုးပမ်းမှုအဖြစ် စီးပွားရေးအခြေအနေ တိုးတက်ကောင်းမွန်လာစေရန် အစိုးရက လုပ်ဆောင်ရန်လိုအပ်ကြောင်း ပြည်သူများက မီးမောင်းထိုးပြခြင်းဖြစ်သည်။ သို့သော် ဆန္ဒထုတ်ဖော်မှုများ ပိုမိုဖြစ်ပွားလာမည်ကို စိုးရိမ်မှုများ မြင့်တက်လျက်ရှိသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**



# အိန္ဒိယနှင့် ပါကစ္စတန်တို့က နျူကလီးယားတပ်ဆင်မှုနှင့် စက်ရုံများစာရင်း အပြန်အလှန်ဖလှယ်

**နယူးဒေလီ ဇန်နဝါရီ ၂**

အိန္ဒိယနှင့် ပါကစ္စတန်တို့သည် နှစ်နိုင်ငံ သဘောတူစာချုပ်အရ နှစ်နိုင်ငံသံတမန်လမ်းကြောင်းများမှတစ်ဆင့် နျူကလီးယားတပ်ဆင်မှုနှင့် စက်ရုံများစာရင်းကို ယမန်နေ့တွင် အပြန်အလှန်ဖလှယ်ခဲ့ကြသည်။

အဆိုပါဖလှယ်မှုကို နယူးဒေလီနှင့် အစ္စလာမာဘတ်မြို့တော်တို့၌ တစ်ပြိုင်နက် ပြုလုပ်ခဲ့ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

ပါကစ္စတန်နိုင်ငံခြားရေးရုံးမှ ပြောရေးဆိုခွင့်ရှိသူ တာဟီဟူစိန်အန်ဒရာဘီ က အဆိုပါလဲလှယ်မှုသည် နှစ်နိုင်ငံ သဘောတူညီချက်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း မှတ်ချက်ပြုပြောကြားခဲ့သည်။

၂၀၂၅ ခုနှစ်တွင် အိန္ဒိယနှင့်ပါကစ္စတန် နှစ်နိုင်ငံကြား စစ်ရေးပဋိပက္ခ အနည်းငယ်ဖြစ်ပွားခဲ့သော်လည်း နျူကလီးယားတပ်ဆင်မှုနှင့် စက်ရုံများစာရင်းကို အပြန်အလှန်ဖလှယ်ခဲ့သည်။ နျူကလီးယားစက်ရုံများကို တိုက်ခိုက်ခြင်းမပြုရန် တားမြစ်ထားသည့် စာချုပ်ကို ၁၉၈၈ ခုနှစ် ဒီဇင်ဘာလတွင် နှစ်နိုင်ငံ လက်မှတ်ရေးထိုးခဲ့ပြီး ၁၉၉၁ ခုနှစ် ဇန်နဝါရီ ၂၇ ရက်နေ့တွင် စတင်အသက်ဝင်ခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# လာအိုနိုင်ငံ၌ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍ မြှင့်တင်ဆောင်ရွက်

**ဗီယင်ကျန်း ဇန်နဝါရီ ၂**

လာအိုနိုင်ငံတွင် စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍ စဉ်ဆက်မပြတ်သည့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြှင့်တင်ဆောင်ရွက်နေကြောင်း သိရသည်။

နိုင်ငံသားများ၏ လူမှုစီးပွားဘဝများမြှင့်တင်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်သည်။

ပြီးခဲ့သည့်ဆယ်စုနှစ်ခြောက်ခုတွင် နိုင်ငံအတွင်းရှိ စိုက်ပျိုးရေးနှင့်သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်ခဲ့ကြောင်း စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှု နှစ် (၆၀)ပြည့်အခမ်းအနားတွင် စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီး လန်ခမ်ဒေါင်ဆာဗန်က ပြောကြားသည်။

စိုက်ပျိုးရေးကဏ္ဍသည် ပြီးခဲ့သည့်ငါးနှစ်အတွင်း တစ်နှစ်လျှင် ပျမ်းမျှ ၂ဒသမ ၇၅ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး၏ ၁၉ရာခိုင်နှုန်းအထိ အကူအညီပေးခဲ့ကြောင်း စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာန၏ မှတ်တမ်းအရ သိရသည်။ နိုင်ငံ၏ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍတွင် ရရှိခဲ့သည့် အောင်မြင်မှုများကို ဂုဏ်ပြုကြောင်းနှင့် အဆိုပါကဏ္ဍများသည် နိုင်ငံသားများ၏ လူမှုစီးပွားဘဝများမြှင့်တက်ရေးအတွက် အရေးပါသည့်အခန်းကဏ္ဍမှ ရပ်တည်ခဲ့ကြောင်း ဝန်ကြီးချုပ် ဆိုနီဆေးဆီဖန်ဒုန်းက ပြောသည်။ နိုင်ငံ၏ စားရေရိက္ခာဖူလုံရေးနှင့် ပိုလျှံထုတ်ကုန်များကို ပြည်ပသို့တင်ပို့ရောင်းချရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–စိုးသူရ**

❒ ဇွဲကပင်တောင်မှ

ပြိုင်ပွဲကို အမျိုးသား/အမျိုးသမီး အသက်(၄၀) နှစ်အထက်ပြိုင်ပွဲနှင့် အသက်(၄၀)နှစ်အောက်ပြိုင်ပွဲ ဟူ၍ အမျိုးအစား လေးမျိုးခွဲ၍ ယှဉ်ပြိုင်စေခဲ့ရာ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က ပြိုင်ပွဲများကို သေနတ်ပစ်ဖောက်တာလွှတ်ပေးခဲ့ပြီး ပြိုင်ပွဲဝင်များသည် တာလွှတ်သည့်နေရာမှ နှစ်မိုင်ခန့် အကွာ ပင်လယ်ရေမျက်နှာပြင်အထက် ၂၃၇၂ ပေ အမြင့်ရှိ မတ်စောက်သော ဇွဲကပင်တောင်အား ကျော်ဖြတ်၍ တောပုံကျေးရွာ လုမ္ဗိနီဥယျာဉ်အထက် တန်းကျောင်းရှေ့၌ ပြန်လည်ပန်းဝင်ခဲ့ကြသည်။

**ကြည့်ရှုအားပေး**

ဇွဲကပင်တောင်အတက်/အဆင်းပြိုင်ပွဲ အမျိုးသား အသက်(၄၀)နှစ်အောက်ပြိုင်ပွဲတွင် ၅၂ မိနစ် ၂၇ စက္ကန့်၊ (၄၀)နှစ်အထက်ပြိုင်ပွဲတွင် ၅၇ မိနစ်၊ အမျိုးသမီး (၄၀)နှစ်အောက်ပြိုင်ပွဲတွင် ၁ နာရီ ၁၆ မိနစ်၊ (၄၀)နှစ်အထက်ပြိုင်ပွဲတွင် ၁ နာရီ ၃၃ မိနစ်တို့ဖြင့် ပြန်လည်ပန်းဝင်လာကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများက ကြည့်ရှုအားပေးခဲ့ကြသည်။



ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမျိုးသားအသက်(၄၀)နှစ်အောက်ပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက် ကျင်းပရာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်တို့က အမျိုးသား/အမျိုးသမီး အသက်(၄၀)နှစ်အထက် ပြိုင်ပွဲတွင် နှစ်သိမ့်ဆု ၆ မှ ၃၅ ထိ ရရှိကြသူများနှင့် ပဉ္စမဆုမှ ပထမဆုထိရရှိကြသူများ၊ အမျိုးသား/အမျိုးသမီး အသက်(၄၀)နှစ်အောက်ပြိုင်ပွဲတွင် နှစ်သိမ့်ဆု ၆ မှ ၅၀ ထိရရှိကြသူများကို ဆုများပေးအပ်ချီးမြှင့်ပြီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကက အမျိုးသမီးအသက်အကြီးဆုံးပြိုင်ပွဲဝင် နှစ်ဦးနှင့် အသက်အငယ်ဆုံးပြိုင်ပွဲဝင် နှစ်ဦး၊ အမျိုးသမီး အသက်(၄၀)နှစ်အောက်ပြိုင်ပွဲတွင် ပဉ္စမဆုမှ ပထမဆုရရှိသူများအား လည်ဆွဲဆု၊ ငွေသားဆုနှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ကာ ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမျိုးသား အသက် အကြီးဆုံးပြိုင်ပွဲဝင် နှစ်ဦးနှင့် အသက်အငယ်ဆုံး ပြိုင်ပွဲဝင် နှစ်ဦး၊ အမျိုးသားအသက်(၄၀) နှစ်အောက် ပြိုင်ပွဲ ပဉ္စမဆုမှ ပထမဆုရရှိသူများအား တစ်ဦးချင်း လည်ဆွဲဆု၊ ငွေသားဆုနှင့်ဆုဖလားများကို ပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## MNL-2 (ပထမတန်း) ပြိုင်ပွဲတွင် ရန်ကုန်စီးတီးနှင့် တက္ကသိုလ်အသင်းတို့ အမှတ်ပြည့်ရယူ

**ရန်ကုန် ဇန်နဝါရီ ၂**

၂၀၂၅-၂၀၂၆ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၉) ပထမနေ့ကို ဇန်နဝါရီ ၂ ရက်ကကျင်းပရာ ရန်ကုန်စီးတီး အသင်းနှင့် တက္ကသိုလ်အသင်း အမှတ်ပြည့်ရယူခဲ့သည်။

တက္ကသိုလ်ကွင်း၌ ကျင်းပသည့် ပွဲတွင် ရန်ကုန်စီးတီးအသင်းက ငွေကြယ်ပွင့်အသင်းကို ရှစ်ဂိုးပြတ် အနိုင်ရခဲ့သည်။ ရန်ကုန်စီးတီး အသင်းတွင် အသစ်ခေါ်ယူထားသည့် လက်ရွေးစင် တိုက်စစ်မှူးများဖြစ်သော ဝင်းနိုင်ထွန်း၊ အောင်ကောင်းမာန် အပါအဝင် လူစုံပါဝင်ခဲ့ပြီး ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။

ရန်ကုန်စီးတီးအသင်းသည် ပွဲအစ ခုနစ်မိနစ်အတွင်း သုံးဂိုး သွင်းယူနိုင်သော်လည်း ပထမပိုင်း အပြီးတွင်ခြောက်ဂိုးပြတ်ဦးဆောင် နိုင်သည်အထိ ပြိုင်ဘက်အသင်း ကို အသာရခဲ့သည်။ ရန်ကုန်စီးတီး အသင်းအတွက် အနိုင်ဂိုးများကို နှစ်မိနစ်တွင် ဇင်ဖြိုးအောင်၊ ငါးမိနစ်တွင် အောင်ကောင်းမာန်၊ ၇၊ ၃၁၊ ၃၉ မိနစ်တွင် အသင်း ခေါင်းဆောင် စည်သူအောင်က ဟက်ထရစ်၊ ၄၄ မိနစ်တွင် အောင်ဇေယျ၊ ၅၉ မိနစ်တွင် ဝင်းနိုင်ထွန်း၊ ၈၅ မိနစ်တွင် မင်းဆန်းတို့က သွင်းယူခဲ့သည်။ ယခုပွဲအပြီးတွင် ရန်ကုန်စီးတီး အသင်းက ကိုးပွဲကစား ရမှတ် ၂၀၊ ငွေကြယ်ပွင့်အသင်းက ကိုးပွဲ ကစား သုံးမှတ်ရထားသည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့် ပွဲတွင် တက္ကသိုလ်အသင်းက YB United အသင်းကို သုံးဂိုး- နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ တက္ကသိုလ်အသင်းသည် နိုင်ပွဲ ဆက်သော်လည်း နှစ်ဂိုးပြတ် အနိုင်မှ ချေပဂိုးများပြန်ပေးရ သဖြင့် နောက်မှလိုက်ကစားခဲ့ရပြီး နောက်ကျဂိုးဖြင့် အမှတ်ပြည့်ရယူ နိုင်ခဲ့ခြင်းဖြစ်သည်။ တက္ကသိုလ် အသင်းအတွက် ဂိုးများကို ၁၃ မိနစ် တွင် ရှိုင်းထက်အောင်၊ ၅၂ မိနစ် တွင် အောင်ဝင်းခန့်၊ ၈၂ မိနစ်တွင် သန်းထက်မိုးတို့က သွင်းယူပြီး YB United အသင်းအတွက်



ရန်ကုန်စီးတီးအသင်းနှင့် ငွေကြယ်ပွင့်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

ချေပဂိုးများကို ၆၂ မိနစ်တွင် ချစ်သဲပိုင်၊ ၆၉ မိနစ်တွင် အောင်မြင့်မြတ်တို့က သွင်းယူခဲ့ သည်။ ယခုပွဲအပြီးတွင် တက္ကသိုလ် အသင်းက ကိုးပွဲကစား ၁၇ မှတ်၊ YB United အသင်းက ကိုးပွဲကစား အမှတ်မရသေးပေ။

ပွဲစဉ်(၉) ဒုတိယနေ့ကို ဇန်နဝါရီ ၃ ရက်တွင် တက္ကသိုလ်ကွင်း၌ ဆက်လက် ကျင်းပမည်ဖြစ်ပြီး ကချင်ယူနိုက်တက်အသင်းနှင့် Glory Goal အသင်းတို့ ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး**

**ဓာတ်ပုံ - MNL**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# အပစာယန

ကျွန်တော်တို့သည် ကုသိုလ်ပြုသည့်အခါ 'ကုသိုလ်ကမ္မပထ' မြောက်သည့် ကုသိုလ်များကို အခြေခံအားဖြင့် သိနိုင်ရန် လေ့လာနေကြရာ၌ "ပုညကြိယဝတ္ထုဆယ်ပါး" ကို ရောက်နေပြီဖြစ်သည်။

တစ်ဖန် ထိုဆယ်ပါးအနက်မှလည်း ဒါနဟူသော၊ သီလဟူသော၊ ဘာဝနာဟူသော ပုညကြိယဝတ္ထု သုံးမျိုးကိုလည်း အခြေခံရအောင် လေ့လာထားပြီး ဖြစ်ပေသည်။

ယခု ဆက်လက်လေ့လာရမှာက "အပစာယန' ဟူသော ပုညကြိယဝတ္ထုအကြောင်းပင်ဖြစ်ပေသည်။

"အပစာယန"ဟူသည် ရိုသေလေးမြတ်မှုပင် ဖြစ်သည်။ ဤ အပစာယန-ရိုသေလေးမြတ်မှု ကုသိုလ်သည် ငွေအရင်းမစိုက်ရဘဲ ကျွန်တော်တို့က 'အရိုအသေ အလေးအမြတ်'လေး ပြုလိုက်ရုံနှင့် ကာမကုသိုလ်ကို အလိုလိုရရှိသော ကုသိုလ်ဖြစ်သည်။

ဤရိုသေလေးမြတ်မှု အပစာယနကုသိုလ်ကို ပြုရာ၌ တစ်ခုတော့ရှိသည်။ ကျွန်တော်တို့က ကိုယ်အရိုအသေအလေးအမြတ်ပြုရာ ပုဂ္ဂိုလ်ဆီမှ ပစ္စည်းလာဘ်လာဘစသော မည်သည့်အရာဝတ္ထု မျိုးကိုမှ မမျှော်လင့်ဘဲ တကယ့်ကိုရိုသေထိုက်လို့၊ အလေးအမြတ်ပြုထိုက်လို့ ပြုလိုက်တာမျိုးတော့ ဖြစ်ဖို့ လိုသည်။ သို့မှသာ ကမ္မပထမြောက် ကုသိုလ်စစ်ကြီး ကို မုချကိန်းသေရနိုင်မည်ဖြစ်သည်။ သည်တွင် ကျွန်တော်တို့ကိုယ်တိုင်က အရိုအသေပြုရမည့်၊ အလေးအမြတ်ပြုရမည့် ပုဂ္ဂိုလ်များကိုလည်း သိထား ဖို့လိုသေးသည်။




ထိုပုဂ္ဂိုလ်များက ဘိုးဘွားမိဘ၊ ဆရာသမား၊ တရားစောင့်သော ရဟန်းသံဃာ၊ မိမိထက် အသက်၊ သိက္ခာ၊ ဂုဏ်အားဖြင့် ကြီးမြတ်သူများ ဖြစ်လေသည်။

အခုဖော်ပြပြီး ပုဂ္ဂိုလ်များနှင့် တွေ့သည့်အခါ ခရီးဦးကြိုဆိုမှု၊ လက်အုပ်ချီမှု၊ ရှိခိုးဝပ်ချမှု စသည် တို့ကို ပြုလုပ်ရပေမည်။ ထိုသို့ပြုလုပ်ခြင်းသည် ရိုသေလေးမြတ်မှုပင်ဖြစ်သည်။

ဖော်ပြပြီး ရိုသေလေးမြတ်ထိုက်သူ ပုဂ္ဂိုလ်များ နှင့် တွေ့သည့်အခါ မိမိက ရိုသေလေးမြတ်မှုအမျိုးမျိုး ကို အလျဉ်းသင့်သလို ပြုလုပ်ရမည်။ နေရာဖယ်ပေး သင့်က ဖယ်ပေးရမည်။ ရှိခိုးသင့်က ရှိခိုးရမည်။ လက်အုပ်ကလေး ချီရုံချီသင့်က ချီဖြစ်အောင် ချီလိုက် ရပေမည်။

လက်အုပ်လေး တချီချီနှင့်နှုတ်ဆက်မှုသည် အလွန်အားပါသော ဂါရဝမှုပင်ဖြစ်သည်။ ဘာသာ ယဉ်ကျေးမှု၊ အမျိုးသားယဉ်ကျေးမှု အစဉ်အလာ ကောင်းလေးကို ထိန်းသိမ်းသွားခြင်းမျိုးလည်း ဖြစ်လေသည်။

သို့ဖြင့် အဖိုးအခမစိုက်ဘဲ ရိုသေကိုင်းရှိုင်းမှုကို သန့်သန့်လေးပြုရုံနှင့် ကာမကုသိုလ် ဇောစေတနာ ကို ရထိုက်သော နေ့စဉ်ရနိုင်သော "အပစာယန" ပုညကြိယဝတ္ထုကိုလည်း ကမ္မပထမြောက်အောင် အစဉ်ပြုလုပ်ဖို့လိုကြောင်းကိုလည်း မျက်ခြည်မပြတ် သတိရှိသွားရပေမည်။ ။

# ဝေယျာဝစ္စ၊ ပတ္တိဒါန

ယခုဆက်ပြီး ကျွန်တော်တို့ လေ့လာရဦးမှာက "ဝေယျာဝစ္စ" ဟူသော ပုညကြိယဝတ္ထုအကြောင်း ပင်ဖြစ်သည်။ ဝေယျာဝစ္စဟူသော ဝေါဟာရသည် လူတိုင်းနှင့် ရင်းနှီးနေသော ဝေါဟာရဖြစ်သည်။

အရပ်တိုင်းမှာလိုလို ဗုဒ္ဓဝေယျာဝစ္စအသင်း၊ သံဃာ့ဝေယျာဝစ္စအသင်း၊ အမျိုးသားဝေယျာဝစ္စ အဖွဲ့၊ အမျိုးသမီးဝေယျာဝစ္စအဖွဲ့ စသည်ဖြင့် သာရေး နာရေးကိစ္စဟူသမျှတွင် ဝေယျာဝစ္စဟူသော ဝေါဟာရ ကို သုံးစွဲနေကြသည်ကို တွေ့နိုင်ပေသည်။

ဤဝေယျာဝစ္စဟူသည် အနာဂတ်ဘဝ ပဋိသန္ဓေ ကို ကမ္မပထမြောက်အောင် ပေးစွမ်းနိုင်သည့် အစွမ်း သတ္တိရှိသော ပုညကြိယဝတ္ထုတစ်ပါးဖြစ်သည်။ ဝေယျာဝစ္စ၏ အရကောက်တရားကိုယ်မှာ 'စေတနာ'ပင်ဖြစ်သည်။

ကျမ်းဂန်များက ဝေယျာဝစ္စပုဒ်၏အဓိပ္ပာယ်ကို **"ဗျာဝဋဿ ဘာဝေါ ဝေယျာဝစ္စံ"** ဟုဝိဂြိုဟ်ဝိဂ္ဂဟပြု၍ ဗျာဝဋဿ - ကြောင့်ကြစိုက်သူ၏။ ဘာဝေါ- ဖြစ်ကြောင်းသည်။ ဝေယျာဝစ္စံ- ဝေယျာဝစ္စမည်၏ ဟု အဓိပ္ပာယ်ဖော်သည်။ ဤဝိဂြိုဟ်အရ ဝေယျာဝစ္စ ဟူသည် အလုပ်ကိစ္စရှိသည့်အခါ နမော်နမဲ့ ဖာသာလဝါမနေဘဲ ကြောင့်ကြောင့်ကြကြနှင့် လုပ်ကိုင်သောပုဂ္ဂိုလ်၏သန္တာန်၌ ဖြစ်ပေါ်သော စေတနာကို ဝေယျာဝစ္စဟု ခေါ်ရလေသည်။

အလုပ်ကိစ္စဟူရာမှာလည်း ရတနာသုံးပါး၊ မိဘ ဆရာသမား၊ မိမိထက် အသက်၊ သိက္ခာ၊ ဂုဏ်အားဖြင့် ကြီးသောသူ၊ မကျန်းမာသောဂိလာနပုဂ္ဂိုလ်၊ သီတင်း သုံးဖော်၊ မိတ်ဆွေသူငယ်ချင်းများ စသူတို့၏ အပြစ် ကင်းသော ကိစ္စလုပ်ငန်းများကို ကူညီဆောင်ရွက်ပေး သော စေတနာပင်ဖြစ်သည်။

ကိစ္စလုပ်ငန်းဟူရာ၌လည်း အပြစ်အနာအဆာ ကင်းသော ကိစ္စလုပ်ငန်းမျိုးကိုဆိုလိုသည်။ တစ်ခါ အပြစ်အနာအဆာကင်းဟူရာ၌လည်း အကုသိုလ် အလုပ်ကိစ္စမျိုးမဟုတ်ဘဲ ကုသိုလ်ဖြစ်ရာဖြစ်ကြောင်း၊ အကျိုးရှိရာရှိကြောင်း အလုပ်ကိစ္စမျိုးကို ဆိုလိုသည်။

ထိုဖော်ပြပြီး အလုပ်ကိစ္စမျိုးရှိသည့်အခါ ကြောင့်ကြစိုက်ပြီး မိမိကူညီပေးသည့် ပုဂ္ဂိုလ်ထံမှ မည်သည့်အကူအညီမျိုးကိုမှ မမျှော်ကိုးဘဲ ရိုးရိုး သားသား ဖြူဖြူစင်စင် ကူညီဆောင်ရွက်ပေးသည့် စေတနာပင်ဖြစ်သည်။

ထိုဆောင်ရွက်ပေးသည့် ဝေယျာဝစ္စစေတနာ သည် မဟာကုသိုလ် ရှစ်မျိုးနှင့်ယှဉ်သော ကုသိုလ် စေတနာပင်ဖြစ်ရကား ဝေယျာဝစ္စဆောင်ရွက်သူ၏ အခြားမဲ့ ဒုတိယဘဝ၌ ပဋိသန္ဓေနေမှုကိစ္စဝယ် ကမ္မပထမြောက်အောင် အကျိုးပေးလေသည်။

ဥပမာ - ပါယာသိ ရာဇညသုတ်တွင် ဥတ္တရလုလင် သည် ပါယာသိမြို့စား၏ အလှူကိစ္စ၌ ရိုးရိုးသားသား ဖြူဖြူစင်စင်နှင့် ဝေယျာဝစ္စအမှုကို ဆောင်ရွက်ပေး၍ သေလွန်သည့်အခါ တာဝတိံသာနတ်ပြည်၌ နတ်သား သွားဖြစ်ရလေသည်။ ပါယာသိမြို့စားမှာမူ အလှူရှင် ဖြစ်သော်လည်း အလှူဒါနအပေါ် လေးစားမှုမရှိ၍ သေလွန်သည့်အခါ စတုမဟာရာဇ်နတ်ဘုံမှာ နတ်သားသွားဖြစ်ရလေသည်။

ဤ၌ ဥတ္တရလုလင်သည် သူတစ်ပါး၏ အပြစ် ကင်းစင်သော အလှူကိစ္စ၌ ဝေယျာဝစ္စအမှုကို ရိုရို သေသေနှင့် မည်သည့်ရာထူးဌာနန္တရ၊ စည်းစိမ်ဥစ္စာ မျိုးကိုမှ မမျှော်လင့်ဘဲ ကုသိုလ်ကမ္မပထမြောက် အောင် ဆောင်ရွက်ပေးနိုင်မှုကြောင့် ဖြစ်ရလေသည်။

ထို့ကြောင့် ကျွန်တော်တို့သည် ဝေယျာဝစ္စ၏ ဆိုလိုရင်းကို နားလည်မှတ်သားပြီး ဝေယျာဝစ္စ ပြုတိုင်း ကုသိုလ်ကမ္မပထမြောက်အောင် ဆောင်ရွက် သင့်ကြောင်း နှလုံးသွင်းထားရပေမည်။

**အလုပ်ကိစ္စမျိုးရှိသည့်အခါ ကြောင့်ကြစိုက်ပြီး မိမိကူညီပေးသည့် ပုဂ္ဂိုလ်ထံမှ မည်သည့်အကူအညီမျိုးကိုမှ မမျှော်ကိုးဘဲ ရိုးရိုးသားသား ဖြူဖြူစင်စင် ကူညီဆောင်ရွက်ပေးသည့် စေတနာပင်ဖြစ်သည်။ ဝေယျာဝစ္စစေတနာသည် မဟာကုသိုလ် ရှစ်မျိုးနှင့်ယှဉ်သော ကုသိုလ် စေတနာပင်ဖြစ်ရကား ဝေယျာဝစ္စဆောင်ရွက်သူ၏ အခြားမဲ့ ဒုတိယ ဘဝ၌ ပဋိသန္ဓေနေမှုကိစ္စဝယ် ကမ္မပထမြောက်အောင် အကျိုးပေး လေသည်**

## ပတ္တိဒါန

ကျွန်တော်တို့သည် ယခုအပတ် ဆက်လက် လေ့လာရဦးမှာက "ပတ္တိဒါန" ဟူသော ပုညကြိယ ဝတ္ထုဖြစ်သည်။ ထိုပုညကြိယဝတ္ထု၏ ဆိုလိုရင်း အဓိပ္ပာယ်ကို အခြေခံအကျဉ်းမျှ ကျွန်တော်တို့ အသိ ဉာဏ်စိတ်ကူးအာရုံထဲမှာ ထည့်ထားနိုင်ပါမှလည်း သံသရာခရီးသွားခိုက် လုပ်သင့်လုပ်ထိုက်သည့်၊ ဆည်းပူးသင့်ဆည်းပူးထိုက်သည့် ပါရမီကုသိုလ် တရားများကို လက်မလွှတ်တမ်းဆည်းပူးရယူထား နိုင်မည် ဖြစ်ပေသည်။

ပတ္တိဒါနသည် ပတ္တိနှင့် ဒါနဟူသော စကားလုံး နှစ်လုံးကို တွဲထားသော ပါဠိအခေါ်အဝေါ်တစ်ခု ဖြစ်သည်။ ထိုတွင် ပတ္တိ၏အဓိပ္ပာယ်မှာ ဤသို့ဖြစ် သည်။

**ပတ္တဗ္ဗာတိ ပတ္တိ**- ဟူသော ဝိဂြိုဟ်ဝိဂ္ဂဟအရ "ပတ္တဗ္ဗာ- ရောက်အပ်၊ ရအပ်၏။ ဣတိ- ထို့ကြောင့်။ ပတ္တိ- ပတ္တိမည်၏။ အဓိပ္ပာယ်မှာ ကျွန်တော်တို့က အလှူခံပုဂ္ဂိုလ်တစ်ဦးဦးအား တစ်စုံတစ်ခုသော လှူဖွယ်ဝတ္ထုကို လှူဒါန်းလိုက်၏။ ထိုလှူဒါန်းမှု ကြောင့် ကျွန်တော်တို့မှာ "ကုသိုလ်စေတနာ" ရရှိ လိုက်၏။ ထိုရလိုက်သော ကုသိုလ်စေတနာကို 'ပတ္တိ' ဟု ဤနေရာ၌ ခေါ်လိုက်ခြင်းဖြစ်သည်။

တစ်ခါ ထို "ပတ္တိ" ကို "ဒါန" နှင့်တွဲပြီး **"ပတ္တိယာ ဒါနံ ပတ္တိ ဒါနံ**-ပတ္တိယာ-ရောက်အပ် ရအပ်လာသော ကုသိုလ်ကို။ ဒါနံ- အမျှပေးလိုက်ခြင်းသည်။ ပတ္တိ ဒါနံ-ပတ္တိဒါနမည်၏။ ထို့ကြောင့် ပတ္တိဒါနဟူသည်မှာ ရအပ်ထားသော ကုသိုလ်အဖို့ကို အများသတ္တဝါတို့ အား ကိုယ်နှင့်အတူ ထပ်တူထပ်မျှရရှိလေအောင် မျှ၍ ပေးဝေလိုက်ခြင်းပင်ဖြစ်သည်။ ထိုကိုရည်၍ ယခုအခါ 'အမျှပေးဝေသည်' ဟု ခေါ်ဆိုနေကြခြင်း ဖြစ်သည်။

သို့ဖြင့် 'ပတ္တိဒါန' ၌ ကုသိုလ်နှစ်မျိုးပါဝင်သည်။ ထိုနှစ်မျိုးကား ပထမ ပတ္တိအရ ကုသိုလ်တစ်မျိုးမျိုးကို အရင်လုပ်၍ ကုသိုလ်သတ္တိရလိုက်သည်။ ပြီးမှ ထိုကုသိုလ်အဖို့ကို ဒုတိယအဆင့် ဒါနအရ အညီအမျှ ရရှိအောင် ပေးဝေလိုက်ခြင်းဖြစ်သည်။ ဤသို့ဖြင့် "ပတ္တိဒါန-ဟူသည် ကိုယ့်မှာရထားသည့် ကုသိုလ်ကို ဝေနေယျများစွာသတ္တဝါတို့အား အမျှပေးဝေခြင်း၊ ထိုသို့အမျှပေးဝေလိုက်သဖြင့် ရရှိလိုက်သော ထပ်ဆင့် မဟာကုသိုလ်စေတနာဟု မှတ်ထားရပေမည်။

ဤ၌လည်း ကျမ်းဂန်များက ဒါနကုသိုလ်လုပ်ပြီး အမျှပေးဝေမှ ပတ္တိဒါနကုသိုလ်ရသည်ဟု ဆိုသည် လည်းရှိသည်။ အချို့ ကျမ်းဂန်များကလည်း ဒါန ကုသိုလ်မျှမက အခြား သီလကုသိုလ်၊ ဘာဝနာ ကုသိုလ်များကို အမျှပေးဝေပါကလည်း 'ပတ္တိဒါန' ကုသိုလ်ဖြစ်သည်ဟုလည်း ဆိုထားပေသည်။

မည်သို့ပင်ဆိုစေ ကုသိုလ်တစ်ခုခုလုပ်ပြီး အမျှ ပေးဝေခြင်းကို 'ပတ္တိဒါန' ခေါ်သည်ဟု မှတ်ထား ရပေမည်။

ဤသို့ ကိုယ့်ကုသိုလ်ကို အမျှပေးဝေရာ၌ ကိုယ့်မှာရှိသည့် ကုသိုလ်သတ္တိများ အရှိန်အဟုန် မလျော့နည်းသွားသည့်အပြင် ထပ်ပြီးတိုးပွား၍ ကုသိုလ်သတ္တိအရှိန်အဝါများ အားကောင်းလာပြီကို လည်း ဖယောင်းတိုင်မီးထွန်းပုံနှင့် ဥပမာပေးထား သေးသည်။

ဥပမာပေးပုံမှာ ဖယောင်းတိုင်တစ်တိုင်ကို ပထမမီးထွန်းလိုက်၏။ ထိုပထမဖယောင်းတိုင်မှ မီးကိုကူးယူ၍ နောက်ထပ်တစ်တိုင်ကို မီးထွန်းသည့် အခါ မူလဖယောင်းတိုင်က မီးတောက်မီးလျှံ၏ အရှိန် အဝါအလင်းရောင်များ မလျော့ရုံတင်မက နောက်ထပ် တစ်တိုင် ကူးယူထွန်းလိုက်သဖြင့် ဖယောင်းတိုင်မီး၏ အရှိန်အဝါများ ပိုမိုလင်းတောက်လာသည်နှင့်တူ၏ ဟု အမိန့်ရှိထားလေသည်။

သို့ဖြင့် ကျွန်တော်တို့သည် ကုသိုလ်တစ်ခုခု လုပ်ပြီးတိုင်း ပတ္တိဒါနကုသိုလ်ရရှိလေအောင် အမျှ ပေးဝေရမည်ဟူသောသတိကို အစဉ်နှလုံးသွင်းထား သင့်ပေသည်။ ။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်း၊ အမှတ်(၂၁၈)တွင် ဆောက်လုပ်ထားသော Basement (၂) + (၂၄) ထပ်တိုက် The Century Condo အခန်းအမှတ်-(D - 1307)၊ (၁၃-လွှာ)၊ Type -A ဟုခေါ်တွင်သော အကျယ်အဝန်း(၁၈၃၉ စတုရန်းပေ)ရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်လက်ဝယ်ရှိပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံသူ Htun Myat Aung Co.,Ltd ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေမှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါကွန်ဒိုတိုက်ခန်း အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်အကြောင်းရှိခဲ့ပါလျှင် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဝင်းထွန်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၇၀၃)**
**ရုံးခန်း (၅)၊ ပထမထပ် Strand Condominium၊ အမှတ် (၃၃/၄၉)၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉- ၄၅၀၀၃၉၂၁၀၊ ၀၉-၅၀၃၄၆၅၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈)၊ (၁၉) ရပ်ကွက်၊ စံပယ်လမ်း၊ မြေကွက်အမှတ် (၇၁၇)ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀ x ၆၀) ပေရှိ ဦးပုမိနာသန်(ခ)လှထွန်းအမည်ပေါက် ပါမစ် မြေကွက်ကြီးအနက်မှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း (၂၀ x ၆၀)ပေ (လမ်းမှရပ်၍ မြေကွက်ဘက်သို့ မျက်နှာမူလျှင် ညာဘက်အခြမ်း)ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးပုမိနာသန် (ခ) လှထွန်း [၁၂/လမန(နိုင်)၁၂၅၇၁၂]မှ ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဝေလင်း [၈/ပဖန(နိုင်)၀၉၆၆၃၃]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်တို့၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝေလင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဝေဝေအောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၅၀)**
**ဒေါ်သိမ့်သန္တာအောင် (LL.B) အထက်တန်းရှေ့နေ (စဉ်-၄၈၂၂၉)**
**ဒေါ်ယမင်းဖြူဖြူသိန်း (LL.B (Q)) အထက်တန်းရှေ့နေ (စဉ်-၅၇၀၅၃)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၇၇၂၉၁၇၇၅၊ ၀၉-၄၅၂၄၁၆၃၀၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄)၊ (၄)ရပ်ကွက်၊ ကေရာဇ်လမ်း၊ မြေကွက်အမှတ် (၉၇၆) ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀ x ၆၀) ပေရှိ ဦးလှမောင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း (၂၀ x ၆၀)ပေ (လမ်းမှရပ်၍ မြေကွက်ဘက်သို့မျက်နှာမူလျှင် ညာဘက်အခြမ်း)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အဦနှင့် ရေမီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ယဉ်ယဉ်မွန် [၁၂/ဒဂမ(နိုင်)၀၃၀၀၀၅]မှ ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်နှင်းသီတာအေး [၇/အတန(နိုင်) ၀၈၃၂၂၀] မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်တို့၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နှင်းသီတာအေး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဝေဝေအောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၈၂၅၀)**
**ဒေါ်သိမ့်သန္တာအောင် (LL.B) အထက်တန်းရှေ့နေ (စဉ်- ၄၈၂၂၉)**
**ဒေါ်ယမင်းဖြူဖြူသိန်း [LL.B (Q)] အထက်တန်းရှေ့နေ (စဉ်- ၅၇၀၅၃)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၇၇၇၂၉၁၇၇၅၊ ၀၉-၄၅၂၄၁၆၃၀၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ လူနေရပ်ကွက်အမှတ်(၈)၊ မင်္ဂလာပန်းခြံလမ်း၊ မြေကွက်အမှတ်(၈၉/က) ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးအေးရာမန် အမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း (၂၀ x ၆၀)ပေရှိ ပါမစ်မြေကွက်နှင့် ရေမီးစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဒေါ်နော်ပုလဲဖော် [၁၄/ကပန(နိုင်)၁၇၅၃၁၈]၊ ဒေါ်စီစီဦး [၁၄/ကပန(နိုင်)၁၇၆၄၈၈]၊ ဦးစောတောက်ထွန်း [၁၄/ကပန(နိုင်)၁၃၆၁၇၄]နှင့် ဒေါ်နော်စေးပွဲ [၁၄/ကပန(နိုင်)၁၅၆၈၃၆]တို့မှ ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဇင်မင်းထက် [၁၂/ထတပ(နိုင်)၁၀၈၃၇၁]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်တို့၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇင်မင်းထက်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဝေဝေအောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၈၂၅၀)**
**ဒေါ်သိမ့်သန္တာအောင် (LL.B) အထက်တန်းရှေ့နေ (စဉ်- ၄၈၂၂၉)**
**ဒေါ်ယမင်းဖြူဖြူသိန်း [LL.B (Q)] အထက်တန်းရှေ့နေ (စဉ်- ၅၇၀၅၃)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၇၇၇၂၉၁၇၇၅၊ ၀၉-၄၅၂၄၁၆၃၀၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာအနောက်ပိုင်းမြို့နယ်၊ ရွှေကမ်းသာယာအိမ်ရာ၊ အနော်ရထာလမ်း၊ မြေတိုင်းအမှတ်-သကတ(၁၅)၊ တိုက်အမျိုးစား (၂)ထပ်လူနေဆိုင်ခန်း၊ တိုက်အမှတ်(၄၈)၊ အခန်းအမှတ်(၆)၊ မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာန စုပေါင်းပိုင်အဆောက်အအုံ ပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ် မူလပိုင်ရှင်အမည် ဒေါ်စိုးမြင့်မြင့် [၇/ပခန(နိုင်)၀၀၅၅၆၇] အမည်ပေါက်ဖြစ်ပြီး မြေဧရိယာ (၂၀x ၆၅)ပေ အကျယ်အဝန်းရှိ မြေနှင့် ၂-ထပ်လူနေဆိုင်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်စိုးမြင့်မြင့်ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းအောင်ဆိုသူမှ တရားဝင်ဝယ်ယူပိုင်ဆိုင်နိုင်ရန် မြေနှင့်၂-ထပ်လူနေဆိုင်ခန်း တန်ဖိုး၏တချို့ကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယင်းမြေနှင့် (၂)ထပ်လူနေဆိုင်ခန်းတို့အား ပိုင်ဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာမှတ်စာတမ်း အထောက်အထား (မူရင်း)အပြည့်အစုံနှင့်အတူ ဤကြေညာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးသန်းအောင်၏ လွှဲအပ်ချက်အရ-**
**ဦးဝင်းမင်းဗိုလ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၈၅၉)**
**အမှတ်-(၁၅၈/ခ)၊ ပေ-၂၀ လမ်း၊ အတွင်းပဒံကျေးရွာ၊**
**လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၈၁၁၁၇၁၃၊ ၀၉-၆၈၉၆၈၈၈၈**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၉)၊ မြေကွက်အမှတ်-(၂၄၄)၊ မြေအကျယ်အဝန်း (၄၀x ၆၀)ပေ ပါမစ်မြေ အမည်ပေါက် ဦးသိန်းအောင် [၁၂/ဗဟန(နိုင်)၀၀၄၆၆၃] "မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

အထက်လိပ်စာပါမြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များအရ ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုလာသူ ဒေါ်တင်ဇာကျော် [၁၂/ဒဂရ(နိုင်)၀၀၄၆၆၀]က ကျွန်ုပ်၏မိတ်ဆွေအား ပြန်လည်ရောင်းချလိုကြောင်း ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေခဲ့ပါသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့် တစ်စုံတစ်ရာရှိပါကြောင်း၊ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ ယူဆောင်၍ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသန္တာဦး (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၄၆)**
**ဖုန်း-၀၉-၄၂၈၁၄၄၅၇၅၊ ၀၉-၇၉၅၆၄၁၆၀၀၊ ၀၉-၄၄၈၀၂၃၈၈၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့၊ အေးရိပ်ငြိမ်ရပ်ကွက်၊ တော်ဝင်လမ်းရှိ အကွက်အမှတ်(၄၄/အေးရိပ်ငြိမ်)၊ မြေကွက်အမှတ် (၇၂/၅၂၇) မြို့တွင်းမြေအမျိုးအစား မြေကွက်ပေါ်တွင် ဆောက်လုပ်ထားရှိသည့် အမှတ်(၄၇၀)ဟုခေါ်တွင်သော (၄)ထပ် RC အမျိုးအစား နေအိမ်(၁)လုံးနှင့် မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ယခုလက်ရှိ တရားဝင်လက်ဝယ်ပိုင်ဆိုင်လျက် လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဦးမင်းနိုင် [၆/ကသန(နိုင်)၀၇၄၇၉၄] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသော အထောက်အထား၊ စာရွက်စာတမ်း (မူရင်း)များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအောင်ဇာနည်စိုး LL.B., DCMS, DIR — တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၁၃၀)**
**ဦးသိန်းနိုင်စိုး LL.B., DIR — အထက်တန်းရှေ့နေ(စဉ်-၅၃၆၉၇)**
**အမှတ်(၁၀၄)၊ (A-2)၊ အသောကလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၈၉၁၂၂၁၂၂၁၊ ၀၉-၂၅၄၉၂၈၅၉၈**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေကုမ္ပဏီဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ သုဓမ္မာလမ်းမကြီး၊ အမှတ်(၅၃၁)၌ တည်ထောင်ဖွင့်လှစ်လုပ်ကိုင်လျက်ရှိသည့်ROYAL AMT CONSTRUCTION COMPANY LIMITED တွင် ဒေါ်အေးငြိမ့်ငြိမ့်သူ [၉/မကန(နိုင်)၁၂၅၇၀၆]မှာ (၆-၁၁-၂၀၂၄) ရက်နေ့မှစတင်ကာ Account & Finance ဌာန၌ Finance Manager ရာထူးဖြင့် အလုပ်စတင်ဝင်ရောက်လုပ်ကိုင်ခဲ့ကြောင်း သိရှိရပါသည်။

သို့သော် ဒေါ်အေးငြိမ့်ငြိမ့်သူသည် ROYAL AMT CONSTRUCTION COMPANY LIMITED တွင် Finance Manager ရာထူးဖြင့် အလုပ်စတင်ဝင်ရောက်သည့်နေ့မှ (၃၀-၁၂-၂၀၂၅) ရက်နေ့အထိ တာဝန်ထမ်းဆောင်ခဲ့သော်လည်း (၃၁-၁၂-၂၀၂၅)ရက်နေ့တွင် ဒေါ်အေးငြိမ့်ငြိမ့်သူမှာ ကျွန်ုပ်မိတ်ဆွေကုမ္ပဏီသို့ အလုပ်လာရောက်လုပ်ကိုင်ခြင်းမရှိသဖြင့် ၎င်းထံသို့ ဖုန်းဖြင့်သော်လည်းကောင်း၊ မက်ဆေ့ပေးပို့၍သော်လည်းကောင်း ကျွန်ုပ်မိတ်ဆွေကုမ္ပဏီ၏ တာဝန်ရှိသူများက အကြောင်းကြားဆက်သွယ်ခဲ့ရာ ၎င်းမှ အကြောင်းတစ်စုံတစ်ရာ ပြန်ကြားခြင်းမရှိသောကြောင့် ကုမ္ပဏီနှင့်သက်ဆိုင်သည့် ငွေအဝင်/အထွက် စာရင်းများအား စစ်ဆေးကြည့်ရာ ဒေါ်အေးငြိမ့်ငြိမ့်သူအနေဖြင့် ကုမ္ပဏီပိုင်ငွေများကို အလွဲသုံးစားပြုမှုများ ဆောင်ရွက်ခဲ့ကြောင်း ကျွန်ုပ်မိတ်ဆွေကုမ္ပဏီ၏ ပြောကြားချက်အရ သိရှိရပါသည်။

ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေကုမ္ပဏီဖြစ်သော ROYAL AMT CONSTRUCTION COMPANY LIMITED ထံတွင် လုပ်ငန်းအပ်နှံထားသူများအနေဖြင့် မိမိတို့အပ်နှံထားသည့်လုပ်ငန်းအတွက် ငွေများပေးသွင်းရာတွင် ကုမ္ပဏီသို့ လူကိုယ်တိုင်လာရောက်ဆက်သွယ်၍ ငွေများပေးသွင်းကြပါရန်နှင့် ကုမ္ပဏီပိုင်ငွေများကို ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုသူ ဒေါ်အေးငြိမ့်ငြိမ့်သူအပေါ် ကျွန်ုပ်မိတ်ဆွေကုမ္ပဏီက သက်ဆိုင်ရာတရားဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ရန် စီစဉ်ထားပြီးဖြစ်ပါ၍ ဒေါ်အေးငြိမ့်ငြိမ့်သူထံ ဆက်သွယ်၍ ငွေများပေးသွင်းခြင်း မပြုကြပါရန်နှင့် ပြုလုပ်ပါက မိမိတို့၏တာဝန်သာဖြစ်ပြီး ကျွန်ုပ်မိတ်ဆွေကုမ္ပဏီနှင့် လုံးဝသက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအေးချစ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၅၈)**
**အမှတ် (၅၈)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၄၂၀၀၉၉၄၇၄၊ ၀၉-၇၉၉၉၂၉၆၉၅**

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ၅-ရပ်ကွက်၊ ၃၇-လမ်း၊ အမှတ်-၁၈၇/၁၈၉ ဟုခေါ်တွင်သည့် (၄)ခန်းတွဲ (၃)ထပ်တိုက်အဆောက်အဦမှ အမှတ်(၁၈၇)ဘက်ခြမ်း၊ (တိုက်ကိုမျက်နှာမူ ကြည့်လျှင် လက်ဝဲဘက်ခြမ်းအစွန်ဆုံး) (၁၂½ ပေ x ၄၀ပေ) အကျယ်အဝန်းရှိ (ထပ်ခိုးပါမြေညီထပ်) တိုက်ခန်း(၁)ခန်းနှင့် လျှပ်စစ်မီတာ/ရေမော်တာ အပါအဝင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ကြောင်း၊ အမွေဆိုင်အပေါင်အနှံ အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် လွှဲပြောင်းရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြုသူများဖြစ်သော ဒေါ်ခင်မြမြ [၁၂/ပဘတ(နိုင်) ၀၁၉၃၄၂]၊ ဦးတင်ဝင်း [၁၂/မဂတ (နိုင်) ၀၅၄၆၅၆]၊ ဦးကြည်ဝင်း [၁၂/ပဘတ (နိုင်) ၀၀၇၀၁၅]၊ ဦးသောင်းဝင်း [၁၂/ပဘတ (နိုင်) ၀၁၉၃၄၃]၊ ဒေါ်ခင်မာလာ [၁၂/ပဘတ (နိုင်) ၀၁၃၄၉၃]၊ ဒေါ်ခင်မာလွင် [၁၂/ပဘတ (နိုင်) ၀၀၀၅၁၉]၊ ဒေါ်စန္ဒာဝင်း [၉/ပရမ(နိုင်)၀၄၂၅၂၄]၊ ဒေါ်ခင်ခင်သန်း [၁၂/ပဘတ (နိုင်) ၀၁၉၃၄၅]၊ ဒေါ်ချိုပြုံး [၁၂/ပဘတ (နိုင်) ၀၀၇၁၀၆]၊ ဒေါ်ခင်သီတာဦး [၁၂/ပဘတ (နိုင်) ၀၂၈၄၇၁] နှင့် ဦးညီညီဖြိုးကျော် [၁၂/ပဘတ (နိုင်) ၀၃၁၅၄၃]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား (မူရင်း)များနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်လှဲ့လှဲ့ဝင်း (LL.B, D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၃၂)**
**အမှတ်-၁၆၇ (မြေညီထပ်)၊ ၃၈-လမ်း (အလယ်)၊ ၆ ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၅၁၄၃၂၃၂၊ ၀၉-၇၉၉၅၉၅၅၀၅**

**ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ အမှတ် (၆)ရပ်ကွက်၊ ၃၈လမ်း(အလယ်)၊ အမှတ်(၁၆၈)၊ တတိယထပ် (ယာဘက်ခန်း)၊ ခေါင်းရင်းဘက်ခြမ်း၊ အကျယ်အဝန်း(၁၂½ ပေx ၄၅ပေ)ရှိ တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍-**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

အထက်အမည်ပါ တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ဦးဇော်ဇော်အောင်[၁၂/ဥကမ(နိုင်)၀၃၉၅၈၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းညွန့် (LL.B) — တရားလွှတ်တော်ရှေ့နေ(စဉ်- ၅၂၇)**
**ဦးနိုင်ထွဋ်လင်း (LL.B) — အထက်တန်းရှေ့နေ(စဉ်- ၃၅၄၅)**
**အမှတ်-(၃၆၅)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၅၀၆၁၅၇၊ ၀၉-၇၈၅၅၀၆၁၅၇**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေမေမြင့်(ဘ)ဦးလှရိုန် [၁၂/လမန(နိုင်)၀၄၅၉၅၃] ကိုင်ဆောင်သူ၏ သမီးဖြစ်သူ ဒေါ်ခင်မေကြည်(ဘ)ဦးကြည်ဦး [၁၂/လမန(နိုင်)၀၄၅၉၆၈]သည် မိခင်၏ဆိုဆုံးမမှုများကို နာခံခြင်းမရှိသည့်အပြင် မိခင်အား စိတ်ဆင်းရဲမှုဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့သည့်အတွက် သတင်းစာတွင်ပါသည့်ရက်မှစ၍ ဒေါ်ခင်မေကြည်အား သမီးအဖြစ်မှစွန့်လွှတ်ပြီး အမွေပြတ်ကြေညာလိုက်ပါသည်။ ဒေါ်ခင်မေကြည်နှင့် ပတ်သက်ပြုလုပ်သမျှသော လူမှုရေးနှင့် ငွေကြေးဆိုင်ရာကိစ္စအရပ်ရပ်တို့သည်လည်း ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေမေမြင့်(မိခင်)နှင့် တစ်စုံတစ်ရာမျှ ပတ်သက်ဆက်နွှယ်မှုမရှိပါကြောင်းနှင့် (လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ဒေါ်ခင်မေကြည်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မေမေမြင့် [၁၂/လမန(နိုင်)၀၄၅၉၅၃]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်မိုး (ကော့မှူး) (စဉ်-၈၂၃၇) ဒေါ်သိမ့်သိမ့်ထွန်း (စဉ်-၁၂၆၇၆) ဒေါ်ထက်ထက်အေးငြိမ်း (စဉ်-၁၈၉၄၂)**
**တရားလွှတ်တော်ရှေ့နေများ**
**ရုံး-အမှတ်(၇၅)၊ မြေညီထပ်၊ အင်းစိန်လမ်းမကြီး၊ (၉)ရပ်ကွက်၊ သုခမှတ်တိုင်အနီး၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၄၅၅၅၁၆၂၊ ၀၉-၇၇၇၄၁၄၀၁၃၊ ၀၉-၄၅၉၀၀၀၇၁၁**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်အမှတ်(န-၉)၊ ဦးပိုင်အမှတ်(၂၂ )၊ ၄၂x၄၃ ကြား၊ ၆၂x ၆၃ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်ဖြူ(ခ)အောင်နိုင် [၉/မရမ(နိုင်)၁၁၀၆၂၄]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေ မြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် (မ-၅၅)၊ ဦးပိုင်အမှတ် (၁၄-က)၊ လမ်း ၆၁၊ ၄၀x၄၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ယုလျှံရှန်း [၁၃/ကလတ(နိုင်)၀၁၀၉၇၀] ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၅၁၉/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ရန်ကွေးကြူ [၁၃/လကန(နိုင်)၀၀၀၁၂၆]ကဦးပိုင်ခွဲမိန့်၊ ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင် လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံ မြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၃)၊ ဦးပိုင်အမှတ် (၁၃၃-ခ)၊ ၁၇ လမ်း၊ ၆၀x ၆၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ရွှေမီ [၁၃/ရစန(နိုင်)၀၂၈၃၆၂]က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်( ၅၄၀/ခ)၊ (ပေ ၂၀ x ပေ ၆၀)အကျယ်အဝန်းရှိ ဦးခင်မြင့်(ခ)ဦးယာရှင်(CJ-၀၁၈၇၅၀)အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ မင်းရဲကျော်စွာ(၅)လမ်း၊ အမှတ်(၅၄၀/ခ)ဟုခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်တို့နှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဖော်ပြပါ မြေကွက်နှင့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်တို့ကို ဆက်စပ်အရပ်စာချုပ်များအရ တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်သဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဘော်ဘီစိုး(ရ်) [၂/လကန(ဧည့်)၀၀၀၁၂၅]ထံမှ အပြီးအပိုင်လက်ရောက်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့် ယင်းအပေါ် တရားဝင်အကျိုးသက်ဆိုင်သူဖြစ်ပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော စာချုပ်စာတမ်း၊ စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်နိုင်ဝင်း LL.B, D.I.L — တရားလွှတ်တော်ရှေ့နေ(စဉ်- ၈၂၁၉)**
**ဒေါ်တင်တင်နိုင် LL.B, D.B.L, D.M.L, D.I.L — တရားလွှတ်တော်ရှေ့နေ ( စဉ် - ၈၀၀၈)**
**အမှတ် (၁၃/ခ)၊ ၈-လမ်း၊ (၃/ခ)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၄၈၀၂၅၉၉၃၊ ၀၉-၉၇၈၉၄၀၀၆၆**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးဇော်မြင့်ဖေ**

ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ နယကရုံး

အသက်(၈၃)နှစ်

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲမှ ညွှန်ကြားရေးမှူး၊ ဒေါ်မိုးသီတာ ၏ ချစ်လှစွာသောဖခင်ကြီး ဦးဇော်မြင့်ဖေ သည် ၃၁-၁၂-၂၀၂၅ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန် အနိစ္စရောက်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ဒယ်ဒီဇော် မြင့်မြတ်သော ဘုံဘဝ တွင် စံစားနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဦးစိုးသိန်း - ဒေါ်ခင်ချိုအုန်း

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်လှသိန်း (ဖျာပုံ)

အသက် (၉၂)နှစ်

ဖျာပုံမြို့နေ (ဦးဖိုးကျော်-ဒေါ်မြမေ)တို့၏ သမီး၊ (ဦးလှမောင်) (ရှေ့ဆောင်ရောင်းဝယ်ရေး)၏ဇနီး၊ ရွှေပြည်သာမြို့နယ်၊ ဓမ္မလောကပရိယတ္တိ စာသင်တိုက် ကျောင်းထိုင်ဆရာတော် ဦးဇဝန၏ ရဟန်းမယ်တော်ကြီး၊ စမ်းချောင်းမြို့နယ်၊ မအူပင်လမ်း၊ အိမ်အမှတ်(၄၁/က)၊ (ဒေါက်တာဇော်ဝင်း)- ဒေါက်တာဝေဝေလှ၊ ဒေါက်တာညွန့်ဦးမောင်-ဒေါ်ဆွေဆွေကျော်စိန်၊ ဦးတင်မောင်မောင်-ဒေါ်နှင်းပွင့်ထွန်း၊ ဒေါက်တာအောင်မြတ်ကျော်စိန်- ဒေါ်သန်းသန်းလှ၊ ဦးနေဝင်းမောင်-ဒေါ်သီတာမွန်၊ ဦးထိန်လင်းမောင်၊ ဒေါ်နှင်းနှင်းလှ (အ.ထ.က-၂၊ လသာ)၊ ဦးဇော်လင်းမောင်-ဒေါ်စီစီမြင့်၊ ဒေါ်နီနီလှ၊ ဦးဆန်းငွေးနောင်-ဒေါက်တာကြည်ပြာဇော်ဝင်းတို့၏ မွေးသမိခင်ကျေးဇူးရှင် မိခင်ကြီး၊ မြေး ၁၄ ယောက်၊ မြစ် ခြောက်ယောက်တို့၏ အဘွားသည် ၂-၁- ၂၀၂၆ (သောကြာနေ့) နံနက် ၁၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် နေအိမ်၌ ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၄-၁- ၂၀၂၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ် မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀)၊ လူနေရပ်ကွက်အမှတ် (၁၀) မြေကွက်အမှတ် (၁၅)၊ အကျယ်အဝန်း (၆၀ ပေ × ၁၂၀ ပေ) ဧရိယာ (၇၂၀၀) စတုရန်းပေရှိ **ဦးတင်ငွေ (AB-၀၆၉၉၈၀)** အမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက်ကြီးထဲမှ တရားဝင် မခွဲစိတ်ရသေးသော (၂၀ ပေ × ၁၂၀ ပေ) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထား စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိသူ **ဦးတင်ဝင်း (၉/ဝတန (နိုင်) ၀၃၂၆၇၈)** ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုသူများသည် ပိုင်ဆိုင်မှု စာချုပ်စာတမ်း မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်မှု တစ်စုံတစ်ရာ ပေါ်ပေါက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်လင်းလက်ဝေးမောင် (LL.B, D.B.L)**

**အထက်တန်းရှေ့နေ (စဉ် - ၃၈၉၀၄)**

**အခန်း (A-၁၁/၁၂)၊ ပထမထပ်၊ အမှတ် (၅၀)၊ ဘဏ်လမ်း၊**

**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉ ၄၄၄၂၅၂၂၀၀**

---

## ပြင်ဆင်ဖတ်ရှုပါရန်

(၁-၁-၂၀၂၆)ရက်နေ့ပါ ကြေးမုံသတင်းစာစာမျက်နှာ (၁၉)တွင် ဖော်ပြထားသော ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်းတွင် အရောင်းအဝယ်ပြုသည့်တိုက်ခန်း ဝယ်ယူသူ ဒေါ်သီတာစိုး၏ မှတ်ပုံတင် [၁၄/ပသန(နိုင်)၁၅၇၃၆၂]ဟု မှားယွင်းဖော်ပြမိပါသဖြင့် ဒေါ်သီတာစိုး [၁၄/ပသန(နိုင်) ၁၅၇၉၆၂]ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဝေဝေခိုင် (LL.B, D.B.L, D.I.L, D.I.P.L, D.M.L)**

**တရားလွှတ်တော်ရှေ့နေ ( စဉ်- ၁၁၃၂၉ )**

**ဖုန်း - ၀၉-၅၀၃၈၆၁၈၊ ၀၉-၇၈၉၄၈၇၃၂၆**

---

## "ဒေါ်ရှောင်ဝူ [၁၃/လကန(နိုင်)၀၀၉၃၇၀]အား အကြောင်းကြားတောင်းဆိုခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်- ၄၁၊ ဗိုလ်မင်းရောင်လမ်း၊ မြေကွက်အမှတ်- ၁၄၈၄၊ အကျယ် အဝန်း (၀.၀၅၅)ဧကရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် လူကြီးမင်း ဒေါ်ရှောင်ဝူ အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လူကြီးမင်းကိုယ်တိုင်မှ ကျွန်ုပ်၏ မိတ်ဆွေအား "နှစ်ဦးသဘောတူ မြေကွက်အပြီးအပိုင်အရောင်းအဝယ် ငွေပေးချေခြင်းကတိစာချုပ်"ချုပ်ဆို၍ အရောင်းအဝယ်ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။ ယခုအခါ ကျွန်ုပ်၏မိတ်ဆွေသည် အဆိုပါ မြေကွက်အား တရားဝင်အမည်ပြောင်းဆောင်ရွက်ရန်အတွက် လူကြီးမင်း၏ လုပ်ဆောင်မှုများ ကျန်ရှိနေသေးသည်ကတစ်ကြောင်း၊ ကျွန်ုပ်၏မိတ်ဆွေ တရားဝင်အမည်ပြောင်းလဲရန်အတွက် ကျန်ရှိနေသေးသည်ကတစ်ကြောင်း၊ အဆိုပါလုပ်ဆောင်မှုများဆောင်ရွက်ရန်အတွက် လူကြီးမင်းအားလိုအပ်နေပါသည်။ သို့ဖြစ်ရာ လူကြီးမင်းအနေဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက် အတွင်း အထက်ဖော်ပြပါ ဆောင်ရွက်ချက်များ လာရောက်ပြုလုပ်ပေးရန် အကြောင်းကြားတောင်းဆိုအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ လာရောက်ဆက်သွယ်ရန်ပျက်ကွက်ပါက ဥပဒေနှင့်အညီ မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုရန် တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူကြီးမင်း အား အကြောင်းကြားအသိပေးအပ်ပါသည်။ လူကြီးမင်းအား ဆက်သွယ်ရာတွင် ဆက်သွယ်ရှာဖွေ၍ မရရှိသည့်အတွက် ယခုကဲ့သို့ သတင်းစာတွင်ကြေညာရခြင်း ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မေသွယ်အောင် (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၃၅၃၅)**

**အမှတ်- ၄၈၊ ၄၁-လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း- ၀၉-၄၂၀၀၁၉၈၂၄**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ပြာသာဒ်၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး

**ဒေါ်မြအေး**

အသက် (၈၅)နှစ်

အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ဓနသိဒ္ဓိလမ်း၊ အိမ်အမှတ် (ည/၄၂)နေ ဦးလှထွေး-ဒေါ်မြင့်ဝင်းတို့၏ မွေးမိခင် ကျေးဇူးရှင်၊ မခိုင်ဇာလွင်၊ မောင်ဉာဏ်ပိုင်စိုး၊ မောင်အောင်ပိုင်ဖြိုးတို့၏အဘွား၊ (ဦးဉာဏ်တင်)၏ဇနီး ဒေါ်မြအေး အသက်(၈၅)နှစ်သည် ၂၆-၁၂-၂၀၂၅(သောကြာနေ့)တွင် ကွယ်လွန် သွားကြောင်း သိရှိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အလွန်ပင်ဝမ်းနည်း ကြေကွဲရပါသည်။

**သာသနနုဂ္ဂဟအဖွဲ့ (အနန္တဂုဏ်ရည်ကျောင်းတိုက်)**

**ကျောင်းအကျိုးတော်ဆောင်အဖွဲ့**

**(ဓမ္မပီယ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက်)**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂/မြောက် ၊ မြေကွက် အမှတ်- ၅၀၃၊ ဧရိယာ (၄၀x၆၀)ပေ၊ မြေကွက်တည်နေရာ အမှတ်(၃၇)၊ အနော်မာ (၂၁)အရှေ့လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးသိန်းအောင် [၆/မအရ(နိုင်)၀၇၉၄၀၇] (WKA-၀၀၄၅၅၇)၊ ဦးတင်ဝင်း (AKB-၂၀၈၈၈၅) အမည် ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအနက်မှ (၄၀x၆၀)ပေအား ဒေါ်သက်မူဝင်းမှ တရားလိုပြုလုပ်၍ ဦးတင်ဝင်း၊ ဦးသိန်းအောင်တို့အား တရားပြိုင်ထားကာ သာကေတမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်- ၄၈/၂၀၂၅ ဖြင့် ပဋိညာဉ် အတိုင်း အိမ်နှင့်မြေအရောင်းအဝယ်မှတ်ပုံတင်စာချုပ် ပြုလုပ်ချုပ်ဆိုပေးစေလိုမှု အပေါ် အနိုင်ဒီကရီချမှတ်သည့် (၁၅-၇-၂၀၂၅) ရက်စွဲပါစီရင်ချက်၊ တာဝန်ခံ မိတ္တူမှန်၊ တရားမဇာရီမှုအမှတ်- ၈၁/၂၀၂၅ ဖြင့် ဘီလစ်ခန့်အပ်ကြောင်းအမိန့်ချ မှတ်သည့် (၂၃-၉-၂၀၂၅)ရက်စွဲပါ တရားရုံးနေ့စဉ်တာဝန်ခံမိတ္တူမှန်၊ ထုံးပုံကျ အပြီးသတ်အမိန့်၊ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရာတွင် တရားရှုံးကိုယ်စား တရား အရာရှိအဖြစ် ဘီလစ်ဒေါ်မိုးပပမျိုး [၁၂/ဥကတ(နိုင်)၁၄၈၈၅၇]က လက်မှတ် ရေးထိုးမည်ဖြစ်ကြောင်း ဌာနသို့ အကြောင်းကြားသည့်စာ၊ ဘီလစ်ခန့်စာ၊ ဂရန် မူရင်းတို့တင်ပြ၍ တရားရုံး ဘီလစ် ဒေါ်မိုးပပမျိုးမှ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက် အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## အများသိစေရန်ကြေညာချက်

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၁၉-လမ်း၊ အမှတ်( ၆၃/၆၅ ) အန္တရာယ်ရှိအဆောက်အအုံ၏ မူလနေထိုင်သူဦးလှမြင့်အမည်ဖြင့် မှတ်သား ထားသည့် မြေညီထပ်အခန်းအမှတ်(၂)အား ဦးလှမြင့်ကွယ်လွန်သွားသဖြင့် ဇနီးဖြစ်သူ ဒေါ်လှလှစိန်နှင့်သမီးများဖြစ်ကြသည့် ဒေါ်သန္တာမြင့်၊ ဒေါ်ဥမ္မာမြင့်၊ ဒေါ်ချိုချိုမြင့်တို့အမည်သို့ပြောင်းလဲမှတ်သားပေးပါရန် ဤဌာနသို့ လျှောက်ထား လာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤ ကြေညာချက်ပါရှိသည့် နေ့မှစ၍ ရက်ပေါင်း(၁၄)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---

## သတိပေးကြော်ငြာ

မိဘများဖြစ်ကြသော ဦးစိန်ငွေးနှင့် ဒေါ်ကျင်ဥတို့တွင် သားသမီး (၆) ဦးရှိရာ တွင် ဖခင်ကြီးဦးစိန်ငွေး ကွယ်လွန်သည့်အခါတွင် ဦးကျော်နိုင်ဦး [မှတ်ပုံတင် အမှတ်-၁၂/လမတ(နိုင်)၀၂၂၉၄၂]မှာ သြရသသားဖြစ်၍ အသိပေးကြေညာခြင်းဖြစ် ပါသည်။ မိဘများပိုင်မရွှေ့မပြောင်းနိုင်သောပစ္စည်းများအဖြစ်

(၁) အမှတ် (၇၆/က)၊ မြေညီထပ်၊ (၁၂ပေခွဲx ၅၀ပေ)၊ ရွှေတောင်တန်းလမ်း၊ (၇)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ တိုက်ခန်းတစ်ခန်း

(၂) အမှတ်(၇၆/က)၊ ပထမထပ်၊ (၁၂ပေခွဲ x ၅၀ပေ)၊ ရွှေတောင်တန်းလမ်း၊ (၇)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ တိုက်ခန်းတစ်ခန်းတို့ ကျန်ရစ်ခဲ့ပါသည်။

အထက်ဖော်ပြပါ ပစ္စည်း(၂)မျိုးအား မိခင် ဒေါ်ကျင်ဥနှင့် သြရသသားဖြစ်သူ ဦးကျော်နိုင်ဦး မှတ်ပုံတင်အမှတ်-[၁၂/လမတ(နိုင်)၀၂၂၉၄၂] ၎င်းနှင့် ကျန်မောင်နှမ (၅)ဦးတို့၏ စာနှင့်ရေးသားလက်မှတ်ရေးထိုး သဘောတူညီခြင်းမရှိဘဲ မည်သူမျှ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်းတို့ မပြုလုပ်ရန်။ ပြုလုပ်ပါက ရာဇဝတ် ကြောင်း၊ တရားမကြောင်းတို့ဖြင့် အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

**ဦးကျော်နိုင်ဦး မှတ်ပုံတင်အမှတ် [၁၂/လမတ(နိုင်)၀၂၂၉၄၂]၏**

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးမြအောင် (BA, RL)** | **ဒေါ်ညိုညိုသင်း(LL.B, D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ (စဉ်-၄၁၈၂၀/၂၇-၅-၂၀၁၃)** |
| **(စဉ်- ၂၅၇၅/၂၁-၅-၈၄)** | **အမှတ်(၅၅)၊အခန်း(၁၈)၊မဟာဗန္ဓုလပန်းခြံလမ်း၊** |
| **ဖုန်း- ၀၉-၄၃၁၄၀၃၉၀** | **ကျောက်တံတားမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။** |
| | **ဖုန်း-၀၉-၄၂၀၇၃၁၇၉၉** |

---

## ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်မြို့၊ မြေနီကုန်းရပ်ကွက်၊ အကွက်အမှတ် (၇၄/ဖက်ခင်း မြောက်)၊ ဦးပိုင်အမှတ် (၂၇/င/၃)၊ မြေချိန်ဧရိယာ (၀.၁၁၆)ဧကရှိ မြေသည် မော်လမြိုင်မြို့နယ် မြေစာရင်းဦးစီးဌာန၏ (၁-က)မှတ်ပုံတင်စာရင်းတွင် ဒေါက်တာ ရဲမြတ်ဦးနှင့် ဒေါက်တာနွေးသိမ့်သိမ့်တင်တို့ အမည်ပေါက်ပါသည်။ ဒေါက်တာ ရဲမြတ်ဦးနှင့် ဒေါက်တာနွေးသိမ့်သိမ့်တင်တို့ ပိုင်ဆိုင်သည့် မြေချိန်ဧရိယာ (၀.၁၁၆) ဧကအနက်မှ ဧရိယာ (၀.၀၅၅)ဧကရှိ မြေကို မော်လမြိုင်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ (၂၈-၄-၂၀၂၅)ရက်နေ့စွဲပါ မှတ်ပုံတင်စာချုပ်အမှတ်- ၂၃၇/၂၀၂၅ အရ ဒေါ်ငြိမ်းချမ်းခိုင်မှ အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးနောက် ဦးပိုင်ခွဲစိတ်ခွင့် ရရှိရေး လျှောက်ထားခဲ့ရာ မော်လမြိုင်မြို့နယ်၊ မြေစာရင်းဦးစီးဌာန၏ ဦးပိုင် ခွဲစိတ်မှုအမှတ်- ၃၁/ထတ (၂၀၂၅/၂၀၂၆)အရ ဦးပိုင်အမှတ် (၂၇/န)ဖြင့် ဦးပိုင် ခွဲစိတ်ခွင့်ပြုခဲ့သဖြင့် အဆိုပါ ဦးပိုင်အမှတ်(၂၇/န)၊ မြေဧရိယာ (၀.၀၅၅)ဧကရှိ မြေအား ဒေါ်ငြိမ်းချမ်းခိုင်မှ ၎င်း၏အမည်သို့ အမည်ပြောင်းလဲပေးရန် တင်ပြ လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက် အထားများနှင့်အတူ ကြေညာစာပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၃၀)အတွင်း မော်လမြိုင်မြို့နယ် မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက ဒေါ်ငြိမ်းချမ်းခိုင်မှ ၎င်း၏အမည်သို့ အမည်ပြောင်းလဲ လျှောက်ထားလာခြင်းအပေါ် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန**

**မော်လမြိုင်မြို့။**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ စက်ရေတွင်း ဒါယကာကြီး

**ဦးဇော်မြင့်ဖေ (ခ) ဦးဇော်**

**(မြင်းခြံ၊ နွားထိုးကြီး)**

**ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ န.ယ.ကရုံး**

**လူမှုထူးချွန်(ပထမဆင့်)**

**ပထမအကြိမ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်**

**အသက်(၈၃)နှစ်**

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ မိုးမခ(၃)လမ်း၊ အမှတ်(၃၀၂၉)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ 45 Complex၊ အခန်း(C-605)နေ (ဦးချစ်ဖေ-ဒေါ်စောရင်)တို့၏သား၊ ဒေါက်တာဒေါ်မေခင်၏ခင်ပွန်း၊ ဒေါ်သင်သင်မေ၊ (ဦးဘစော-ဒေါ်ခင်စောဝင်း)တို့၏ မောင်၊ ဒေါက်တာဦးကြီးမြင့်-(ဒေါ်ခင်စောလင်း)၊ ဒေါက်တာဦးတိုးလွင်-ဒေါက်တာဒေါ်မြင့် မြင့်ရည်တို့၏ အစ်ကို၊ ဦးအောင်ဇော်မြင့် (Kajimar Co.,Ltd)-ဒေါ်ကြည်ကြည်စိန်၊ ဦးတင်မောင်သက်-ဒေါ်ခိုင်ရွှေဝါ (ညွှန်ကြား ရေးမှူးချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)၊ ဒေါ်အေးကြည်သာ(ဒုတိယညွှန်ကြားရေးမှူး၊ နတလဦးစီးဌာန)၊ ဒေါ်မိုးသီတာ (ညွှန်ကြားရေးမှူး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန)တို့၏ မွေးသဖခင်ကျေးဇူးရှင်ဖခင်ကြီး၊ မဇင်မေဇော်(BA,MBA)၊ မောင်ဘုန်းဇော်ဖေ(Grade-10၊CAE)တို့၏အဘိုးသည် ၃၁-၁၂-၂၀၂၅ (ဗုဒ္ဓဟူးနေ့) နံနက် ၂:၅၂ နာရီတွင် Grand Hantha International Hospital၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၃၁-၁၂-၂၀၂၅ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန် သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၁-၂၀၂၆ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ဘုရားအမှူးပြုသော ပင့်သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်အစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ် လှူဒါန်းပြီး ရေစက်သွန်းချ အမျှပေးဝေမည်ဖြစ်ပါသဖြင့် ရန်ကုန်မြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက် ပါရန် ဖိတ်ကြားအပ်ပါသည်။] ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော မိတ်ဆွေသင်္ဂဟများအားလုံးကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ပါကြောင်းကြေညာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၇)၊ မြေကွက်အမှတ်(၂၃၇)၏ မြေအကျယ် အဝန်း (၄၀x၆၀)ပေရှိ အရာခံဗိုလ်မောင်စိုး[၁၂/ဒဂန(နိုင်)၀၁၁၉၉၈]အမည်ပေါက် မြေချပါမစ် မြေအမျိုးအစားမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်ကြည်ကြည်ဝင်း [၁၂/မရက(နိုင်)၀၀၃၂၃၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်း အဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
| **(LL.B,D.I.L)** | **(LL.B,D.B.L,D.I.L,WIPO Switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**

**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၇၅၁၂၄၁**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂) ရပ်ကွက်၊ အကွက်အမှတ် (ဆ-၁၀)၊ ဦးပိုင်အမှတ် (၆၀-က)၊ ၁၀၉x၁၁၀ ကြား၊ ၇၀x၇၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးထွန်းထွန်း [၉/မရတ (နိုင်) ၀၀၉၉၂၀]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (ဇဇ-၃)၊ ဦးပိုင်အမှတ် (၆၈ / ခဲစင်းမြောက်ခြမ်း)၊ ၅၇x၅၈ ကြား၊ ၁၀၇x၁၀၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိန်လှ [၁၂/တမန(နိုင်)၀၂၂၄၆၆]က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၃)၊ ဦးပိုင်အမှတ် (၄၁-ခ)၊ ၅၄x၅၅ လမ်းကြား၊ ၁၁၂x ၁၁၃ လမ်းကြားရှိ မြေကွက်အား တောဂရန် အမှုတွဲအမှတ် (၁၅၅၆/၉၁-၉၂)အရ ဒေါ်တင်လှိုင် မှတ်ပုံတင်အမှတ် [၉/မနတ(နိုင်) ၀၂၇၀၇၉] အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြု မှတ်သားပေးပါရန်။ ဒေါ်ငွေးငွေးမြင့် မှတ်ပုံတင်အမှတ် [၉/ခမစ(နိုင်) ၀၁၄၆၄၇]မှ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**

**မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်**

**စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/၄)၊ မြေကွက်အမှတ် (၈၅၈)၊ နဝဒေးဥယျာဉ် အိမ်ရာ၊ အမှတ်(Block-20/No-5)၊ မြေအကျယ်အဝန်း (၆၀ပေx ၆၀ပေ)၊ (၃၆၀၀) စတုရန်းပေ၊ ဧရိယာ(၀.၀၈၃)ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်။**

ဖော်ပြပါ နှစ်(၆၀) ဂရန်မြေကွက်နှင့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ဖြစ်သူ ဒေါ်ကြည်ကြည်ညွန့် [၁၂/ဗတထ(နိုင်)၀၀၂၅၄၀]ထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ လက်ဝယ်ထားရှိသူ ဒေါ်ကျောက်ယွီး (LSO-၂၁၃၃၂၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်အား ကန့်ကွက်လိုပါကခိုင်လုံသောစာရွက် စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးဇော်ဇော်လွင် (LL.B) အထက်တန်းရှေ့နေ (စဉ်- ၅၁၇၀၀)**

**E-5,Sagawar Street/FMI City, Hlaingtharyar. 09-426779993**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်- ၆၆၃(A)၊ ကွင်းအမည်-ရာမနီကွင်း၊ ဦးပိုင်အမှတ်- ၁၀၊ ဦးမျိုးမြင့်နှင့် ဒေါ်သန်းသန်းဝင်း အမည်ပေါက် ဥယျာဉ်ခြံမြေအမျိုးအစား ဧရိယာအကျယ်အဝန်း (၀.၄၈)ဧက၏ တစ်စိတ်တစ်ဒေသဖြစ်သော ပေ(၄၀x၆၀) ကျယ်ဝန်းသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်တိုက်အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား** အပြီးအပိုင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးဟိန်းစိုးအောင်ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးမင်းဟိန်းခန့်က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းနှင့် တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အဆိုပါ မြေကွက်အား အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဖြိုးဝေအောင် (LL.B, DBL, DIPL)**

**တရားလွှတ်တော်ရှေ့နေ (စဉ်- ၂၀၀၄၀)**

**အမှတ်-၁၅၃၀၊ ဗမ္မာ့ဥသျှောင်လမ်း၊ မြိုင်သာယာ(၁)ရပ်ကွက်၊**

**ကျောက်တန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း-၀၉-၉၆၉၁၆၇၁၅၇၊ ၀၉-၆၉၆၃၁၅၉၆၃**

---

**ညအချိန်**
**အိပ်နေချိန်တွင်**
**လျှပ်စစ်မီးများ**
**ပိတ်ထားခြင်းဖြင့်**
**လျှပ်စစ်ကို**
**နေ့စဉ် ချွေတာ**
**သင့်ပါသည်**

❖ **မိမိတို့ပြည်သူများအနေဖြင့် ဘေးအန္တရာယ်အမျိုးမျိုး၊ အခက်အခဲအမျိုးမျိုး ကျရောက်လာသည့်အချိန်တွင် ယခုကဲ့သို့ " We are Strong , We are Together" ဟူသည့် စိတ်သဘောထားခံယူချက်များကို ဆက်လက်မွေးမြူပြီး ကြံ့ကြံ့ခံကျော်လွှားပေးကြရန် တိုက်တွန်းပြောကြားလို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မေလ ၃၀ ရက်နေ့တွင် ပြုလုပ်သော ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းသုံးသပ်ဆွေးနွေးပွဲ(Rebuilding Myanmar : Post Earthquake Economic Recovery)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**

❖ **နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။**

## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား ကျင်းပမှု တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇန်နဝါရီ ၂

၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမရှေ့ ရင်ပြင်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံများကို ယင်းနေ့ နံနက် ၆ နာရီခွဲတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV- HD၊ MRTV-News၊ MRTV-NRC၊ MRTV Farmers'၊ MRTV-Entertainment၊ MRTV Parliament၊ MITV၊ MWD HD Channel၊ MWD Variety HD Channel၊ Readers' Channel၊ Sky Net Up to Date၊ MNTV၊ Channel 9၊ UNI TV နှင့် မဟာရုပ်သံလိုင်းတို့မှ လည်းကောင်း၊ မြန်မာ့အသံရေဒီယိုနှင့် ပတ္တမြား FM၊ ချယ်ရီ FM၊ မန္တလေး FM၊ ပဉ္စဝတီ FM၊ ရွှေ FM၊ FM ပုဂံ၊ Star FM၊ သဇင် FM တို့မှ လည်းကောင်း၊ MOI Website၊ MRTV Website၊ MRTV App အပါအဝင် MRTV Online Platform တို့မှလည်းကောင်း တိုက်ရိုက် Live ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း မိဘပြည်သူများအား လေးစားစွာ ကြိုတင်အသိပေးအပ်ပါသည်။ သတင်းစဉ်

**တူကီယဲနိုင်ငံ၏ တရုတ်နိုင်ငံသားများအား ဗီဇာကင်းလွတ်ခရီးသွားလာခွင့် ယနေ့စတင်အသက်ဝင်**

စာမျက်နှာ » ၂၃




ဖွဲကပင်တောင် အတက်/အဆင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ပါဝင်ယှဉ်ပြိုင်ကြစဉ်။

## ဖွဲကပင်တောင် အတက်/အဆင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၁၈၂၃ ဦး ဝင်ရောက်ယှဉ်ပြိုင်

ဘားအံ ဇန်နဝါရီ ၂

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဖွဲကပင်တောင် အတက်/အဆင်းပြိုင်ပွဲကို ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းက ဘားအံမြို့ ဖွဲကပင်တောင်ခြေအရှေ့ဘက်ခြမ်း သစ်ချကျေးရွာ တံတားဖြူ၌ စတင်တာလွှတ်ယှဉ်ပြိုင်ခဲ့ရာ အမျိုးသား/အမျိုးသမီး ပြိုင်ပွဲဝင် ၁၈၂၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ❒



Galaxy အသင်းနှင့် JZ Yangon အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

## MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂

၂၀၂၅-၂၀၂၆ ရာသီ MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၂)ကို ဇန်နဝါရီ ၂ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပသည်။

စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ❖

## ဆန်းဒါးလန်းကို သရေသာကစားနိုင်ခဲ့တဲ့ မန်စီးတီးအသင်း ဇယားထိပ်က အာဆင်နယ်ကို ဖိအားပေးနိုင်မယ့်အခွင့်အရေးဆုံးရှုံး

ဆန်းဒါးလန်းအသင်းနဲ့ မန်စီးတီးအသင်းတို့ ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ ဂိုးမရှိသရေရလဒ်သာ ထွက်ပေါ်ခဲ့ပါတယ်။

မန်စီးတီးအသင်းဟာ ဆန်းဒါးလန်းအသင်းရဲ့ အိမ်ကွင်းမှာ အနိုင်သုံးမှတ်ရရှိရေး ဟာလန်း၊ ချာကီ၊ ဘာနာဒို ဆေးလ်ဗား၊ ဂွန်ဇာလက်၊ ဖိုဒန် စတဲ့ အသင်းအတွက် အားထားရတဲ့ ကစားသမားအများစုကို ၄-၃-၂-၁ ကစားကွက်ဖြင့် ပွဲထွက်လာခဲ့ပါတယ်။

အိမ်ရှင် ဆန်းဒါးလန်းအသင်းကလည်း မန်စီးတီးအသင်းကို အနိုင်ရရှိပါက ပရီမီယာလိဂ် အမှတ်ပေးဇယားအဆင့်(၄)နေရာ တက်လှမ်းခွင့်ရရှိမှာ ဖြစ်တာကြောင့် မန်စီးတီးအသင်းကို တုံ့ပြန်ကစားနိုင်ရေး ၄-၃-၂-၁ ကစားကွက်ဖြင့် ပွဲထွက်လာခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ❍



ဆန်းဒါးလန်းအသင်းနဲ့ မန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။